# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ စနေနေ့၊ အတွဲ (၅၆)၊ အမှတ်(၃၂၀)


# (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး ဦးစီးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁၈**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး ဦးစီးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနာယက ဒေါက်တာသော်ကောင်း၊ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❋


## ဘာစီလိုနာတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၁၃ ဦးသေပြီး ၁၀၀ ကျော်ဒဏ်ရာရ ကန်ဘရီစ်တွင် နောက်ထပ်အကြမ်းဖက်ရန် စီစဉ်နေသူလေးဦးကို ရဲတပ်ဖွဲ့က ပစ်ခတ်ရှင်းလင်း


စာ ၁၄




## တာချီလိတ်မြို့ပေါ် ရပ်ကွက်တချို့ ရေနစ်မြုပ်နေသဖြင့် ကျောင်းနှင့် ဈေးများ ယာယီပိတ်ထားရ


စာ ၁၁




## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတို့၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)




မြန်မာ့အလင်း

# ရေရှည်မဟာဗျူဟာနှင့် စဉ်ဆက်မပြတ်အကျိုးစီးပွား

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်ရာ၌ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စွမ်းရှိသော လုပ်ငန်းမျိုးကိုသာ ရွေးချယ်ဆောင်ရွက်သင့်ပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စွမ်းဆိုသည်မှာလည်း တိုင်းပြည်၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်မှသာ ဖြစ်ပေါ်နိုင်မည်ဖြစ်ပါသည်။ တိုင်းပြည်၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်နိုင်စွမ်းမရှိသော လုပ်ငန်းတို့သည် ကာလတိုတစ်ရပ်အတွက်မျှသာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ပို၍ စိုးရိမ်စရာကောင်းသည်မှာ ကာလတိုအကျိုးစီးပွားအတွက် ရည်ရွယ်လုပ်ကိုင်သော လုပ်ငန်းတို့သည် မျှော်လင့်မထားသော ဆိုးကျိုးတို့ကိုပါ ဖန်တီးနိုင်စွမ်းရှိခြင်းဖြစ်ပါသည်။

အဆိုပါသဘောကို နိုင်ငံအတွင်းမကြာမီကဖြစ်ပွားခဲ့သော သကြားထပ်ဆင့်တင်ပို့ခြင်း (RE-Export) လုပ်ငန်းက လှစ်ဟပြသနေပါသည်။ တရုတ်နိုင်ငံသို့ ထပ်ဆင့်တင်ပို့နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်တို့က ပါကစ္စတန်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ သကြားတို့ကို ဝယ်ယူတင်သွင်း၍ စီးပွားရေးအကျိုးအမြတ်ရရှိရန် ဆောင်ရွက်ခဲ့ပါသည်။ အချိန်တိုအတွင်း အကျိုးအမြတ်ရရှိသော လုပ်ငန်းဖြစ်ခဲ့ပါသည်။ သို့သော်တရုတ်နိုင်ငံက မြန်မာနိုင်ငံမှတစ်ဆင့် ထပ်ဆင့်တင်ပို့လာသော သကြားတို့ကို တရားမဝင်တင်သွင်းမှုအဖြစ် ဖမ်းဆီးကိုင်တွယ်လာသောကြောင့် တရုတ်နိုင်ငံသို့တင်ပို့မည်ဟူသော ရည်ရွယ်ချက်ဖြင့် တင်သွင်းလာသော သကြားတို့သည် ပြည်တွင်းဈေးကွက်၌ စုပုံကျန်နေပါသည်။ ချက်ချင်းလက်ငင်း အကျိုးဆက်သည် ပြည်တွင်းသကြားဈေးနှုန်းကျဆင်းလာခြင်းဖြစ်ပါသည်။ ဆင့်ပွားအကျိုးဆက်သည် ထုတ်လုပ်မှုစရိတ်ထက်နည်းပါးသော ပြည်တွင်းသကြားဈေးနှုန်းကြောင့် ကြံစိုက်တောင်သူများအပါအဝင် ပြည်တွင်းသကြားစက်ရုံတို့၏ အကျိုးစီးပွားကို ဆုတ်ယုတ်ပျက်စီးစေခြင်း ဖြစ်ပါသည်။

ပြည်တွင်းသကြားထုတ်လုပ်မှုကဏ္ဍ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဆုပ်ကိုင်ရရှိလိုပါက ခေတ်မီသကြားစက်ရုံတို့ကို တည်ဆောက်ရမည်သာမက လက်ရှိသကြားစက်ရုံတို့၏ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ရမည်ဖြစ်ပါသည်။ ဥပမာအနေဖြင့် အိန္ဒိယနိုင်ငံရှိ သကြားစက်ရုံသည် ကြံကြိတ်ဖတ်တို့ကို အသုံးပြု၍ သကြားစက်ရုံတို့ကို လည်ပတ်နိုင်သည်သာမက ပိုလျှံသော လျှပ်စစ်ဓာတ်အားတို့ကို တိုင်းပြည်၏ မဟာဓာတ်အားလိုင်းထဲသို့ ထည့်သွင်းရောင်းချနိုင်ပါသည်။ မြန်မာနိုင်ငံ၌ ကြံကြိတ်ဖတ်အသုံးပြု၍ ထွက်ရှိလာသော လျှပ်စစ်ဓာတ်သည် သကြားစက်ရုံလည်ပတ်ရေးအတွက်မျှသာ လုံလောက်ပါသည်။ ထို့မျှသာမက သကြားစက်ရုံပညာရှင်အသီးသီး၏ ကျွမ်းကျင်မှုကို စဉ်ဆက်မပြတ်မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ သကြားစက်ရုံ၏သဘောသည် ကြံထွက်သော ရာသီချိန်၌သာ လည်ပတ်၍ ကျန်အချိန်များ၌ ရပ်နားထားရပါသည်။ အိန္ဒိယနိုင်ငံတွင် သကြားစက်ရုံရပ်နားချိန်၌ သကြားစက်ရုံပညာရှင်တို့ကို သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းတို့ကို နှစ်စဉ်မပြတ် ပြုလုပ်ပါသည်။ မြန်မာနိုင်ငံ၌ မရှိသေးသော ဤကဲ့သို့သော သင်တန်းကျောင်းတို့ကို မဖြစ်မနေ တည်ထောင်ဖွင့်လှစ်သင့်ပါသည်။ အိမ်နီးချင်းအိန္ဒိယနိုင်ငံက ဤနယ်ပယ်၌ ကူညီနိုင်စွမ်းရှိမည်ဟု ယူဆပါသည်။ ချုပ်၍တင်ပြရပါက ရေရှည်အတွက် ပြင်ဆင်ဆောင်ရွက်သော လုပ်ငန်းတို့သည်သာ အကျိုးစီးပွားတို့ကို စဉ်ဆက်မပြတ် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၁၉-၈-၂၀၁၇ (စနေနေ့)

နံနက်ပိုင်း

၆း၀၀ - **မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်**
၇း၀၀ - Breakfast News
၈း၃၅ - **မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း**
၉း၃၀ - **World of Innovations**
၁၃း၄၅ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်
**ဇာတ်လမ်းကတော့မသန်း** (အပိုင်း-၂)
(ဒါရိုက်တာ-ကြည်စိုးထွန်း၊ မောင်သန်းဝင်း)

ညပိုင်း

၁၆း၃၅ - ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇း၁၅ - **(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မလေးရှားနိုင်ငံ)**
၂၀း၄၅ - ပြည်တွင်းသတင်း၊ နိုင်ငံ တကာသတင်း၊ မိုးလေဝသ အခြေအနေ
- **ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်မြို့)**
- **(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအစီအစဉ်**

# ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် လားရှိုးမြို့ အကျဉ်းထောင် စစ်ဆေး



**လားရှိုး ဩဂုတ် ၁၈**

ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်သည် ခရိုင်တရားသူကြီးဦးတင်မောင်လတ်၊မြို့နယ်တရားသူကြီး ဒေါ်ခင်မာသီတို့နှင့်အတူ ဩဂုတ် ၁၈ ရက်က လားရှိုးမြို့ အကျဉ်းထောင်သို့သွားရောက်၍ အကျဉ်းသူ အကျဉ်းသားများ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥပဒေအရ အခွင့်အရေးရရှိမှု ရှိ/မရှိ၊ ရေကောင်းရေသန့်ရရှိမှု၊ အမျိုးသမီးများ၏ လုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှု၊ ထောင်အတွင်းအယူခံပြင်ဆင်တင်သွင်းခွင့် အခွင့်အရေးအခြေအနေ တို့အား ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက်လားရှိုးခရိုင်တရားရုံးအစည်းအဝေးခန်းမ၌ အမှုများမှန်ကန်မြန်ဆန်ရေး ဆွေးနွေးပွဲကျင်းပရာ ဆွေးနွေးပွဲသို့ တရားစီရင်ရေးနှင့်ဆက်စပ်သောဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေအရာရှိများ၊တရားရေးအရာရှိများ၊ ရှေ့နေရှေ့ရပ်များ တက်ရောက်ကြပြီး ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အမှုများမှန်ကန်မြန်ဆန်ရေးနှင့်တရားစီရင်ရေးကျင့်ဝတ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ထင်သာမြင်သာပြုပြင်စရာ

# ရေးမြို့နယ် ကျောင်းရွာ-လိပ်ပုတ်ကျေးရွာချင်းဆက်လမ်းမှာ ပျက်စီးနေ၍ ပြုပြင်ပေးစေလို

မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာအုပ်စုအတွင်းရှိ ကျောင်းရွာ-လိပ်ပုတ်ကျေးရွာချင်းဆက်မြေနီလမ်းမှာ နွေရာသီကာလမှာ ဆိုင်ကယ်၊ ကားများသွားလာရန်အခက်ခဲမရှိခဲ့သော်လည်း မိုးရာသီမှာ ခက်ခဲစွာ ဖြတ်သန်းသွားလာနေရကြောင်း ဒေသခံတွေထံမှ သိရသည်။



"ဒီလမ်းက နှစ်စဉ်မိုးရာသီရောက်တိုင်း ရေကြီးရေလျှံမှုတွေ အမြဲကြုံတွေ့ရတယ်။ ဆိုင်ကယ်၊ ကားတွေက သွားလာဖို့အတွက် အချိန်တွေကြန့်ကြာလာတာရယ်၊ ကုန်သန်းရောင်းဝယ်ရေးတွေနဲ့အခြားလူမှုရေး၊ ကျန်းမာရေးတွေမှာပါထိခိုက်မှုတွေဖြစ်ပေါ်နေပါတယ်" ဟု ဒေသခံတွေက ပြောသည်။

အဆိုပါ ကျေးရွာချင်းဆက် မြေနီလမ်းကို သက်ဆိုင်ရာအဖွဲ့စည်းများက ၂၀၁၄-၂၀၁၅ ခုနှစ်က ခင်းကျင်းထားခဲ့ရာ ထပ်မံခင်းကျင်းပေးရန်အတွက် တင်ပြပေးထားသော်လည်း ယနေ့အချိန်အထိ ထူးခြားမှုမရှိသေးကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ပြောသည်။

အဆိုပါလမ်းမှာ ငါးကလေးချောင်း၊ လိပ်ပုတ်၊ မင်းလှအေး၊ ရွာကလေး၊ ကလိပ်တုတ်တပင်တိုင်ရွာများက ဒေသထွက်ကုန်တွေဖြစ်သည့် ကွမ်းသီး၊ ရော်ဘာ၊ မင်းကွတ်နှင့်အခြားရာသီပေါ် သီးနှံများကို မြို့ပေါ်သို့ တင်ပို့ရောင်းချနေရသည့် အဓိကလမ်းလည်း ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်-ရေး**

# နိုင်ငံသားစိစစ်ရေးကတ် ငပုတောမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်ပေး

**ငပုတော ဩဂုတ် ၁၈**

ငပုတောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အ.ထ.က (ငပုတော) ကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၁၇ ရက်က အ.ထ.က (နဝရတ်) ခန်းမ၌ ကျင်းပသည်။ ထို့နောက် အ.ထ.ကကျောင်းမှ ကျောင်းသားကျောင်းသူ ၃၅၂ ဦးတို့ကို တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ပုသိမ်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်ခဲ့ပြီး ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၈-၈-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၇ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၀ | ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၈၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၂ |
| တရုတ် | တစ်ယွမ် | ၂၀၃ | ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ | ·၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းမှူးများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❊ ရှေ့ဖုံးမှ

**ဖွဲ့စည်းထား**

ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ( 17th Congress of Southeast Asian Librarians - CONSAL XVII ) နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် CONSAL ၏ တတိယအကြိမ် အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် ( ၂၆ ) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ အမျိုးသားစာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများညီလာခံ ( 26th Conference of Directors of National Libraries in Asia and Oceania – CDNLAO ) တို့ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရန်ခေါ်ယူသည့် ဦးစီးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း၊ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီတွင် ဒုတိယသမ္မတ(၁)က ဥက္ကဋ္ဌ ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ အလားတူ လုပ်ငန်းကော်မတီကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ဖွဲ့စည်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ဝန်ကြီးဌာနများအပါအဝင် အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဆပ်ကော်မတီ ၁၄ ခုနှင့် အတွင်းရေးမှူးရုံးအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

**ညှိနှိုင်းဆွေးနွေး**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့်အတူ အရှေ့တီမောနိုင်ငံကလည်း လေ့လာသူအဖြစ် ပါဝင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ညီလာခံကျင်းပရသည့် ရည်ရွယ်ချက်မှာ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် စာကြည့်တိုက်မှူးများအချင်းချင်း ကွန်ရက်ဆက်သွယ်ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဖြစ် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီမှ ဆောင်ရွက်ရန်အတွက် လုပ်ငန်းတာဝန်(၄)ရပ်ကိုလည်း ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ( 17th CONSAL) ၏ အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ် အမှုဆောင်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့၌ လည်းကောင်း၊ ဒုတိယအကြိမ် အမှုဆောင်အဖွဲ့အစည်းအဝေးကို ၂၀၁၇ ခုနှစ် မေ ၈ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့၌ လည်းကောင်း ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ် မေလတွင် တတိယအကြိမ် အမှုဆောင်အဖွဲ့အစည်းအဝေးကို ညီလာခံနှင့် ပူးတွဲကျင်းပမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် တစ်ဆက်တည်း (၂၆)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ အမျိုးသားစာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများညီလာခံ ( 26th CDNLAO) ကို ကျင်းပမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် မေလတွင် ကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ (17th CONSAL)သည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးလက်ခံကျင်းပသည့် စာကြည့်တိုက် ပညာရပ်ဆိုင်ရာ နိုင်ငံတကာညီလာခံဖြစ်ပါကြောင်း၊ အခြားနိုင်ငံများနည်းတူ နိုင်ငံတော်အဆင့် ညီလာခံကြီးအဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်မည့် စီစဉ်ဆောင်ရွက်မှုများကို အကြံကောင်းဉာဏ်ကောင်းများဖြင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြပါရန်နှင့် ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံကျင်းပနိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်ထားရှိ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီ ၁၄ ခုနှင့် အတွင်းရေးမှူးရုံးအဖွဲ့တို့မှ တာဝန်ရှိသူများက (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# အင်ဒိုနီးရှားနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

အင်ဒိုနီးရှားနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံတော်သီချင်းများဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီးH.E. Dr.Ito Sumardiနှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် အင်ဒိုနီးရှားနိုင်ငံ အနုပညာယဉ်ကျေးမှုအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အင်ဒိုနီးရှားနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

# တစ်ဦးချင်းစီမှ အဖွဲ့အစည်းတစ်ခုလုံး အရည်အသွေးများမြင့်မားလာရန် ဝန်ထမ်းများစွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး

နေပြည်တော် ဩဂုတ် ၁၈

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

သင်တန်းဆင်း အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အမှာစကားပြောကြားရာတွင် ဤသင်တန်းကို ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ စီမံခန့်ခွဲအုပ်ချုပ်မှုအပိုင်းတွင် အဓိကတာဝန်ထမ်းဆောင်နေသော အဆင့်မြင့်နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားတိုးတက်စေပြီး မိမိတာဝန်ယူရသည့် ဝန်ထမ်းအဖွဲ့အစည်းတွင် ဦးဆောင်နိုင်မှုစွမ်းရည် တိုးတက်လာစေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှလည်း နိုင်ငံတော်နှင့် ပြည်သူလူထုအကြား ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်သော ဝန်ထမ်းများဖြစ်စေရန် ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခု၌ "ပြည်သူ့ဝန်ထမ်းအကယ်ဒမီ"တစ်ခုစီ တည်ထောင်ပြီး ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၁)၏ ပထမအကြိမ်ဘွဲ့နှင်းသဘင်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍ ၂၀၁၈ ခုနှစ်တွင် အလယ်အလတ်အဆင့် အရာထမ်းများအတွက် **အဆင့်မြင့်ဒီပလိုမာ**၊ ၂၀၁၉ ခုနှစ်တွင် အဆင့်မြင့်အရာထမ်းများအတွက် **မဟာဘွဲ့များ** အပ်နှင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။



အုပ်ချုပ်မှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် ဇူလိုင် ၁၀ ရက်က ကျင်းပခဲ့သော မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ကြေညာသည့် အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်အဖြစ် နိုင်ငံတော်ယန္တရားကြီးကို ထိန်းသိမ်းထားရသော ပြည်သူ့ဝန်ထမ်းများဖြစ်ရန်၊ အထက်အရာရှိသိရမည့် အကြောင်းများကို သတ္တိရှိရှိတင်ပြရန်၊ ဒီမိုကရေစီစနစ်တွင် "မလုပ်၊ မရှုပ်၊ မပြုတ်"အတွေးအခေါ်အတွက် နေရာမရှိကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ကိုင်နေသော လုပ်ငန်းတာဝန်များအပေါ် ဂုဏ်ယူကြရန်၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဝန်ထမ်းများကို အခြားနည်းလမ်းများနှင့် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်အစိုးရ ပေါ်ထွက်လာခြင်းဖြင့် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရန်၊ နီးစပ်သူများကို ဘက်မလိုက်ရေးသတိပြုရန်၊ မည်သည့်နောက်ခံအသိုင်းအဝိုင်းကပင် ဖြစ်စေ အတော်ဆုံးများ ပြည်သူ့ဝန်ထမ်းလောကအတွင်း ရောက်ရှိလာစေရန်၊ စိန်ခေါ်မှုအရှိဆုံးမှာ အဂတိလိုက်စားမှုဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ပါကြောင်းကို လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ယင်းတို့အား လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူလျက် လိုက်နာကျင့်ကြံဆောင်ရွက်သွားကြရန် လိုပါကြောင်း။

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုအတွက် ထားရှိသည့် အနာဂတ် မျှော်မှန်းချက်ဖြစ်သည့် "ပြည်သူလူထု ပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်းနှင့် ပြည်သူလူထု၏ ယုံကြည်မှုကို ပိုမိုအားကောင်းစေမည့် ကျင့်ဝတ်သိက္ခာနှင့်ညီသော၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုကို အခြေခံသော၊ အားလုံးပါဝင်သော မဆိုင်းမတွ တုံ့ပြန်ဖြည့်ဆည်းပေးသော နိုင်ငံ့ဝန်ထမ်းကဏ္ဍ"ပေါ်ထွန်းလာရေးအားလုံး လက်တွဲကြိုးပမ်းရမည်ဖြစ်ကြောင်း။

ဝန်ထမ်းကောင်းဆိုသည်မှာ နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာများကို လေးစားလိုက်နာစောင့်ထိန်းသူ၊ မိမိတတ်သိကျွမ်းကျင်ရမည့် အရည်အချင်းများကို အမြဲလေ့လာဆည်းပူးဆောင်ရွက်နေသူဖြစ်ရမည့်အပြင် နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားကို စေတနာဖြင့် ဆောင်ရွက်သူများဖြစ်ပါကြောင်း။

ထို့ကြောင့် တစ်ဦးချင်းစီမှ အဖွဲ့အစည်းတစ်ခုလုံး အရည်အသွေးများ မြင့်မားလာရန် တန်ဖိုးအရှိဆုံး အရင်းအမြစ်ဖြစ်သည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် လိုအပ်သည့် ပညာအရည်အချင်း၊ ဗဟုသုတများကို အစဉ်လေ့လာ ဆည်းပူးနေရန်လိုကြောင်း၊ ယခုသင်တန်းမှရရှိသော ဗဟုသုတနှင့် အတွေ့အကြုံများ၊ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများကို အခြေခံ၍ ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး အချင်းချင်းကူညီရိုင်းပင်း ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ယခုကဲ့သို့ အောင်မြင်စွာနှင့် သင်တန်းဆင်းနိုင်ခြင်း၊ ပြည်တွင်း ပြည်ပ ဘာသာရပ်ပို့ချချက်များကို စိတ်ပါဝင်စားစွာ အပြန်အလှန်ပါဝင်ဆွေးနွေးခဲ့ကြခြင်း၊ တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဆွေးနွေးတင်ပြမှုနှင့် ဘာသာရပ်စာတမ်းငယ်များ တင်ပြဆွေးနွေးနိုင်ရန် ကြိုးစားအားထုတ်မှုများကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို ဇွန် ၂၆ ရက်မှ ဩဂုတ် ၁၈ ရက်အထိ နှစ်လကြာ ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် အရာထမ်း ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အီးယူ - မြန်မာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ယခုထက်ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၈**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဥရောပသမဂ္ဂအဖွဲ့ရုံး သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အီးယူ - မြန်မာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ယခုထက် ပိုမိုမြှင့်တင်နိုင်ရေး၊ ဥရောပပါလီမန်နှင့် မြန်မာနိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဆက်လက်ကူညီပံ့ပိုးပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဥရောပသမဂ္ဂအဖွဲ့ရုံး သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား လက်ခံတွေ့ဆုံစဉ်**



# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၈**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာ နှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် သံအမတ်ကြီးနှင့် ဥရောပသမဂ္ဂတို့၏ မြန်မာနိုင်ငံအပေါ် စေတနာထား ကူညီဆောင်ရွက်ပေးမှုများအတွက် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားကာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအခြေအနေများအပေါ် နွေးထွေးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ ဩဂုတ် ၁၈**

ရခိုင်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမသုံးလပတ်နှင့် ဒုတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီက ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေး ခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနား၌ ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံတို့အပြင် ဝန်ထမ်းများ၏ လစာ၊ စရိတ်များကို နိုင်ငံ၏ ရငွေအပေါ်တွင် အခြေခံပြီး အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ ရငွေတွင်လည်း အဓိက အခွန်ရငွေအပေါ်တွင် မူတည်ပြီး ဆောင်ရွက်ရပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် အခွန်နှင့် GDP အချိုးမြင့်လျှင် မြင့်သလို နိုင်ငံတိုးတက်မှုကို နှိုင်းယှဉ်ကြသည်ကို တွေ့ရပါကြောင်း၊ အခွန်ငွေတိုးမြှင့်ရရှိမှသာလျှင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးတက်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးလာပြီး ဝင်ငွေလည်း တိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူးများက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အခွန်အရပ်ရပ်ကောက်ခံရရှိမှု အားနည်းချက်/အားသာချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများအား တင်ပြကြပြီး ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းအောင်ညိုက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အခွန်အရပ်ရပ် ကောက်ခံရရှိမှု အားနည်းချက်/အားသာချက်နှင့် ရှေ့လုပ်ငန်းစဉ်များအား သုံးသပ်တင်ပြဆွေးနွေးခဲ့သည်။ တင်ပြဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ မြို့နယ်အခွန် ဦးစီးဌာနမှူးများနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**တင်ထွန်း(ပြန်/ဆက်)**

*❄ ကျောဖုံးမှ*

Area Name-B၊ Area Name-C ဖြင့် တည်နေရာများ သတ်မှတ်၍ မြေသားစမ်းသပ်ရေး ဝမ်းပြားရေယာဉ်ကို ကျောက်ချထားကာ မြေသားခံနိုင်ဝန် စမ်းသပ်တိုင်းတာခြင်းကို SUNTAC TECHNOLOGIES ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည်ကို ဩဂုတ် ၁၈ ရက်က တွေ့ရသည်။

ရန်ကုန်မြစ်အတွင်း မြေသားစမ်းသပ်မှုများ ဆောင်ရွက်နေစဉ်အတွင်း ၎င်းရေယာဉ်များတွင် နေ့အချိန်၌ လိမ္မော်ရောင်အလံကို သိသာထင်ရှားစွာ လွှင့်ထူထားပြီး ညအချိန်တွင် အနီရောင်အချက်ပြမီးကို ပြသထားသည်။ ရေယာဉ်အနီးမှ ဖြတ်သန်းသွားလာသော ရေယာဉ်များ မီတာ ၃၀ ခန့်အကွာမှ လွတ်ကင်းစွာ ဖြတ်သန်းသွားလာကြရန်နှင့် မီတာ ၅၀ အတွင်း ကျောက်ချရပ်နားခြင်းမပြုရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရေကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

# မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၈**

**ရောဝတီမြစ်ရေ**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် မန္တလေးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် စစ်ကိုင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် သပိတ်ကျင်းမြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်နိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ်ရေ**

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၌ သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပြီး ဖောင်းပြင်မြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေကာ နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်မြို့၌ သုံးပေခွဲခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့၌ ပေဝက်ခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ တစ်ပေခန့်နှင့် နောက်နှစ်ရက်အတွင်း မင်းကင်းမြို့၌ တစ်ပေခွဲခန့် ဆက်လက်မြင့်တက်နိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ်ရေ**

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့် တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်ဈေးဆိုင်များ သုံးလအတွင်း အပြီးဖယ်ရှားမည်

**ရေတာရှည် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးအဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ လမ်းမကြီးများ၊ လမ်းဘေး ဝဲ/ယာ၊ လမ်းဆုံ/လမ်းခွများနှင့် ရေနုတ်မြောင်းပေါ်၌ အခိုင်အမာ တည်ဆောက်ထားသော ကျူးကျော်ဆိုင်ခန်းများအား မြို့သန့်ရှင်းသာယာလှပရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် ဩဂုတ် ၁ ရက်ကစတင်ကာ ဆောင်ရွက်နေပြီဖြစ်ကြောင်း ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိက ပြောကြားသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ အခုဆိုရင် ပဲခူးတိုင်းတစ်တိုင်းလုံး စီမံချက်နဲ့လုပ်နေကြပြီ။ တစ်ဦးကစ ကျူးတယ်၊ နောက်လူကလည်း သူလုပ်ရင် ငါလည်း လုပ်မယ်ဆိုပြီး ကျူးတဲ့ဈေးဆိုင်တွေက အမြို့မြို့တိုင်းမှာ တအားများလာတယ်။ ကျူးတဲ့ဆိုင်တွေများလာတော့ မြို့သာယာလှပရေးအတွက် ထိခိုက်သလို ယာဉ်အန္တရာယ်လည်း စိုးရိမ်ရတာတွေရှိတော့ ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့ အခုလိုဆောင်ရွက်ကြရတာ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ လမ်းဘေးကျူးကျော်ဆိုင်များအား အရေးယူဆောင်ရွက်ရာတွင် ဈေးဆိုင်စာရင်းကောက်ခြင်း၊ အသိပေးအကြောင်းကြားခြင်း၊ သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်မှု ရှိ/မရှိ အချိန်ပေးစောင့်ကြည့်ခြင်းနှင့် ဒဏ်ကြေးပေးဆောင်စေခြင်း၊ လိုက်နာမှုမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း သိရပြီး ရေတာရှည်မြို့နယ်၌ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များ၌ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရောဝတီမြစ်ဝှမ်းဒေသ ရေကြီးရေလျှံမှုကာကွယ်ရေးဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် စိုက်ပျိုးရေးထွက်ကုန်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းထွက်ကုန်များ တရုတ်ဈေးကွက်တင်ပို့နိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ရောဝတီမြစ်ရေစီမံခန့်ခွဲမှုစီမံကိန်း၊ ရောဝတီမြစ်ဝှမ်းဒေသတစ်လျှောက် ရေကြီးရေလျှံမှုထိန်းသိမ်းကာကွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ရောဝတီမြစ်ရေကို ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့်စနစ်တကျသုံးစွဲနိုင်ရေးတို့တွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ရေဘေးဒဏ်ခံတာများနှင့်ရေထိန်းတံခါးများ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ အရည်အသွေးမြှင့်တင်ထိန်းချုပ်ရေး၊ သီးနှံပိုးမွှားရောဂါထိန်းသိမ်းရေး၊ တိရစ္ဆာန်ရောဂါခံတတ်ခွဲရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ အရည်အသွေးမြင့်ထိန်းချုပ်မှုဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ ပုလဲလုံးရေ ၈၆၉၁၄ လုံးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်

**နေပြည်တော် ဩဂုတ် ၁၈**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ Myanmar Pearl Auction (August-2017) ပုလဲရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) မြေညီထပ်၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အားပေးသည်။



နံနက် ၈နာရီ ၄၅မိနစ်တွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ပုလဲရောင်းချပွဲ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ရောက်ရှိလာပြီး ပုလဲအတွဲများ ခင်းကျင်းပြသထားရှိမှုနှင့် ရတနာကုန်သည်များ ပုလဲအတွဲများအား ကြည့်ရှုရွေးချယ်နေမှုအခြေအနေများကိုကြည့်ရှုရာ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းမင်းဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျင်းပပြီးစီးခဲ့သည့် (၃၅)ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲတွင် ပုလဲအတွဲ ၆၁ တွဲကို ၆၇၈ သန်းဖြင့် တန်ဖိုးငွေအများဆုံး ပေး၍ဝယ်ယူခဲ့သည့် ရန်ကုန်မြို့မှ အောင်ဇမ္ဗူအေးပုလဲရတနာရောင်းဝယ်ရေးဆိုင်ရှင် ဒေါ်ခင်မြင့်အေးအား တန်ဖိုးအများဆုံးဝယ်ယူခြင်းဂုဏ်ပြုဆု (Biggest Buyer) ကို ပေးအပ်ချီးမြှင့်သည်။

ပုလဲရောင်းချပွဲသို့ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပမှ ပုလဲရတနာကုန်သည်များနှင့် လက်ဝတ်ရတနာကုန်သည် ၁၈၀ တက်ရောက်ကြသည်။

ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့် ပုလဲရောင်းချပွဲများအား ၁၉၆၄ ခုနှစ်မှ စတင်ရောင်းချခဲ့ရာ ယနေ့အထိ ပွဲ ၉၀ ကျင်းပရောင်းချပြီး နိုင်ငံတော်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၄ ဒသမ ၇၇၆၄၂၆ သန်းရရှိခဲ့ကြောင်းနှင့် နေပြည်တော်တွင် ပုလဲရောင်းချပွဲများကို ၂၀၁၀ ခုနှစ်တွင် စတင်ရောင်းချခဲ့ရာ ယခုကျင်းပသည့် Myanmar Pearl Auction (August-2017) ပွဲအပါအဝင် စုစုပေါင်း ရှစ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

Myanmar Pearl Auction (July-2015) ပုလဲရောင်းချပွဲတွင် ပြည်တွင်းပြည်ပ ပုလဲကုန်သည် ၈၀ တက်ရောက်ဝယ်ယူခဲ့ရာ ပုလဲရောင်းရငွေ စုစုပေါင်း ယူရိုငွေ ၃ ဒသမ ၁၁ သန်း ရရှိခဲ့ပြီး (၅၃)ကြိမ်မြောက် ပုလဲရောင်းချပွဲတွင် ပြည်တွင်းပြည်ပမှ ပုလဲကုန်သည် ၇၈ ဦး တက်ရောက်ဝယ်ယူခဲ့ကြရာ ပုလဲရောင်းရငွေ စုစုပေါင်း ယူရိုငွေ ၂ ဒသမ ၆၃ သန်း ရရှိခဲ့ကြောင်း။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်းပြည်ပ၌ ကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ပုလဲရောင်းချပွဲစုစုပေါင်း ၁၂၅ ပွဲ ကျင်းပ နိုင်ခဲ့ပြီး အမေရိကန် ဒေါ်လာသန်းပေါင်း ၁၁၄ ဒသမ ၇၈ သန်း၊ ယူရိုငွေ သန်းပေါင်း ၃၄ ဒသမ ၆၆ သန်း၊ FEC ၀ ဒသမ ၂ သန်း၊ ကျပ်ငွေသန်းပေါင်း ၁၃၂၅၇ ဒသမ ၆၆ သန်းကို နိုင်ငံတော်ဝင်ငွေအဖြစ် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

Myanmar Pearl Auction (August-2017) ပုလဲရောင်းချပွဲကို ဩဂုတ် ၁၈ ရက် မှ ၂၀ ရက်အထိ ကျင်းပပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ယူရိုငွေ ၁ ဒသမ ၂၃ သန်း တန်ဖိုးရှိ အလေးချိန် ၆၅၀၀၂ ဒသမ ၄၅ မိုမီရှိသည့် နိုင်ငံပိုင်ပုလဲလုံးရေ ၈၆၉၁၄ လုံးကို ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း ရန်ကုန်မြို့ ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီးအားတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ရန်ကုန်မြို့ ဥရောပသမဂ္ဂ အဖွဲ့ရုံးမှ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား ယနေ့ ညနေ ၄ နာရီတွင် လွှတ်တော်ရေးရာဆောင် အဆောင် (I-5) ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပိုမိုရင်းနှီးလာသောဆက်ဆံရေး၊ ဥရောပပါလီမန်နှင့် ပြည်ထောင်စုလွှတ်တော်တို့ ပိုမိုခိုင်မာသော မိတ်ဖက်ဆက်ဆံရေးရရှိရန် နှစ်ဖက်လွှတ်တော်ကိုယ်စားလှယ်များ အပြန်အလှန်လည်ပတ်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပတ်သက်၍ ဥရောပသမဂ္ဂ၏ကူညီမှုများ၊ မကြာမီပြန်လည်ထွက်ခွာတော့မည့် သံအမတ်ကြီး၏ အတွေ့အကြုံနှင့် မြန်မာပြည်အပေါ် အတွေးအမြင်များ၊ လာမည့်နှစ်များတွင် ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ စီးပွားရေးပိုမိုကောင်းမွန်ရန် လုပ်ဆောင်မည့် ရည်မှန်းချက်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ASEAN Song, Dance & Music 2017 ဖျော်ဖြေရန် မြန်မာနိုင်ငံယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၁၈**

ဗီယက်နမ်နိုင်ငံ Vinh Phuc Province တွင် ဩဂုတ် ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ASEAN Song, Dance & Music 2017 တက်ရောက်ဖျော်ဖြေရန်နှင့် ယဉ်ကျေးမှုဖလှယ်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှခိုင် ခေါင်းဆောင်သော မြန်မာနိုင်ငံယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မင်္ဂလာဒုံလေဆိပ်မှ ဗီယက်နမ်လေကြောင်းလိုင်း VN 956 ဖြင့် ခရီးထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# မိုးရာမုန်တိုင်းကြောင့် ပျက်စီးမှုများအတွက် ထောက်ပံ့

**မြောက်ဦး ဩဂုတ် ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း မိုရာမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော လူနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှဲပြောင်းပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီက မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ မိုရာမုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်အတွင်း လုံးဝပျက်စီးသွားသောလူနေအိမ် အလုံး ၁၇၀၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသော လူနေအိမ် ၈၇၈ လုံးနှင့် လုံးဝပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်း ၃၂ ကျောင်းတို့အတွက် ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမိုးနွယ်က မြောက်ဦးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမောင်ထံသို့ ထောက်ပံ့ငွေကျပ် ၅၃၅၁၀၀၀၀ ကို ထောက်ပံ့လှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းကြပါစို့

**မာလာအောင်-ယဉ်ကျေးမှု**

> **ယခုအခါ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသော မြန်မာနိုင်ငံ၌ အဆိုပါ အမွေအနှစ်များမေးမှိန်ပျောက်ကွယ်ခဲ့လျှင် နိုင်ငံသားတို့၏ တာဝန်မကင်းဟု ဆိုရပါလိမ့်မည်။ သို့ဖြစ်၍ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသူ၊ နိုင်ငံသားတိုင်း၌ တာဝန်ရှိကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံသားတိုင်းတာဝန်သိစိတ်ကိုယ်စီဖြင့် ဆောင်ရွက်ရန်အရေးကြီး**

ပျူ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်နှင့် ရတနာပုံခေတ်တို့မှစ၍ ယနေ့မျက်မှောက်ခေတ် ကာလအထိ ခေတ်အဆက်ဆက် ဘိုးဘွားဘီဘင်တို့သည် မိမိတို့၏ တပည့်သားမြေးများကို လူမှုပတ်ဝန်းကျင်တွင် လိမ္မာယဉ်ကျေးမှုရှိစေရန် ဆိုဆုံးမသည့် ပုံပြင်များ၊ ယုံကြည်မှုနှင့် ဆက်နွှယ်သည့် ဓလေ့များ၊ ကျန်းမာရေးဆိုင်ရာ ဗဟုသုတဆေးကျမ်းများ၊ လက်မှုအနုပညာနှင့် အနုသုခုမ ပညာရပ်များကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အစဉ်အဆက်လက်ဆင့်ကမ်းထားရှိခဲ့ကြပါသည်။

ဘိုးဘွားများမှ လူငယ်များထံသို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို နှုတ်ဖြင့်ဖြစ်စေ၊ လက်တွေ့သင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ မှတ်တမ်းမှတ်ရာများ ထားရှိပေး၍ဖြစ်စေ ရှေးယခင်မှ ယနေ့မျက်မှောက်ကာလအထိ ဆင့်ကဲရောက်ရှိလာခြင်းသည် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာတစ်ရပ် ပေါ်ပေါက်လာစေခြင်းပင်ဖြစ်ပေသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များတွင် မျက်မြင်အားဖြင့် အကောင်အထည်ဖော်ပြနိုင်သော အဆောက်အအုံများ၊ စေတီပုထိုးများ၊ လက်မှုပစ္စည်းများစသည့် အမွေအနှစ်များရှိသကဲ့သို့ အကောင်အထည် မဖော်ပြနိုင်သော အတတ်ပညာများ၊ ယုံကြည်ကိုးကွယ်မှုများ၊ ရိုးရာဓလေ့များနှင့် ထုံးတမ်းအစဉ်အလာစသည့် အမွေအနှစ်များဟူ၍ ရှိပေသည်။

အကောင်အထည်ဖော်ပြနိုင်သော အမွေအနှစ်ကို ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် (Tangible Culture Heritage) ဟု ခေါ်ဆိုကြပြီး မျက်မြင်အားဖြင့် အကောင်အထည်မဖော်ပြနိုင်သော ယဉ်ကျေးမှုအမွေအနှစ်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Culture Heritage)ဟု ခေါ်ဆိုသတ်မှတ်ကြပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုသည် လူမှုအသိုက်အဝန်းရှိ လူသားတို့၏ စွမ်းဆောင်နိုင်မှုများ၊ ကျွမ်းကျင်မှုများ၊ အလေ့အထများ၊ ရိုးရာယုံကြည်မှုဆိုင်ရာများ၊ ရိုးရာအစားအစာ၊ ရိုးရာအားကစားများစသော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ရာ ရပ်ရွာဒေသတွင်း၌ မျိုးဆက်တစ်ခုမှ နောက်မျိုးဆက်တစ်ခုသို့ ယနေ့တိုင် လက်ဆင့်ကမ်း ဖော်ဆောင်နေသည့် ယဉ်ကျေးမှုကို ဆိုလိုပါ သည်။ တစ်နည်းအားဖြင့် ရှင်သန်နေသော လက်ဆင့်ကမ်း အမွေအနှစ်များပင် ဖြစ်ပေသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ယူနက်စကို အဖွဲ့အစည်း (UNESCO-United Nations Educational,Scientific and Cultural Organization) ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက်အထွေထွေအစည်းအဝေး (32nd Session)၌ ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ် (2003-Convention for the Safeguarding of the Intangible Cultural Heritage)ကို ကြေညာခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရန်၊ အလေးထားတန်ဖိုးထားနိုင်ရန်နှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့၌ ယူနက်စကို၏ ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ၌သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ကြီးဌာနမှ မြန်မာနိုင်ငံ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တိုးတက်မြှင့်တင်ရေးကော်မတီကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှုဦးစီး၍ ဆက်စပ်ဝန်ကြီးဌာနများ ဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးချုပ်မှ အမည်စာရင်းပေးသူဝန်ကြီး တစ်ဦးစီနှင့် အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ သဘင်ပညာရှင် အစည်းအရုံး၊ ဂီတပညာရှင် အစည်းအရုံး၊ ပန်းချီ၊ ပန်းပု အစည်းအရုံးတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို အောက်ဖော်ပြပါ နယ်ပယ်များအလိုက် စာရင်းကောက်ယူလျက်ရှိပါသည်-

(က) ဘာသာစကား၊ နှုတ်ပြောအစဉ်အလာများနှင့် ဖော်ပြချက်များ၊ (ဥပမာ-ပုံပြင်၊ ဘာသာစကား၊ ကဗျာ)

(ခ) ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ (ဥပမာ-ရိုးရာအက၊ တေးဂီတ)

(ဂ) လူမှုထုံးတမ်းအစဉ်အလာများ၊ ပွဲလမ်းသဘင်များ၊ (ဥပမာ- ၁၂ လ ရာသီပွဲတော်များ၊ ဘုရားပွဲတော်များ)

(ဃ) သဘာဝနှင့် လူသားအားလုံးအတွက် သက်ဆိုင်သည့် အသိပညာနှင့် ထုံးစံများ (ဥပမာ-ဗေဒင်၊ ဆေးကျမ်းများ၊ ပြက္ခဒိန်၊ သနပ်ခါးလိမ်းခြယ်ခြင်း)

(င) ရိုးရာလက်မှုပညာ (ဥပမာ- ပန်းပဲ၊ ပန်းတိမ် စသော ပန်း(၁၀)မျိုး၊ ရက်ကန်း)

(စ) ရိုးရာအစားအစာများ (ဥပမာ-ပုန်းရည်ကြီး၊ ရိုးရာမုန့်မျိုးစုံ)

(ဆ) ရိုးရာကစားနည်းများ (ဥပမာ-ထုပ်စီးတိုး၊ ဂျင်ပွဲ)

ပဋိညာဉ်စာချုပ်အရ အဖွဲ့ဝင်နိုင်ငံများသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းကို ယူနက်စကိုရုံးသို့ ခြောက်နှစ်တစ်ကြိမ် တင်သွင်းရပါသည်။

ယူနက်စကိုသို့ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရာ၌ ဒြပ်ရှိဖြစ်သောအမွေအနှစ် (World Heritage Site) တင်သွင်းခြင်း၏ စံနှုန်းသတ်မှတ်မှုနှင့် ဒြပ်မဲ့အမွေအနှစ် စံနှုန်းသတ်မှတ်မှုများ ကွဲပြားခြားနားမှုရှိပါသည်။ ဒြပ်ရှိ အမွေအနှစ်များ စံနှုန်းသတ်မှတ်ရာ၌ စစ်မှန်မှု (Authenticity) ဖြင့် ပညာရှင်များက သတ်မှတ်ကြပြီး ဒြပ်မဲ့ယဉ်ကျေးမှုကို သတ်မှတ်ရာတွင် လက်တွေ့ထိန်းသိမ်းစောင့်ရှောက်သူများ/ဆောင်ရွက်နေသော ရပ်ရွာအသိုက်အဝန်းက မိမိတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဟု မိမိတို့ဘာသာ သတ်မှတ်ပိုင်ခွင့်ရှိပါသည်။ ဥပမာ-ကချင်တို့၏ မနောပွဲသည် ကချင်လူမျိုးများက မိမိတို့၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဟု သတ်မှတ်၍ စာရင်းတင်သွင်းနိုင်ပါသည်။

ထို့အပြင် ခေတ်အလိုက် ပြောင်းလဲသုံးစွဲလာသော ပစ္စည်းများကို အဓိကထား၍ သတ်မှတ်ခြင်း မရှိပါ။ ဥပမာ-ရိုးရာမုန့် ပြုလုပ်ရာတွင် ရှေးယခင်က မြေအိုး အသုံးပြုခဲ့သော်လည်း ယခုအချိန်တွင် သင့်လျော်သောအိုးကို သုံးစွဲခွင့်ရှိပါသည်။

ယူနက်စကို အထွေထွေညီလာခံကို နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင်မှ ဥက္ကဋ္ဌဖြစ်သော ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်ဖြစ်သော ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကော်မရှင်အတွင်းရေးမှူးတို့ တက် ရောက်လျက်ရှိပါသည်။ ယူနက်စကိုရုံးစိုက်ရာ ပြင်သစ်နိုင်ငံရှိ မြန်မာနိုင်ငံသံအမတ်ကြီးသည် ယူနက်စကို၌ မြန်မာနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ် (Permanent Delegate) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

အဖွဲ့ဝင်နိုင်ငံများမှ ရန်ပုံငွေအား စုစုပေါင်းပြည်တွင်းအသားတင်ထုတ်ကုန် (Gross Domestic Product-GDP) နှင့်လူဦးရေအချိုးဖြင့် တစ်နှစ်တစ်ကြိမ် ထည့်ဝင်ရပါသည်။ ပို၍ထည့်ဝင်လိုပါကလည်း ထည့်ဝင်နိုင်ပါသည်။ မြန်မာနိုင်ငံမှ ဒြပ်မဲ့အမွေအနှစ်ဆိုင်ရာ နှစ်စဉ်ဝင်ကြေး အမေရိကန်ဒေါ်လာ ၃၀၀ ဝန်းကျင်ထည့်ဝင်ရပါသည်။

မြန်မာနိုင်ငံ၌ နော်ဝေနိုင်ငံအစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် ယူနက်စကိုအဖွဲ့မှဦးစီး၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိဝန်ထမ်းများနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြင့်ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နေသောသူများကို စွမ်းရည်မြင့်မားစေရန် ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်၌ ၂၅.၁၁.၂၀၁၃ ရက်နေ့မှ ၂၆.၁၁.၂၀၁၃ ရက်နေ့ အထိလည်းကောင်း၊ မန္တလေးမြို့၌ ၁၉.၅.၂၀၁၄ ရက်နေ့မှ ၂၄.၅.၂၀၁၄ ရက်နေ့အထိ လည်းကောင်း၊ ရှမ်းပြည်နယ် အင်းလေးဒေသ၌ ၂၇.၁၀.၂၀၁၄ ရက်နေ့မှ ၃.၁၁.၂၀၁၄ ရက်နေ့အထိ လည်းကောင်း၊ တောင်ကြီးမြို့တွင် ၁၄.၉.၂၀၁၅ ရက်နေ့မှ ၁၉.၉.၂၀၁၅ ရက်နေ့အထိလည်းကောင်း ကျင်းပပေးခဲ့ပါသည်။

ယူနက်စကိုမှလမ်းညွှန်ထားသည့် စာရင်းကောက်ယူမှုပုံစံကို အခြေခံ၍ မြန်မာနိုင်ငံနှင့် သင့်လျော်သော စာရင်းကောက်ယူမှု ပုံစံများရေးဆွဲရန်၊ အမျိုးသားအဆင့်ပြုလုပ်ရန်၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ကာကွယ်ထိန်းသိမ်းမှုအား ပိုမိုသိရှိနားလည်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုပါဝင်လာစေရန်နှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ဆိုင်ရာ အသိပညာ ပြန့်ပွားစေရန်ရည်ရွယ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာနိုင်ငံရှိ ယူနက်စကိုရုံးခွဲ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် နိုင်ငံတစ်ဝန်းလုံးမှ စိတ်ဝင်စားသူများကို ဖိတ်ခေါ်၍ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်၌ ၁၇.၃.၂၀၁၆ ရက်နေ့မှ ၁၈.၃.၂၀၁၆ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ စုဆောင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ဖြန့်ဝေခြင်း စသည့်လုပ်ငန်းဆိုင် ရာတာဝန်များကို ဆောင်ရွက်လျက်ရှိရာ ပြည်သူ့အကျိုးဖြစ်ထွန်းစေမည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ လက်စွဲစာအုပ်ကို ၁၇.၃.၂၀၁၆ ၌ထုတ်ဝေနိုင်ခဲ့ပါသည်။

ဝန်ကြီးဌာနသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို အမျိုးသားအဆင့် စာရင်းကောက်ယူမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းသွင်းနိုင်ရေးအတွက် ဆောက်ရွက်ရာတွင် အရေးပါသည့် စာတွဲပြုစုမှု (Dossier) အတွက်တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ပုဂံဒေသအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် သဲကျောက် ပန်းပုလုပ်ငန်း၊ ပန်းချီလုပ်ငန်း၊ ယွန်းလုပ်ငန်း၊ ပုန်းရည်ကြီးလုပ်ငန်း၊ ရိုးရာမုန့် လုပ်ငန်းနှင့် ဘုရားပွဲတော်များကို စာရင်းကောက်မှုတို့အား ဆောင်ရွက်လျက်ရှိပါသည်။

ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများ၌ ကျင်းပသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၌သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်ဒြပ်မဲ့ယဉ်ကျေးမှု လက်တွေ့ဆောင်ရွက်နေသူများနှင့် ပူးပေါင်း၍စာတမ်းများ ဖတ်ကြားလျက်ရှိပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပန်းချီ၊ ပန်းပုကျောင်းများ၊ ပန်တျာကျောင်းများနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်၍မြန်မာ့ရိုးရာ ပန်းချီ၊ ပန်းပု၊ သဘင်၊ ဂီတတို့ကိုလည်း လက်ဆင့်ကမ်း သင်ကြားပေးလျက်ရှိပါသည်။

ပုဂံဒေသတွင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် ယွန်းပညာကောလိပ်မှ မြန်မာ့ယွန်းပညာများ ဖြန့်ဝေလျက်ရှိပါသည်။ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှလည်း ရိုးရာရက်ကန်း အတတ်ပညာများကို လက်ဆင့်ကမ်းလျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုင်းရင်းဆေးတက္ကသိုလ်အား မန္တလေး၌ဖွင့်လှစ်၍ ရိုးရာတိုင်းရင်းဆေးပညာကို လက်ဆင့်ကမ်းလျက်ရှိပါသည်။

ထိုသို့သင်တန်းကျောင်း၊ ကောလိပ်များ၊ တက္ကသိုလ်များမှ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းဆောင်ရွက်သကဲ့သို့ ပန်း (၁၀)မျိုးလုပ်ငန်း (ပန်းပဲ၊ ပန်းတိမ်၊ ပန်းတဉ်း စသဖြင့်)၊ လှေလုပ်ငန်း၊ ရက်ကန်းလုပ်ငန်းနှင့် အိုးလုပ်ငန်း စသည့် အတတ်ပညာ ဆိုင်ရာလုပ်ငန်းများကိုလည်း လုပ်ငန်းရှင်များနှင့် အတတ်ပညာရှင်များက နောင်မျိုးဆက်များကို လက်ဆင့်ကမ်း၍ လုပ်ငန်းများကို ရှင်သန်ရန်ဆောင်ရွက်နေသကဲ့သို့ ဘုရားပွဲတော်များနှင့် လရာသီပွဲတော်များ ကျင်းပရာတွင်လည်း လူကြီးများက လူငယ်များကို ဆက်လက်ဆောင်ရွက်ရန် လက်ဆင့်ကမ်းလျက်ရှိပေသည်။

ယခုအခါ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသော မြန်မာနိုင်ငံ၌ အဆိုပါအမွေအနှစ်များ မေးမှိန်ပျောက်ကွယ်ခဲ့လျှင် နိုင်ငံသားတို့၏ တာဝန်မကင်းဟု ဆိုရပါလိမ့်မည်။ သို့ဖြစ်၍ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသူ၊ နိုင်ငံသားတိုင်း၌ တာဝန်ရှိကြပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံသားတိုင်းတာဝန်သိစိတ်ကိုယ်စီဖြင့်ဆောင်ရွက်ရန် အရေးကြီးလှပေသည်။

ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို လက်တွေ့ဆောင်ရွက်နေသူများ (ဥပမာ-ရိုးရာအမွေအနှစ်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သူများ၊ ထုတ်လုပ်နေသူများ၊ ပွဲတော်များကျင်းပဆောင်ရွက်နေသူများ) ကိုလည်း အများပြည်သူများက လေးစားတန်ဖိုးထား၍ လက်တွေ့ဆောင်ရွက်နေသူများကလည်း မိမိတို့ဆောင်ရွက်နေသော အမွေအနှစ်များကို တန်ဖိုးထား၍ ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်းပေးနိုင်မှသာ ယဉ်ကျေးမှုအမွေအနှစ်များ ဆက်လက်ရှင်သန်နိုင်မည်ဖြစ်ပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်တည်း၏အား၊ အဖွဲ့အစည်းတစ်ခုတည်း၏အားတို့ဖြင့် အောင်မြင်မှုရရှိရန် စွမ်းဆောင်နိုင်မည်မဟုတ်ပါ။ ပြည်သူတစ်ရပ်လုံးမှ စိတ်ပါဝင်စား၍ ညီညာသိုက်ဝန်းစွာ ဆောင်ရွက်မှသာ ရေရှည်တည်တံ့ခိုင်မြဲစွာ လက်ဆင့်ကမ်းနိုင်ပေမည်။

သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးက မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တာဝန်သိစိတ်ဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

# ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ၌ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က ဆွေးနွေးရန် ဆုံးဖြတ်

နေပြည်တော် ဩဂုတ် ၁၈

**ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော အစွန်းရောက်အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။**

ယင်းအဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက တင်သွင်းခဲ့ပြီး အဆိုတင်သွင်းစဉ် တစ်ဖက်နိုင်ငံမှ နေ့စဉ်နှင့်အမျှ စိမ့်ဝင်နေခြင်း၊ လူဦးရေပေါက်ဖွားနှုန်းမြင့်မားခြင်းတို့ကြောင့် မောင်တော၊ ဘူးသီးတောင်ဒေသသည် နိုင်ငံခြားသားများ သီးသန့်နေထိုင်ရာ ဒေသတစ်ခုအသွင်သို့ တဖြည်းဖြည်း ရောက်ရှိလာနေပြီဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာတွင် အစွန်းရောက်များက မောင်တောနှင့် ရသေ့တောင် မြို့နယ်များရှိ နယ်ခြားစောင့်တပ်ဌာနချုပ်အပါအဝင် ကင်းစခန်းသုံးခုကို တစ်ပြိုင်နက်တိုက်ခိုက်ခဲ့ခြင်းကြောင့် ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များကျဆုံးကာ လက်နက်အမြောက်အမြား ဆုံးရှုံးခဲ့ရပါကြောင်း၊ တပ်မတော်မှ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ်တွင်လည်း တပ်ရင်းမှူး တစ်ဦးကျဆုံးခဲ့ပါကြောင်း။

မေယုတောင်ကြောအတွင်းအကျယ်ငါးပေ၊ အမြင့် လေးပေ၊ အရှည် ပေ ၈၀ ရှိသည့် လူလုပ်လိုဏ်ခေါင်းအပြင်၊ လုပ်သေနတ်များ၊ လူနေတဲများ၊ စားနပ်ရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အကြမ်းဖက်များအား သင်တန်းပေးရန်နှင့် အကြမ်းဖက်သင်တန်းဟု ယူဆရသည့်စခန်းများကို တိကျခိုင်မာသည့် အထောက်အထားများနှင့်အတူ ရှာဖွေတွေ့ရှိခဲ့ရပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဝင်ရောက်တိုက်ခိုက်သူ သုံးဦးကိုလည်း အသေဖမ်းဆီး ရမိခဲ့ပါကြောင်း။

ရသေ့တောင်မြို့နယ် ချွတ်ပြင်ကျေးရွာမှ မောင်သန်းဌေးသည် မေယုတောင်ကြောအတွင်း ခရီးသွားကောက်ရာမှ ရွာပြန်မရောက်သည့်အတွက် ဒေသခံများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းရှာဖွေခဲ့ရာ အကြမ်းဖက်သမားများ၏ ယာယီတဲစခန်းများကို တွေ့ရှိခဲ့ပါကြောင်း၊ ၎င်းနေရာတွင် WFP အမှတ်တံဆိပ်ပါ ဆေးဝါးများ၊ ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်း များကို တွေ့ရှိခဲ့ပါကြောင်း၊ ဩဂုတ် ၃ ရက်တွင် မောင်တောမြို့နယ် တောင်ပိုင်း ကိုင်းကြီးကျေးရွာတွင် တောင်ယာလုပ်ကိုင်ကြသည့် မြိုတိုင်းရင်းသား ရှစ်ဦးကို အစွန်းရောက် အကြမ်းဖက်သမားများက လူမဆန်စွာ သတ်ဖြတ်ခြင်းများပြုလုပ်ခဲ့ပါကြောင်း၊ ဩဂုတ် ၄ ရက် တွင် ရသေ့တောင်မြို့နယ် အောက်နန်းရာရွာတွင် ရောက်ရှိနေသည့် RSO အကြမ်းဖက်သမားများအား သွားရောက်ဖမ်းဆီးခဲ့ကြသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များကို ဝိုင်းဝန်းရန်ပြုတိုက်ခိုက်ခဲ့ကြပါကြောင်း၊ ယင်းဖြစ်စဉ်များကြောင့် ဒေသခံတိုင်းရင်းသားများသည် စိုးရိမ်မှုများမြင့်တက်လာပြီး နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုများ ပြုလုပ်လာကြပါကြောင်း၊ မောင်တော၊ ဘူးသီးတောင်ဒေသရှိ ဘာသာရေး၊ လူမျိုးရေးကို အခြေခံသည့် အစွန်းရောက်များသည် ပြည်ပနိုင်ငံ အဖွဲ့အစည်းများ၏ ငွေကြေး၊ လက်နက် အကူအညီများကိုရရှိပြီး မောင်တောဒေသနှင့် ကျေးရွာများတွင် အကြမ်းဖက်သင်တန်းများ ပို့ချခြင်းလုပ်ငန်းများကို စနစ်တကျလုပ်ဆောင်နေပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။



ဒေါ်ခင်စောဝေ
ရသေ့တောင်
မဲဆန္ဒနယ်



ဦးမျိုးဇော်အောင်
ကောလင်း
မဲဆန္ဒနယ်

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာထားသည်။

အစည်းအဝေးတွင် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ **နိုင်ငံအနှံ့ကျေးရွာများ တွင် တရားမဝင်နှင့် တရားဝင်ချက်နေကြသော ချက်အရက်များကိုထိန်းချုပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယစ်မျိုးမူဝါဒအပေါ်အခြေခံ၍ ယစ်မျိုးဆိုင်ရာအခြေခံမူတွင်လည်း ပေါင်းဖိုဖြင့် အရက်ချက်လုပ်ခြင်းကို ဖြစ်နိုင်သမျှ ဖျက်သိမ်းရန်၊ ဇဟိုအရက်ချက်စက်ရုံ တည်ထောင် ချက်လုပ်ခြင်းကို တဖြည်းဖြည်းအားပေးသွားရန်၊ ပြည်တွင်း ဖိုထွက်ချက်အရက်ပေါ်တွင် အခွန်ကြီးမြင့်နိုင်သမျှ ကြီးမြင့်ကောက်ခံရန်၊ သို့ရာတွင် ပြည်ပမှတင်သွင်းသော အရက်များထက် အခွန်နှုန်းမများစေရန်၊ ခွင့်ပြုအရက်ဆိုင် အရေအတွက်ကို ကန့်သတ်ထားရန် သတ်မှတ်ထားရှိပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

၁၉၁၇ ခုနှစ် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေတွင်ပါရှိသည့်

*စာမျက်နှာ ၈ သို့*

# ရခိုင်ပြည်နယ် မောင်တောဒေသတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့များနှင့်ပတ်သက်၍ အဆိုတင်သွင်း

**နေပြည်တော် ဩဂုတ် ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စီစဉ်ဆောင်ရွက်ပေးသွားမည်**

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၏ **ကျွန်းစုမြို့နယ် သဇင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်းဖြေဆိုရန် စာစစ်ဌာနတစ်ခုအား ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျွန်းစုမြို့နယ် သဇင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ယခုပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ကျောင်းသားကျောင်းသူ ၄၇ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး ယင်းကျေးရွာတွင် ရဲစခန်းတစ်ခု ဖွင့်လှစ်ထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါကျောင်း၌ စာစစ်ဌာနအသစ် ဖွင့်လှစ်နိုင်ပါက အနီးပတ်ဝန်းကျင်ရှိ ပန်းဇင်အခြေခံပညာ အထက်တန်းကျောင်း၊ ညောင်ဘီး အခြေခံပညာ အထက်တန်းကျောင်းနှင့် မောင်းလေှာ် အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၇၆ ဦး တက္ကသိုလ်ဝင်စာမေးပွဲအား လာရောက်ဖြေဆိုနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျွန်းစုမြို့ နယ် သဇင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ စာစစ်ဌာနအသစ် ဖွင့်လှစ်ခွင့်ရရှိရန်အတွက် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဦးမောင်ကျော်ဇံ
ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ပလက်ဝမြို့နယ်အတွင်း အချို့ကျေးရွာများရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် ဟောင်းနွမ်းနေသည့် ကျောင်းဆောင်များနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေသည့် ကျောင်းဆောင်များကို ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပလက်ဝမြို့နယ်ရှိ သံတောင် အခြေခံပညာ အထက်တန်းကျောင်း၊ တုံးမဝ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ ထိုးနူး အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ ဝါလောင်ကုန်း အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၊ မြို့မ အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ရမ်ရီ အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ကယက် အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ငရှား အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ဆင်အိုးဝ (၁) အခြေခံပညာ မူလတန်းကျောင်း၊ ပုံဒေါအခြေခံပညာ မူလတန်းကျောင်း၊ ရေချမ်းဝ အခြေခံပညာ မူလတန်းကျောင်း၊ လပုန်ကုန်း အခြေခံပညာ မူလတန်းကျောင်းနှင့် ဆိုက်ဟား အခြေခံပညာ မူလတန်းကျောင်း(ခွဲ) တို့ရှိ အဆောက်အအုံများ တည်ဆောက်ပြုပြင်ရန် ငွေကျပ်သန်းပေါင်း ၇၀၉ ဒသမ ၆၀ ခွဲဝေပေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံ ဆောင်ရွက်ထားပါကြောင်း။

**စိစစ်လျာထားတင်ပြ**

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားရာ၌ ချင်းပြည်နယ်တစ်ခုလုံးရှိ ကျောင်းပေါင်း ၁၀၃ ကျောင်းမှ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် ရန်ပုံငွေကျပ် သန်း ၇၀၀၆ ဒသမ ၇၅၀ လျာထားပြီး ပလက်ဝမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်း ၂၄ ကျောင်းမှ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် ငွေကျပ် ၁၁၈၈ ဒသမ ဝ၉ သန်း စိစစ်လျာထား တင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ဦးစားပေးအစီအစဉ်**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ကျောက်တော်မြို့နယ် မင်းသားတောင်ကျေးရွာ အလယ်တန်းကျောင်းတွင် ၁၀၈ ပေ× ပေ ၃၀ × ၁၂ ပေ RC ကျောင်းဆောင်သစ် တစ်ဆောင် ကို ယခုပညာသင်နှစ် သို့မဟုတ် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျောက်တော်မြို့နယ် မင်းသားတောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် သွပ်မိုး



ဦးကျော်သိန်း
ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)

အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်နှင့် သွပ်မိုး ဝါးကပ်ကာ တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း စာသင်ဆောင် နှစ်ဆောင်ရှိပြီး ပေ (၈၀ × ၃၀) ကျောင်းဆောင်၏ဘေးတွင် ပေ (၃၀ × ၃၀) အဆောင်ကို တွဲဖက်ဆောက်လုပ်ထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ မင်းသားတောင်ကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းတွင် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေ ခေါင်းစဉ်အောက်ရှိ မြို့နယ်ဦးစားပေး အစီအစဉ်အလိုက် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် **လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်အုန်းကြည်က လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

**လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

**အတည်ပြုကြောင်းကြေညာ**

အဆိုပါ **ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုတင်သွင်းရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝင်းတင်က ထောက်ခံဆွေးနွေး၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက် ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံနှင့် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်းတို့က အကြံပြုဆွေးနွေးကြသည်။

**ဖြေရှင်းရန် လိုအပ်နေ**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်က ရခိုင်ပြည်နယ်ရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များ၏ အခြေအနေကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ရန်မှာ တရားဥပဒေစိုးမိုးရေး၊ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန် လုပ်ဆောင်ရမည့် အခြေအနေရှိပါကြောင်း၊ ရခိုင်တိုင်းရင်းသားကျေးရွာများမှ လူနည်းစုဒေသခံပြည်သူများအား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကိုမပေးနိုင်ပါက ရွာလုံးကျွတ် ပြောင်းရွှေ့နေထိုင်သူများ ဖြစ်လာနိုင်ပါကြောင်း၊ ထိုသို့ အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များသည် ကမ္ဘာ့အကြမ်းဖက်အဖွဲ့များ၏ ကွန်ရက်များဖြင့် ချိတ်ဆက်လုပ်ဆောင်နေသည့် အနေအထားကို တွေ့ရှိနေရပြီး နိုင်ငံတော်အတွက် အန္တရာယ်ဆိုးများ အချိန်မရွေးကျရောက်လာနိုင်သည့်အတွက် အစိုးရအနေဖြင့် အချိန်မဆိုင်းဘဲ ရဲရဲဝံ့ဝံ့ပြတ်သားစွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေပါကြောင်း စသည့်ဖြင့် ထောက်ခံဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၄၆ ရက်မြောက်နေ့ကို ဩဂုတ် ၂၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊**
**မိမိဖြိုး(သတင်းစဉ်)**

# ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။)**

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်**

**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages" means a Registrar-General of Births, Deaths and Marriages appointed under the Births, Deaths and Marriages Registration Act. ဆိုသည့်စကားရပ်ကို "Registrar-General of Marriages" means a Registrar-General of Marriages appointed under this Act. ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| | |
|---|---|
| Registrar-General of Marriages and Registrars of Marriages. | "7. The President of the Union shall appoint Registrar-General of Marriages and Registrars of Marriages. The President of the Union may also appoint one or more Christians, either by name or as holding any office for the time being, to be the Registrars of Marriages. |
| Senior Registrar of Marriages. | Where there are more Registrars of Marriages than one in any district, the President of the Union shall appoint one of them to be the Senior Registrar of Marriages. |
| Judge when to be Registrar of Marriages. | When there is only one Registrar of Marriages in a district, and such Registrar is absent from such district, or ill, or when his office is temporarily vacant, the District Judge shall act as, and be, Registrar of Marriages thereof during such absence, illness or temporary vacancy." |

၄။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မ ၄၇၊ ပုဒ်မ ၄၈ တတိယအပိုဒ်၊ ပုဒ်မ ၅၆ နှင့် ပုဒ်မ ၈၁ တို့ကို ပယ်ဖျက်ရမည်။

၅။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၅၅၊ ပုဒ်မ ၆၂၊ ပုဒ်မ ၇၈ နှင့် ပုဒ်မ ၇၉ တို့တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages" ဆိုသည့်စကားရပ်ကို "Registrar-General of Marriages" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "exceed thirteen years" ဆိုသည့်စကားရပ်ကို "exceed fifteen years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၆၁ တွင်ပါရှိသော "a fee of four annas" ဆိုသည့်စကားရပ်ကို "a fee of one thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၆၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

| | |
|---|---|
| Solemnizing marriage without due authority. | "68. Whoever, not being authorized by section 5 of this Act to solemnize marriages, solemnizes, or professes to solemnize, in the absence of a Marriage Registrar of the district in which the ceremony takes place, a marriage between persons one or both of whom is or are a Christian or Christians, shall be punished with imprisonment which may extend to seven years." |

၉။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၇၄ တွင်ပါရှိသော "extend to one hundred kyats" ဆိုသည့်စကားရပ်ကို "extend to ten thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

***ပြည်သူ့လွှတ်တော်မှ***

တရားမဝင် ယစ်မျိုးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူခြင်းတို့နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်နှင့် ဒဏ်ငွေများကိုလည်း ထိရောက်ဟန့်တားသော ပြစ်ဒဏ်ဖြစ်စေရန်နှင့် ခေတ်ကာလနှင့်လျော်ညီသော ဒဏ်ငွေချမှတ်နိုင်ရန် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၅ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး ပြစ်ဒဏ်နှင့်ဒဏ်ငွေများကို တိုးမြှင့်သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ တရားမဝင် အရက်ချက်လုပ်ငန်းများ အပါအဝင် တရားမဝင် ယစ်မျိုးလုပ်ငန်းများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရန်အတွက် (Task Force)အဖွဲ့များဖြင့် စိစစ်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၏ **ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့ တည်ဆောက်ထားသော စားကျက်မြေကို မြို့မြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြည်ကြီးမဏ္ဍိုင်မြို့ကို ရပ်ကွက် သုံးရပ်ကွက်ဖြင့် သတ်မှတ်ဖွဲ့စည်းခဲ့ပါကြောင်း၊ စုစုပေါင်းစားကျက်မြေဧရိယာ ၁၄၉ ဒသမ ၁ ဧကကို စားကျက်မြေအဖြစ်မှ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ကြီးမဏ္ဍိုင်မြို့အတွင်းရှိ အမှန်တကယ် အသုံးပြုထားသော စားကျက်မြေဧရိယာ ဧက ၁၀၀ နှင့် ကျေးရွာမြေအဖြစ် အသုံးပြုရန် ကျေးရွာနှစ်ရွာရှိ စားကျက်မြေဧရိယာ ၄၉ ဒသမ ၁ ဧကတို့အား စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့်ရရှိရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူ၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်နှင့် ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်တို့၏ ပြည်ထဲရေးကဏ္ဍဆိုင်ရာ မေးခွန်းများကိုလည်း ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည် ဖြေကြားခဲ့သည်။

ထို့နောက် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က **နိုင်ငံတော်နှင့် နိုင်ငံသားများ ပိုင်ဆိုင်သည့် ပေါကြွယ်ဝလှသော ကျောက်မျက်ရတနာများနှင့် တွင်းထွက် သတ္တုသယံဇာတများအား အနာဂတ် နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် သုံးဆောင်ခံစားနိုင်ရေးအတွက် စနစ်တကျ တူးဖော်ထုတ်လုပ် ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာထားသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော "ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

## ယင်းမာပင်မြို့ မိုးလုံလေလုံအားကစားရုံ အဆောက်အအုံသစ်ဖွင့်

**ယင်းမာပင် ဩဂုတ် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ယင်းမာပင်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနက ကျင်းပသည့် မိုးလုံလေလုံ အားကစားရုံအဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီက ယင်းမာပင်မြို့မိုးလုံလေလုံ အားကစားရုံရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဆွေ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်လတ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုရဲမှူးကြီးကျော်အောင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။**(အောက်ပုံ)**

မိုးလုံလေလုံအားကစားရုံ ဖွင့်ပွဲအထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကျင်းပရာ ပင်မြင့်စံအသင်းနှင့် USDPအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး တက်ရောက်လာကြသည့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနဦးစီးမှူး အောင်နိုင်ဆွေ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ ယင်းမာပင်မြို့ မိုးလုံလေလုံအားကစားခန်းမကြီးကို နိုင်ငံတော်ခွင့်ပြု ငွေကျပ် သိန်းပေါင်း ၁၆၇၀ ဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**




## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံဘောလုံးပြိုင်ပွဲ မုံရွာခရိုင်အသင်းဗိုလ်စွဲ



**စစ်ကိုင်း ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မုံရွာခရိုင်အသင်းနှင့် စစ်ကိုင်းခရိုင်အသင်းတို့ ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီခွဲက စစ်ကိုင်းမြို့ နှစ် ၇၀၀ ပြည့် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းယှဉ်ပြိုင်ရာ မုံရွာခရိုင်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရ ပထမဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆုရရှိသူများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူနှင့် ပူးတွဲတတိယဆုရ ရွှေဘိုခရိုင်အသင်းနှင့် ကန့်ဘလူခရိုင်အသင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပါမောက္ခချုပ် (စစ်ကိုင်းတက္ကသိုလ်)ဒေါက်တာသူရဦးနှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့က ဆုချီးမြှင့်ကာ ဒုတိယဆုရ စစ်ကိုင်းခရိုင်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းတို့က ပထမဆုရ မုံရွာခရိုင်အသင်းအား ဆုငွေနှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ဝဲပုံ)**

**တင်မောင်(မန်းကိုယ်ပွား)**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

**မလေးရှားနိုင်ငံတွင် ကျင်းပနေသည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန်နှင့် မြန်မာအားကစားအသင်းများ အောင်နိုင်မှုများအတွက် ကြည့်ရှုအားပေးရန် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးညွန့်၊ အတွင်းရေးမှူး ဒေါ်အေးအေးရွှေနှင့်အဖွဲ့ဝင်များ ဩဂုတ် ၁၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားစဉ်**

တင်စိုး(မြန်မာ့အလင်း)



# ရန်ကုန် Water Bus ယခုလကုန်ပိုင်းတွင် စတင်ပြေးဆွဲမည်ဟုသိရ

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရန်ကုန်မြစ်အတွင်း Water Bus ပြေးဆွဲခြင်းကို ယခုလကုန်ပိုင်းတွင် စတင်နိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

“Water Bus က ဆိပ်ကမ်းနှစ်ခု ပြုပြင်လိုက်ရတဲ့အတွက် အနည်းငယ်နောက်ကျသွားခဲ့တာပါ။ အခုအခါမှာတော့ ဆိပ်ကမ်းတွေ ပြင်ဆင်ပြီးစီးသွားပါပြီ။ ဒီလကုန်ပိုင်းမှာ စတင်ပြေးဆွဲသွားဖို့ မျှော်မှန်းထားပါတယ်။ ရေယာဉ် ၁၃ စင်းနဲ့ စတင်ပြေးဆွဲသွားမှာ ဖြစ်ပါတယ်။ ဆိပ်ကမ်းတွေကတော့ ရွှေပြည်သာ၊ လှိုင်သာယာဘက်မှာ နှစ်ခု၊ ဗိုလ်တထောင်ဘက်မှာ ငါးခုရှိပါတယ်။ ဒါကလည်း ရန်ကုန်မြို့ရဲ့ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းမှုတစ်ရပ်အဖြစ် ဆောင်ရွက်တာဖြစ်ပါတယ်။ လှိုင်သာယာကနေ ဗိုလ်တထောင်အထိ အချိန်တစ်နာရီခွဲလောက်နဲ့ သွားရောက်နိုင်မှာဖြစ်တဲ့အတွက် ကားနဲ့သွားတာထက် အချိန်တစ်နာရီလောက် သက်သာသွားမှာဖြစ်ပါတယ်” ဟု ဒေါက်တာ မောင်အောင်က ပြောသည်။

အဆိုပါ Water Bus ရေယာဉ်များသည် အနည်းဆုံး လူ ၆၀ မှ ၃၀၀ အထိ စီးနင်းလိုက်ပါနိုင်သော ရေယာဉ်များဖြစ်ကြောင်း၊ ရုံးဆင်းရုံးတက်ချိန်များတွင် လူ ၃၀၀ ဆံ့ Water Bus များနှင့် ပြေးဆွဲပြီး နေ့လယ်နေ့ခင်း လူနည်းချိန်များတွင် လူ ၆၀ ဆံ့ ရေယာဉ်များဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြစ်အတွင်း ပြေးဆွဲမည့် ယင်း Water Bus များ၏ ယာဉ်စီးခမှာ လမ်းတစ်ဝက်မှတ်တိုင်များအတွက် ငွေကျပ် ၃၀၀ သတ်မှတ်ထားပြီး ခရီးစဉ်စဆုံးအတွက် ငွေကျပ် ၅၀၀ သတ်မှတ်ထားကြောင်း ဒေါက်တာမောင်အောင်က ဆက်လက်ပြောကြားသည်။

ရန်ကုန်မြစ်အတွင်း မကြာမီပြေးဆွဲမည့် Water Bus နှစ်စင်းမှာ ဩဂုတ် ၁၅ ရက်က အလုံဆိပ်ကမ်းသို့ စတင်ရောက်ရှိလာပြီဖြစ်ကြောင်း၊ မကြာမီသီတင်းပတ်အတွင်း Water Bus များ ဆက်တိုက်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ယင်းရေယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် Tint Tint Myanmar ကုမ္ပဏီက တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံမှ မှာယူတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုရောက်ရှိလာသည့် Water Bus နှစ်စင်းကို ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်း၌ ရေကြောင်းလုံခြုံရေးနှင့် အစိုးရပိုင်းဆိုင်ရာများ ကိစ္စဆောင်ရွက်ရန်အတွက် ရပ်နားထားကြောင်း၊ Catamaran အမျိုးအစားဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ပြေးဆွဲမည့် Yangon Water Bus ကို ပထမအဆင့်အနေဖြင့် လှိုင်သာယာ၊ အင်းစိန်၊ ဗိုလ်တထောင်ခရီးစဉ်ကို စတင်ပြေးဆွဲရန် လျာထားကြောင်း၊ ခရီးစဉ်လမ်းကြောင်းတစ်လျှောက် မှတ်တိုင်များအဖြစ် အင်းစိန်ကြိုးတံတား၊ ဘုရင့်နောင်တံတား၊ FMI အိမ်ရာ၊ လှိုင်ဘူတာရုံလမ်း၊ ကြည့်မြင်တိုင်၊ လသာ (လမ်းသစ်တံတား)၊ ပန်းဆိုးတန်း (နန်းသီတာဆိပ်ကမ်း)နှင့် ဗိုလ်တထောင် (တံတားအမှတ်-၄)တို့ ပါဝင်ကြောင်း သိရသည်။



အဆိုပါ Water Bus အစီအစဉ်သည် ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းခြင်းကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ကြီးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် နည်းလမ်းပေါင်းစုံကြိုးပမ်းဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အနန်းကွင်းတံတားဖွင့်လိုက်၍ သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းသွားလာရေးအဆင်ပြေ

**သံဖြူဇရပ် ဩဂုတ် ၁၈**

အနန်းကွင်း တံတားကြီးသည် ပြည်ထောင်စုအစိုးရက ဖောက်လုပ်ပေးထားသည့် မွန်ပြည်နယ် သံဖြူဇရပ်နှင့် ကရင်ပြည်နယ်ဘုရားသုံးဆူ ကားလမ်း မိုင်တိုင်အမှတ် ၂၁ မိုင် ခုနစ်ဖာလုံနှင့် ၂၂ မိုင်ကြား အနန်းကွင်းကျေးရွာ တောင်ကျချောင်းပေါ်မှ တံတားဖြစ်သည်။

အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၁၄)က ငွေကျပ်သန်း ၁၄၉၇ သန်း အကုန်အကျခံတည်ဆောက်ခဲ့သော တံတားကြီးဖြစ်သည်။



စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ တံတားအရှည်ပေ ၅၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်သုံးပေပါဝင်ပြီး တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ်၊ ကိုယ်ထည် သံကူကွန်ကရစ်ကမ်းကပ်ခုံနှင့် အပေါ်ထည် သံကူကွန်ကရစ်ကြမ်းခင်း၊ သံကူကွန်ကရစ်လက်ရန်းဖြစ်သည်။ စီမံကိန်းစတင်ခဲ့သည့်နေ့မှာ ၁-၁၀-၂၀၁၄ ဖြစ်ပြီး တည်ဆောက်ပြီးသည့် နေ့မှာ ၁-၁၀-၂၀၁၆ ဖြစ်သည်။

အဆိုပါ တံတားကြီးမှာ ယခုအခါ အများပြည်သူအသုံးပြုနိုင်ရန် သက်ဆိုင်ရာက ဖွင့်လှစ်ပေးခဲ့သဖြင့် သံဖြူဇရပ်နှင့် ဘုရားသုံးဆူသွားခရီးသည် ပို့ဆောင်ရေးယာဉ်များ၊ ဒေသထွက်ကုန်တင်ယာဉ်ကြီးများ လွယ်ကူစွာသွားလာ မောင်းနှင်နိုင်ကြပြီဖြစ်သည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

# သိမ်းဆည်းခံလယ်ယာမြေကိစ္စဖြေရှင်းပေးရေး လယ်သမားများ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**ပေါက် ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ သိမ်းဆည်းခံလယ်ယာမြေ ပြဿနာပြန်လည်ဖြေရှင်းပေးရေးနှင့် အခြားတောင်းဆိုချက်ကိုးချက်နှင့်အတူ လယ်သမားများ ငြိမ်းချမ်းစွာစုဝေး စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခြင်းကို ပေါက်မြို့နယ် မျှားပိုင်းကျေးရွာအုပ်စု လေးပင်အိုင့်ကျေးရွာနေ ဦးကြည်ဝင်းနှင့် မျှားပိုင်းကျေးရွာနေ ဒေါ်တင်တင်ကြူတို့ ဦးဆောင်၍ ကျေးလက်နေပြည်သူများနှင့်အတူ ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ငြိမ်းချမ်းစွာလမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒဖော်ထုတ်ရာတွင် ပေါက်မြို့ ရွှေပေါက်ပင်ရပ်ကွက် ပေါက်ချောင်းရေကျော်တံတားထိပ်မှစတင်ပြီး ကြွေးကြော်သံများကို ကြွေးကြော်၍ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ပေါက်-ပခုက္ကူကားလမ်းမအတိုင်း မြို့ဦးထိပ်တြိဂံလမ်းဆုံရှေ့ထိုမှတစ်ဆင့် ဘုရင့်နောင်လမ်းအတိုင်း သာသနာ့ဗိမာန်အထိ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့သည်။

အဆိုပါဆန္ဒဖော်ထုတ်ပွဲတွင် ပေါက်မြို့နယ်အတွင်းရှိ မျှားပိုင်း၊ ထန်းပင်ချောင်း၊ လေးပင်အိုင့်၊ ခင်အေး၊ အုန်းမှင်စသည့်ကျေးရွာများမှ ဒေသခံတောင်သူ ၄၀၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# လှိုင်သာယာရွှေသံလွင်စက်မှုဇုန် မြန်မာရီဝင်းချောင်းကျောပိုးအိတ်စက်ရုံအလုပ်သမားများ အခြေခံလစာအပြည့်အဝရရှိရေးနှင့် လုပ်ငန်းပြန်လည် လည်ပတ်နိုင်ရေးညှိနှိုင်း

**ရန်ကုန် ဩဂုတ် ၁၈**

သတ်မှတ်ထားသော အခြေခံလစာရရှိရေးနှင့် စက်ရုံအလုပ်သမားများအား ကုန်ကြမ်းပစ္စည်းချပေးခြင်းမရှိဘဲ လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းထားခြင်းအပေါ် တောင်းဆိုထားသော အချက်များအား မြန်ဆန်စွာဖြေရှင်းဆောင်ရွက်နိုင်မှုမရှိသောကြောင့် စက်ရုံအလုပ်သမား ၄၀၀ ခန့်က ဆန္ဒဖော်ထုတ်ခြင်းကို ဩဂုတ် ၁၁ ရက်မှ ယနေ့အထိ လှိုင်သာယာ ရွှေသံလွင်စက်မှုဇုန် မြန်မာရီဝင်းချောင်း မန်နျူဖက်ထရီလီမိတက်ကျောပိုးအိတ်စက်ရုံတွင် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

“ကျွန်မတို့ကို အခြေခံလုပ်ခပေးတာညီမျှမှုမရှိဘူး။ ငွေကျပ် ၁၈၀၀ ပေးတယ်၊ ငွေကျပ် ၂၇၀၀ ပေးတယ်၊ ငွေကျပ် ၃၆၀၀ ပေးတယ်။ နိုင်ငံတော်က သတ်မှတ်ထားတဲ့အတိုင်းမပေးဘူး။ စက်ရုံမှာ ဆေးဝါးလုံလောက်မှုမရှိသလို၊ လူမှုဖူလုံရေးဆေးခန်းသွားရင် ဝင်ထွက်ခွင့်အလွယ်တကူမပေးဘူး။ လုပ်သက်ကျွမ်းကျင်(A-B-C) အဆင့်ခွဲပြီးမပေးဘူး။ ပြီးတော့ချုပ်နေတဲ့ ကျောပိုးအိတ်တွေကို တခြားစက်ရုံပို့ပြီး လုပ်ငန်းကိုရပ်လိုက်တယ်။ အလုပ်သမားကိုယ်စားလှယ်တွေပြောတော့မှ ချည်လုံးတွေ ပြန်ချပေးပြီး ပယ်ထားတဲ့ ကျောပိုးအိတ်အစတွေနဲ့ ပြန်ချုပ်ခိုင်းတယ်။ စက်ရုံထဲမှာ ဘာပစ္စည်းမှ မရှိတော့ဘူး။ စက်ရုံပိတ်မယ်ဆိုရင်လည်း ပွင့်ပွင့်လင်းလင်းပြောဖို့လိုမယ်။ အလုပ်သမား ၄၀၀ နီးပါး ဒုက္ခရောက်နေရတယ်။ အလုပ်လည်း မလုပ်ရ၊ ဖြစ်တာက ၁၀ ရက်နေ့ ညပိုင်းပစ္စည်းတွေအားလုံး တခြားစက်ရုံကို ရွှေ့ပြောင်းပစ်တာကစတာပါ။ စက်ရုံကိုမှီခိုပြီး ဝမ်းရေးဖြေရှင်းနေရတဲ့ အလုပ်သမားတွေစိုးရိမ်လာလို့ စက်ရုံမှာပဲ ညအိပ်စောင့်နေရတယ်”ဟု စက်ရုံမှ အလုပ်သမားကိုယ်စားလှယ်ဖြစ်သော မစုမြတ်မွန်က ပြောသည်။



အဆိုပါကျောပိုးအိတ်စက်ရုံ၌ အလုပ်ရှင်၊ အလုပ်သမားပြဿနာဖြစ်ပွားခဲ့သည်မှာ ယခုအကြိမ်နှင့် သုံးကြိမ်ရှိပြီဖြစ်ပြီး အလုပ်သမားများသိရှိခြင်းမရှိဘဲ စက်ရုံပိတ်သိမ်းမည်ကိုစိုးရိမ်နေကြ၍ စက်ရုံတွင် အလုပ်သမား ၂၀၀ စီမှာ နေ့ပိုင်း၊ ညပိုင်းခွဲကာ စောင့်ကြပ်ရသောကြောင့် ဆွေမျိုးမိဘများလည်း ညပိုင်းတွင် လာရောက်ကြည့်ရှုစောင့်ကြပ်လျက်ရှိသည်။

“သူတို့တောင်းဆိုတဲ့ခုနစ်ချက်ထဲမှာပါတဲ့ ဖယ်ရီကားခနဲ့ပတ်သက်ရင်၊ အလုပ်မဆင်းရင်တော့ ဖြတ်ပါတယ်။ လူမှုဖူလုံရေးခွင့်၊ ရှောင်တခင်ခွင့်ဆိုရင် နေ့ကြေးလည်းပေးတယ်၊ ကားခလည်းပေးတယ်။ ရိုးရိုးခွင့်ဆိုရင် မပေးဘူး။ တရုတ်ပညာရှင်နဲ့ စကားပြန်နေတဲ့နေရာတွေကို သန့်ရှင်းရေးမလုပ်ခိုင်းဘူး။ ဆေးဝါးမလုံလောက်ဘူးဆိုတာကလည်း သူနာပြုမှာတဲ့ဆေးကို တစ်လကျပ်တစ်သိန်းဖိုး စက်ရုံကဝယ်ပေးပါတယ်။ စက်ရုံက လည်ပတ်ပါတယ်၊ အလုပ်သမားတွေ ညပိုင်းစောင့်အိပ်တယ်ဆိုတာက စက်ရုံထဲကပစ္စည်းတွေ ဆွဲထုတ်သွားမှာကို စိုးရိမ်လို့ဖြစ်မှာပါ”ဟု စက်ရုံ၏ စကားပြန် ဦးမြင့်သန်းအောင်က ပြောသည်။

မြန်ဆန်စွာဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် တောင်းဆိုထားသော အလုပ်သမားအခွင့်အရေးခုနစ်ချက်ကို စက်ရုံအလုပ်သမားများက လိုလားလျက်ရှိပြီး လုပ်ငန်းခွင်ပြန်လည်လည်ပတ်နိုင်ရေးနှင့် အလုပ်သမားအခွင့်အရေးအပြည့်အဝရရှိရေးအတွက် ယနေ့မွန်းလွဲ ၂ နာရီတွင် မြို့နယ်အလုပ်သမား ညှိနှိုင်းဖျန်ဖြေရေးရုံး၌ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၆၄)၊ ဓာတ်ပုံ-သစ္စာ**

# နိုင်ငံတစ်ဝန်းတွင် ရာသီတုပ်ကွေးရောဂါလက္ခဏာဖြင့် ပြသသူ ၇၄၇ ဦးရှိပြီး ဓာတ်ခွဲအတည်ပြု H1N1 ဖြစ်ပွားသူ ၂၈၂ ဦး၊

## ဓာတ်ခွဲအတည်ပြုသေဆုံးသူ ၂၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော်  ဩဂုတ်  ၁၈**

နိုင်ငံတစ်ဝန်းတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၇၄၇ ဦး၊ Influenza A(H1N1)pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၂၈၂ ဦးရှိကာ ဓာတ်ခွဲအတည်ပြုသေဆုံးသူ ၂၉ ဦးရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရှိရသည်။

ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) သံသယလူနာ ၂၂ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာ ငါးဦးတွေ့ရှိခဲ့ရပြီး ထပ်မံသေဆုံးသူလူနာ နှစ်ဦးရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ဇူလိုင် ၂၀ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင် ရောဂါလက္ခဏာဖြင့် ပြသသူဦးရေ | Influenza A(H1N1) pdm09 ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၀ | ၀ | ၀ |
| ၂ | ကယားပြည်နယ် | ၀ | ၀ | ၀ |
| ၃ | ကရင်ပြည်နယ် | ၁၅ | ၁၁ | ၁ |
| ၄ | ချင်းပြည်နယ် | ၆၆ | ၁၃ | ၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀ | ၁၄ | ၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂၀ | ၁၅ | ၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၅ | ၃၇ | ၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၂ | ၁၄ | ၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂၀ | ၁၆ | ၂ |
| ၁၀ | မွန်ပြည်နယ် | ၁၁ | ၆ | ၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၈ | ၃ | ၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၄၆ | ၈၃ | ၇ |
| ၁၃ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၁၁ | ၃ | ၀ |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၄ | ၁၀ | ၀ |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၆ | ၃ | ၁ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၇၉ | ၃၇ | ၁၁ |
| ၁၇ | နေပြည်တော် | ၂၂ | ၁၇ | ၀ |
| | **စုစုပေါင်း** | **၇၄၇** | **၂၈၂** | **၂၉** |

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉ ဦးရှိကြောင်း။

ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင် H1N1 ပိုးတွေ့အတွင်းလူနာ လေးဦး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၄၆ ဦး စုစုပေါင်း ၅၀ ဆက်လက်ဆေးဝါးကုသမှု ခံယူလျက်ရှိပြီး အများစုမှာ ရောဂါသက်သာလျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ FluNet Website တွင် ဖော်ပြထားချက်အရ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၅ ရက်အထိ ခုနစ်လခန့်ကာလအတွင်း အရှေ့တောင်အာရှဒေသနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၏ သတင်းပေးပို့အတည်ပြု ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | နိုင်ငံ | Influenza A(H1N1) pdm09 ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူဦးရေ |
|---|---|---|
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁၂၀၆၀ |
| ၂ | အိန္ဒိယနိုင်ငံ | ၁၃၁၈ |
| ၃ | နီပေါနိုင်ငံ | ၄၈၀ |
| ၄ | သီရိလင်္ကာနိုင်ငံ | ၃၇၃ |
| ၅ | မော်လ်ဒိုက်နိုင်ငံ | ၂၈၉ |
| ၆ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ၂၇၄ |
| ၇ | မြန်မာနိုင်ငံ | ၁၃၆ |
| ၈ | ထိုင်းနိုင်ငံ | ၁၀၉ |
| ၉ | မလေးရှားနိုင်ငံ | ၅၉ |
| ၁၀ | ဘူတန်နိုင်ငံ | ၄၈ |
| ၁၁ | အင်ဒိုနီးရှားနိုင်ငံ | ၂ |

သို့ဖြစ်၍ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေဖြင့် မြန်မာနိုင်ငံတွင်သာမက နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံများနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအနက် အများစုတွင် အမျိုးအစားတူ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသည့် ကာလဖြစ်သည်ဟု သုံးသပ်ရကြောင်း။

ပြည်တွင်းလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများမှလည်း အလှူငွေများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ရောဂါကာကွယ်ရေးပစ္စည်းများနှင့် ကာကွယ်ဆေးများအား ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် Nanova Co.,Ltd (3M Authorized Distributor) မှ ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးသုံးပစ္စည်းများ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့လူနာများသာမက ပိုးမတွေ့လူနာများအား လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ရောဂါကုသရေးလမ်းညွှန်များအတိုင်း ထိရောက်သောကုသမှုများရရှိရန် အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း။

ခုခံကျကာလသားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီရောဂါ၊ ဆီးချို သွေးချိုစသည့် အခြားရောဂါအခံရှိသော သူများနှင့် ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ အချိန်မီ ထိရောက်စွာ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ဩဂုတ် ၁၇ ရက်က ရွှေဘိုပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများ အသုံးပြုနိုင်ရန် တစ်ကိုယ်တော်ပရဟိတသမားများကွန်ရက်မှ လှူဒါန်းသည့် H1N1 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သော N 95 Mask အခု ၃၀၀၊ Surgical Mask အခု ၂၀၀ နှင့် Sterile Surgical Gowns အထည် ၂၀ ကို ရွှေဘိုမြို့နေ ကိုညီညီကျော်မှတစ်ဆင့် ပေးအပ်လှူဒါန်းရာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်စိုးက လက်ခံယူစဉ်
မိုးသောက် (ရွှေဘို)

# ကျောင်းကုန်းမြို့မဈေးကြီးအတွင်း ပဲပြား၊ ပဲသွေး(အမဲသွေး)များ နမူနာယူ၍ ပုသိမ်မြို့သို့ ပို့ဆောင်စစ်ဆေးသွားမည်

**ကျောင်းကုန်း  ဩဂုတ်  ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်း မြို့နယ် မြို့မဈေးကြီးအတွင်း ဖော်မလင်ဆေးထည့်သွင်းသုံးစွဲထားသော ပဲပြား၊ ပဲသွေး(အမဲသွေး)တို့အား ရှောင်တခင် စစ်ဆေးခြင်းကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီက လိုက်လံစစ်ဆေးသည်။

အဆိုပါအဖွဲ့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနနှင့် မြို့မဈေး စားသုံးသူရေးရာအဖွဲ့များက ပဲပြား၊ ပဲသွေး(အမဲသွေး)ရောင်းချသူများထံမှ နမူနာယူ၍ ပုသိမ်မြို့သို့ ပို့ဆောင်ကာ စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ခရိုင်မြို့များတွင် စစ်ဆေးသည့်ကိရိယာ တစ်ပါတည်းပါလာပြီး စစ်ဆေးနိုင်သော်လည်း ကျောင်းကုန်းမြို့နယ်အနေဖြင့် ချက်ချင်းစစ်ဆေးရန် စက်ကိရိယာမရှိသဖြင့် ပုသိမ်မြို့သို့ပို့ဆောင်စစ်ဆေးရမည်ဖြစ်ကြောင်း၊ ရောင်းချသူများ ပြောကြားချက်အရ ယခုပဲပြားများကို ရန်ကုန်တိုင်းဒေသကြီးနှင့် နေ့ဖြူမြို့ ကျုံတနီးမှ ဝယ်ယူရောင်းချကြောင်း သိရသည်။

ဆက်လက်၍ အမက မြို့မ စာသင်ကျောင်းရှိ ကျောင်းမုန့်ဈေးဆိုင်အား မြို့နယ်စည်ပင်နှင့် စားသုံးသူရေးရာအဖွဲ့ဝင်များက စစ်ဆေးကာ စားသုံးရန်မသင့်သည့် တားမြစ်ထားသော ဆိုးဆေးပါဝင်သည့်အစားအစာများ မရောင်းချရန်သတိပေးပြောကြားခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကျင်းပ

**ရန်ကုန်  ဩဂုတ်  ၁၈**

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနားကို မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၌ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ဆေးရုံအုပ်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်များနှင့် ပါမောက္ခများ၊ ဆရာဝန်၊ ဆရာမများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးမွေးဖွားပြီးသော မိခင်များ တက်ရောက်ကာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက အမှာစကားပြောကြားပြီး သားဖွားမီးယပ်ပါမောက္ခများ၊ မွေးကင်းစကလေး တွဲဖက်ပါမောက္ခတို့က မိခင်နို့တိုက်ကျွေးခြင်းနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး

**ရန်ကုန်  ဩဂုတ်  ၁၈**

ရန်ကုန်မြို့တာမွေမြို့နယ် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျောင်းသား ကျောင်းသူများအား မြို့နယ်ရဲတပ်ဖွဲ့က ဦးဆောင်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ ရက်က ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး လုဘုန်းကျော်က လူကုန်ကူးမှု အသိပညာပေးအကြောင်းအရာများကို ဟောပြောဆွေးနွေးပြီး ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားကာ ရဲတပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **လှလှ**

**လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ**

## ဧရာဝတီမြစ်ရေ မြင်းမူနှင့် ညောင်ဦးမြို့နယ်တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မြင်းမူမြို့နယ်နှင့် ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ဝိုင်းမော်မြို့ရှိ ရေဝပ်သောရပ်ကွက်များအား ရေများလျင်မြန်စွာဖောက်ထုတ်ပေးနိုင်ရေး ဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၁၈**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဝိုင်းမော်မြို့ရပ်ကွက်(၁)နှင့် ရပ်ကွက်(၂) များရှိ မြေနိမ့်နေရာများ နေအိမ်အချို့နှင့် အခြေခံပညာကျောင်းအချို့တွင် ရေဝင်ရောက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အမှတ်(၁)ရပ်ကွက်၌ ရေဝပ်နေသောနေရာများမှ ပေ ၆၀၀ အရှည်ခန့် ရေမြောင်းဖောက်လုပ်ပြီး ဧရာဝတီမြစ်အတွင်းသို့ ရေပို့ထုတ်မည့်အစီအစဉ်နှင့် အမှတ်(၂)ရပ်ကွက်အတွင်းမှ ရေများကို နန့်မြင်းခချောင်းအတွင်း ရေနုတ်မြောင်းဖောက်လုပ်ပြီး ပို့ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေများလျင်မြန်စွာ ဖောက်ထုတ်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ရေဝပ်နေရာများမှ ရေများ ပို့ထုတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ရပ်ကွက်အတွင်းရှိ ရေများကို နန့်မြင်းခချောင်းနှင့် ဧရာဝတီမြစ်များအတွင်း လျင်မြန်စွာ ပို့ထုတ်နိုင်ရေးအတွက် အရေးပေါ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေရှည်တွင် ရပ်ကွက်များအတွင်း ရေဝပ်မှုမရှိစေရေး၊ ပင်မရေနုတ်မြောင်းများ ပြုလုပ်နိုင်ရေး၊ ဌာနဆိုင်ရာများပူးပေါင်းပြီး မြေပြင်ကွင်းဆင်းတိုင်းတာမှုများ စနစ်တကျပြုလုပ်၍ လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရေး မှာကြားကာ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

# တာချီလိတ်မြို့ပေါ်ရပ်ကွက်တချို့ ရေနစ်မြုပ်နေသဖြင့် ကျောင်းနှင့်ဈေးများ ယာယီပိတ်ထားရ



**တာချီလိတ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ဩဂုတ် ၁၅ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မဲခေါင်မြစ်ရေထောက်ကာ မြန်မာ-ထိုင်းပိုင် မယ်ဆိုင်ချောင်းရေမြင့်တက်လာကာ တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း ရေများရုတ်တရက်ဝင်လာပြီး စာသင်ကျောင်းနှင့် ဈေးတချို့ ယာယီပိတ်ထားရကြောင်း သိရသည်။

"၂၀၁၄ ခုနှစ် ရေကြီးတာထက် စာရင် လေးလက်မလောက် လျော့ပါသေးတယ်။ ဒါပေမယ့် တာလော့၊ ပုန်းထွန်၊ ဆန်ဆိုင်း(ခ)ရပ်ကွက်နဲ့ လာဟူဈေးဘက်တွေမှာ ရေဝင်တာမျိုးတွေဖြစ်နေပါတယ်။ ဒီနေ့မနက် တိုင်းတာချက်အရ မဲခေါင်မြစ်ရေကတော့ စိုးရိမ်ရေမှတ်အထက် တစ်ပေနဲ့ ရှစ်လက်မလောက် မြင့်တက်နေတယ်။ မဲခေါင်မြစ်ကလည်း ထောက်၊ မယ်ဆိုင်ချောင်းကလည်း ဆင်းနေပြီး ဒေသတွင်းမှာလည်း မိုးအဆက်မပြတ်ရွာနေခဲ့တာကြောင့် တောင်ကျ ချောင်းရေတွေကလည်း အကုန်လုံး စုပြုံဆင်းလာတာကြောင့် တာချီလိတ်မြို့မှာ ရေဝင်ဧရိယာတွေ ဖြစ်ပေါ်နေတာပါ "ဟု ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ပြောသည်။

အဆိုပါ ရေဝင်ဧရိယာများ၌ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးအေးမင်းဦးနှင့် တပ်မတော်သားများ၊ တာချီလိတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များက ရေကင်းများချထားစောင့်ကြည့်လျက်ရှိကြောင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၁၈ ရက်နံနက် ၅ နာရီခန့်တွင် တာချီလိတ်မြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်များတွင် တောင်ကျရေစီးဆင်းလာပြီး ပုန်းထွန်ရပ်ကွက်တွင် အိမ်ခြေ ၂၅၀ ခန့်၊ တာလော့ရပ်ကွက်တွင် အိမ်ခြေ ၃၀၀ ခန့်အထိ ရေဝင်ခဲ့ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ ၄၇၀ မှ ၃၈၀ စင်တီမီတာအထိ ပြန်ကျခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှု ကြီးကြီးမားမားမရှိကြောင်း၊ နိုင်ငံကူးလက်မှတ်ရုံးအား ရေမဝင်သည့်နေရာသို့ ရွှေ့ပြောင်းပြီး လုပ်ငန်းစဉ်မပျက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဗယ်လင်တိုင်းကဖေး၊ ရေသန့်လုပ်ငန်းရှင်များအသင်းနှင့် အလှူရှင်များက ထမင်းဘူးနှင့် သောက်ရေသန့်များအား ကြိုတင်ပြင်ဆင်ထားကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ချင်းတွင်းမြစ်ရေမြင့်တက်၍ မြစ်ကမ်းတစ်လျှောက်ရှိ မြို့ခြောက်မြို့တွင် စိုးရိမ်ရေမှတ်ထက်ကျော်လွန်နေ

**စစ်ကိုင်း ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဒေသများတွင် ဩဂုတ်လ ဒုတိယပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်နေပြီး မြစ်ကမ်းတစ်လျှောက်ရှိ မြို့ခြောက်မြို့တွင် စိုးရိမ်ရေမှတ်ထက်ကျော်လွန်နေကြောင်း မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။

ချင်းတွင်းမြစ်ရေ မြင့်တက်နေသည့်အတွက် မြစ်ကြောင်းသွားရေယာဉ်အားလုံးကို ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက် ယာယီရပ်နားထားရန် တိုင်းဒေသကြီး မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပြန်ထားသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဩဂုတ် ၁၈ ရက် တိုင်းထွာချက်အရ ချင်းတွင်းမြစ်အထက်ပိုင်း ခန္တီးမြို့တွင် ၅၅ စင်တီမီတာ၊ ဟုမ္မလင်းမြို့တွင် ၁၀၇ စင်တီမီတာ၊ ဖောင်းပြင်မြို့တွင် ၆၄ စင်တီမီတာ၊ မော်လိုက်မြို့တွင် ၁၀၄ စင်တီမီတာ၊ ကလေးဝမြို့တွင် ၁၈ စင်တီမီတာနှင့် မင်းကင်းမြို့တွင် ၁၄ စင်တီမီတာအထိ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေကြောင်း သိရသည်။ မြစ်အောက်ပိုင်း ကနီမြို့နှင့် မုံရွာမြို့တို့တွင် စိုးရိမ်ရေမှတ်အောက်တွင်သာရှိနေသေးပြီး နောက်နှစ်ရက်ခန့်တွင် စိုးရိမ်ရေအမှတ်သို့ ရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်။



ပြီးခဲ့သည့် ဇူလိုင်လကလည်း ချင်းတွင်းမြစ်ရေတက်ခဲ့သည့်အတွက် မြို့ရှစ်မြို့တွင် စိုးရိမ်ရေမှတ် အသီးသီးအထက်ကျော်လွန်ခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် လယ်ယာမြေဧက ၁၆၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် ဇူလိုင်လက ရေကြီးရေလျှံမှုကြောင့် လူနှင့်တိရစ္ဆာန်များ သေဆုံးမှုရှိခဲ့ပြီး ရေဘေးဒုက္ခရောက်သူများကို စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနအနေဖြင့် ငွေနှင့်အခြား အသုံးအဆောင်ပစ္စည်းများ စုစုပေါင်းငွေကျပ်သိန်းပေါင်း ၇၀၀ ဝန်းကျင်ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ဘူးသီးတောင်မြို့နယ်၌ အကြမ်းဖက်အဖွဲ့များနှင့်ပတ်သက်သူ ၂၃ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အကြမ်းဖက်အဖွဲ့များနှင့် ပတ်သက်သူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၅ ရက် နံနက် ၅ နာရီခွဲခန့်က ဘူးသီးတောင်မြို့နယ် ဦးလုဖေကျေးရွာအုပ်စု ဦးလုဖေ(မြောက်)ကျေးရွာနေ ရော်ကီန်း(ခ) ဖူဟမ်း အပါအဝင် ၄၉ ဦးအား စစ်ဆေးရာ ၎င်းတို့အနက် ၂၃ ဦးမှာ အကြမ်းဖက်အဖွဲ့များနှင့်ပါဝင်ပတ်သက်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ လူသေအလောင်း တစ်လောင်းတွေ့ရှိ မောင်တောမြို့နယ်၌ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

ဘူးသီးတောင်မြို့နယ် နွားရုံတောင်ကျေးရွာ တစ်စင်ချောင်းကမ်းစပ်၌ ယမန်နေ့မွန်းလွဲပိုင်းက အလောင်းတစ်လောင်းတွေ့ရှိခဲ့ကြောင်း သိရသည်။

နွားရုံတောင် ကျေးရွာသားများသည် ယမန်နေ့ ညနေ ၃ နာရီခန့်က တစ်စင်ချောင်းကမ်းစပ်၌ အလောင်းတစ်လောင်းတွေ့ရှိကြောင်း သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဦးခေါင်းမပါ၊ ဝဲခြေသလုံးပြတ်ရဒဏ်ရာ၊ ရင်ဘတ်ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသော အလောင်းတစ်လောင်း တွေ့ရှိခဲ့သဖြင့် ဘူးသီးတောင်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ပန်းတောပြင်အနောက်ရွာ ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်သည့် မသင်္ကာသူ မိုဟာမတ် အမရန်းအား ယမန်နေ့ည ၇ နာရီခန့်က ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်သဖြင့် စာသင်ကျောင်း နှစ်ကျောင်း ယာယီပိတ်

**ခင်ဦး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ဘေးရှိ ကဘွက်ကျေးရွာအုပ်စုနှင့် ကုတ္တက်ကျေးရွာအုပ်စုတို့တွင် မြစ်ရေဝင်ရောက်သဖြင့် ဩဂုတ် ၁၈ ရက်က ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ရေဝင်ရောက်နေသော ကျေးရွာများသို့သွားရောက်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ယနေ့ချိန်ထိ ကဘွက်ကျေးရွာအုပ်စု ကဘွက်ကျေးရွာတွင် လူနေအိမ် ၁၃၀၊ ရုံးပင်ကျေးရွာတွင် လူနေအိမ် ၁၃၁ အိမ်နှင့် ကုတ္တက်ကျေးရွာအုပ်စု သီဟတောကျေးရွာတွင် လူနေအိမ် ၄၅ အိမ်၊ သင်ပေါင်းကားကျေးရွာတွင် လူနေအိမ် ၁၂ အိမ် မြစ်ရေဝင်ရောက်နေသဖြင့် တချို့အိမ်များမှာ ပြောင်းရွှေ့မှုများ ပြုလုပ်လျက်ရှိကြောင်း၊ မြစ်ရေဝင်ရောက်သဖြင့် ကဘွက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ရုံးပင်ကျေးရွာ မူလတန်းလွန်ကျောင်းနှစ်ကျောင်း ယာယီပိတ်ထားကြောင်း သိရသည်။

**(ခင်ဦးစိုးဝေ)**

# ဆင်များထိန်းသိမ်းစောင့်ရှောက်ခြင်းမွမ်းမံသင်တန်းဆင်း

**နေပြည်တော် ဩဂုတ် ၁၈**

ဆင်များထိန်းသိမ်းစောင့်ရှောက်ခြင်း ( ဆင်အုပ်/ဆင်ခေါင်း)မွမ်းမံသင်တန်း အမှတ်စဉ် ၂၅ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ် ၁ နန်ချွန်တွင် ကျင်းပသည်။

အခမ်းအနားတွင် နန်ချွန်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးခင်မောင်တင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး စည်သူဒေါက်တာ ဝမ်ထွန်း(လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း)နှင့် မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် သင်တန်းတက်ရောက်ခဲ့သူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**( သတင်းစဉ်)**

# ဇူလိုင် ၁ ရက်မှ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်း ရေဘေးသင့်သူ နှစ်သိန်းကျော်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

ရေဘေးကြောင့် ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုများအနက် ဩဂုတ် ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၁၈၅၈၀ ခန့်မှ လူဦးရေ ၇၄၂၃၃ ဦးခန့် ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံလျက်ရှိပြီး လိုအပ်သော ထောက်ပံ့မှုများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

ဩဂုတ် ၁၆ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရေများပြန်လည်ကျဆင်းသွားသဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများကို ပိတ်သိမ်းပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အချို့နေရာများတွင် ရေဆက်လက်မြင့်တက်နေသဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများ ဆက်လက်ဖွင့်လှစ်ထားကြောင်း သိရသည်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၁ ခုမှ ရေဘေးသင့်သူများအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ရေဝင်အိမ်ထောင်စု စုစုပေါင်း ၅၄၀၇၅၊ ရေနောက်မျောပါသည့် ၇၅ အိမ်နှင့် ယာယီပြောင်းရွှေ့နေအိမ် ၅၃၀၆၄ အိမ်မှ စုစုပေါင်း လူဦးရေ ၂၁၄၃၃၀၂ ဦးနှင့် သေဆုံးသူလေးဦးတို့အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၁၆၀၅၇၆၃၉ ကျပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်း -ဇင်ဦး(မြန်မာ့အလင်း)**

# အသုဘပို့လာသူများအား ကုန်တင်ယာဉ်တိုက် တစ်ဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**ဘီးလင်း ဩဂုတ် ၁၈**

ဘီးလင်းမြို့ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်း မိုင်တိုင်အမှတ် (၁၂၅ / ၂ ) နှင့် (၁၂၅/၃)ကြားတွင် ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားရာ တစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုက်ထိုဘက်မှ ဘီးလင်းဘက်သို့ ယာဉ်မောင်း ခင်ဇော်ဦး (၄၃နှစ်) ဘားအံမြို့နေသူ မောင်းနှင်လာသောကုန်တင်ယာဉ်သည် ကန်သာယာရပ်ကွက် ဂျပန်ကုန်းအရောက်တွင် မျက်နှာချင်းဆိုင်မှလာသော အသုဘပို့ယာဉ်တန်းအား တိမ်းရှောင်ရာမှ ဘရိတ်ပေါက်ပြီး ကျိုက်ထိုဘက်သို့ ယာဉ်မောင်းဝေဇင်ဖြိုး (၂၃နှစ်) မောင်းနှင်လာသည့် လိုက်ထရပ်ယာဉ်နှင့် အသုဘလိုက်ပါပို့ဆောင်သည့် ဆိုင်ကယ် လေးစီးတို့အား တိုက်မိခဲ့သည်။

ဆက်လက်၍ အဆိုပါကုန်တင်ယာဉ်သည် အသုဘပို့ယာဉ်တန်းအား လမ်းရှင်း နေသည့် ဘီးလင်းမြို့ ဘိုးရာဇာရပ်ကွက်နေ ဇင်မင်းစိုး (၂၀နှစ်) အား ဝင်ရောက်တိုက် မိရာ ဇင်မင်းစိုးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဘိုးရာဇာရပ်ကွက်နေသူများ ဖြစ်သည့် ဝေယံ၊ အောင်ထွန်း၊ အောင်သူ၊ မစန်းစန်းဝေ၊ ဒေါ်ညိုနှင့် ကန်သာယာ ရပ်ကွက်နေ ဦးသန်းလွင်တို့မှာ ဒဏ်ရာများရရှိခဲ့ကြသည်။

ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူများအား လူမှုကူညီရေးအသင်းများက ဘီးလင်းဆေးရုံသို့ ပို့ဆောင်ကူညီခဲ့ကြပြီး ယာဉ်မောင်း ခင်ဇော်ဦးအား ဘီးလင်းမြို့ နယ်ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၆ စီး၊ သွင်းကုန် ၅၂၈ စီး၊ ရန်ကုန် -မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး ၊ သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်းတင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်က ရန်ကုန်သို့သွားရောက်မည့် ၂၂ ဘီးယာဉ်တစ်စီးနှင့် ၁၂ ဘီးယာဉ် နှစ်စီးတို့အား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာ လွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Plastic PP Woven Bag (500)Kg နှင့် Plastic Floor Mat (600)Kg စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၇၅၆ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောင်းကြိုပို့ စက်တပ်ကူးတို့လှေတိမ်းမှောက်၊ သုံးဦးပျောက်ဆုံးလျက်ရှိ

**ပုသိမ် ဩဂုတ် ၁၈**

ကန်ကြီးထောင့်မြို့နယ် ကန်ရွာတိုက်နယ် အုပ်စု တိုင်းချောင်းကျေးရွာ ဘုန်းကြီး ကျောင်းကူးတို့ဆိပ်အနီး၌ ဩဂုတ် ၁၆ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က ပမ္မဝတီတစ်ဖက်ကမ်း မြောင်းမြမြို့နယ် ထုံးဘိုဖျိုင်းဖြူကျေးရွာ အလက (ခွဲ) ကျောင်းမှ ကျောင်းဆင်း၍ ကျောင်းသား ကျောင်းသူ ၁၇ ဦး လိုက်ပါလာသည့် ကူးတို့လှေ တိမ်းမှောက်မှုဖြစ်ပွား ကြောင်း သိရသည်။

လှေတိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ကန်ကြီးထောင့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးအောင်၊ ကန်ရွာ နယ်မြေရဲစခန်းမှူး ရဲအုပ် ကျော်မင်း နောင်၊ တိုင်းချောင်းလက်ဆောင်ကွင်း ကျောင်းသားမိဘများ၊ မြောင်းမြမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်လွင်၊ နယ်မြေ ရဲစခန်းမှူး ဒုရဲမှူး အောင်ဇော်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြောင်းမြမြို့နယ် မီးသတ် ဦးစီးဌာနဦးစီးမှူး ဦးသန့်ဇင်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများပူး ပေါင်းရှာဖွေရာ ကျောင်းသား ကျောင်းသူ ၁၅ ဦး ကယ်ဆယ်ရရှိသော်လည်း ကန်ကြီးထောင့် လက်ဆောင်ကွင်း ကျေးရွာအုပ်စုနေ မအေးငြိမ်းသူ (၁၃နှစ်) ပဉ္စမတန်းကျောင်းသူ၊ အလယ်စု ကျေးရွာနေ မောင်ဟိန်းထက်ဇော် (၁၅ နှစ်) သတ္တမတန်းကျောင်းသားနှင့် ကူးတို့လှေမောင်း ဦးသန်းဦး (၅၂ နှစ်) တို့ ပျောက်ဆုံးလျက်ရှိသည်။ ဖြစ်စဉ် အား ကန်ရွာနယ်မြေရဲစခန်းမှ ဒုရဲအုပ် အောင်သူက စစ်ဆေးရာ အဆိုပါ ကူးတို့ လှေသည် အလျား ၁၈ ပေ၊ အကျယ် နှစ်ပေခြောက်လက်မ၊ ဇောက်တစ်ပေခွဲ ရှိပြီး မောင်းနှင်သူပါ ၁၈ ဦး တင်ဆောင် ထားသဖြင့် လှေဝမ်းဗိုက်ရှိ ဖာထေး နေရာမှပွင့်ထွက်၍ ရေဝင်နစ်မြုပ်ခြင်း ဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ကူးတို့လှေကို ပေါ့ဆစွာမောင်းနှင်သူ ဦးသန်းဦးအား ကန်ရွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ပုသိမ်(လှကြည်)

# ဦးကိုနီလုပ်ကြံမှု အကြိမ် (၂၀) မြောက် ရုံးထုတ်၊ သက်သေလေးဦးကို စစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၈**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့် ပတ်သက်ပြီး သေနတ်သမား ကြည်လင်း နှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အောင်ဝင်းထွန်းတို့ကို ယနေ့ နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် မြောက်ပိုင်းခရိုင် အထူးတရားခုံရုံး၌ အကြိမ် (၂၀) မြောက် ရုံးထုတ်ကာ လိုပြ သက်သေရှစ်ဦး ဆင့်ခေါ်ထားသော်လည်း လေးဦးသာ စစ်ဆေးမှုပြုလုပ်နိုင်ခဲ့ ကြောင်း သိရသည်။



ဦးကိုနီအား သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံသူ ကြည်လင်းနှင့် အပေါင်းအပါများအား အင်းစိန်မြို့နယ် မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ အကြိမ် (၂၀) မြောက် ရုံးထုတ်လာစဉ်

ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယ ခရိုင်တရားသူကြီးက ယနေ့ အထူး တရားခုံရုံးက တရားခံကြည်လင်း (ခ) ဖိုးထူးပါ လေးဦးအမှုတွင် သေဆုံးသူ ဦးကိုနီ၏သမီးဖြစ်သူ ဆေးဝါးဗေဒဌာန သူနာပြု တက္ကသိုလ် (ရန်ကုန်) လ/ထ ကထိက ဒေါက်တာယဉ်နွယ်ခိုင်အပါအဝင် လေးဦးသာ စစ်ဆေးမှုပြုနိုင်ကြောင်း၊ အထူးခုံရုံးက နောက်တစ်ပတ်ရုံးချိန်းကို ဩဂုတ် ၂၅ ရက် (သောကြာနေ့)သို့ ထပ်မံချိန်းဆို လိုက်ကြောင်း ပြောကြား သည်။

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ၏ သမီး ဒေါက်တာယဉ်နွယ်ခိုင်က “ဒီကနေ့ သက်သေလာထွက်တာ မှန်မှန်ကန်ကန် ဖြစ်ဖို့ ကျွန်မတို့မိသားစုရဲ့ အရေးကြီးတဲ့ မျှော်လင့်ချက်တစ်ခုပါပဲ။ သေသွားပြီး တဲ့ ကျွန်မရဲ့ဖခင်က ပြန်ထလာမှာမှ မဟုတ်တာ။ သေချာတဲ့ညီမျှခြင်းဆိုတာက တော့ အများအပြားလုပ်ကြံခံရပြီး သေ သွားတဲ့လူတွေအတွက် ပြန်ရနိုင်စရာက အမှန်တရားပဲ။ အမှန်တရားဟာ ကျွန်မ တို့အတွက်သာမက နိုင်ငံတော်အတွက် ရော ဥပဒေအတွက်ပါ သိပ်ကိုလိုအပ် တဲ့အချက်ပါ။ ဘယ်အတွက်၊ ဘာကြောင့်၊ ဘယ်သူလုပ်သလဲ၊ တရားလား၊ မတရား လား သိချင်ပါတယ်။ ကျွန်မ မကျွမ်းကျင် တဲ့ကိစ္စမို့ ဘယ်သူ့ကိုမှ အလွန်အကျွံ မပြောလိုပါဘူး။ တာဝန်ရှိ တာဝန်ယူထား တဲ့သူတွေ နစ်နာမယ်၊ လုပ်ထုံးလုပ်နည်း အရ လုပ်ကြပါလိမ့်မယ်။ အမှန်တစ်ခု တော့ ထွက်လာမှာပါ” ဟု ပြောသည်။

တစ်ဆက်တည်းမှာပင် တရားလို၏အကျိုး ဆောင် တရားလွှတ်တော်ရှေ့နေ ဦးနေလ က “တရားခံပြေး အောင်ဝင်းခိုင်ကို ဖမ်းဆီးရမိနိုင်ခြင်း မရှိသေးတဲ့အတွက် ဂယနဏ အဖြေမပေါ်သေးဘူး။ မိဖို့ ကြိုးစားပြီးဖမ်းရမယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့သိသလောက်ကို အခြေခံပြီးတော့ပြောရရင် ပြင်ပကိုထွက် ခွာသွားခြင်းမရှိသေးလို့ပါဘဲ၊ ဒီအမှုမပြီး ခင်တော့ ဖမ်းမိမယ်လို့ ယုံကြည်တယ်။ ရုံးချိန်းတစ်ချိန်းကို သက်သေလေးငါး ယောက်ပမာဏနဲ့ဆိုရင် မကြာမီ ရုပ်လုံး ပေါ်လာလိမ့်မယ်။ ဘာကြောင့်လုပ်ရသလဲ ဆိုတာ အောင်ဝင်းခိုင်ကပဲ ပြောနိုင်မယ်” ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

**မွေးသက္ကရာဇ်အမှန်**
ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးအောင်မောင်း၏သား မောင်ကျော်စိုးမိုး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၈-၁-၁၉၇၁ ဖြစ်ပါကြောင်း။ **မောင်ကျော်စိုးမိုး**

**ဖခင်အမည်မှန်**
ရမည်းသင်းမြို့၊ အထက(၃) သိမ်ကုန်း အဌမတန်းမှမအိအိစိုး၏ ဖခင် ဦးဖိုးစိုး၏ အမည်မှန်မှာ ဦးမောင်စိုး ၉/ရမသ(နိုင်)၀၃၅၉၈၅ ဖြစ်ပါကြောင်း။ **ဦးမောင်စိုး**

**ဖခင်အမည်မှန်**
ရမည်းသင်းမြို့၊ အထက(ခွဲ) ငှက်သိုက် ပဉ္စမတန်းမှမခင်မျိုးဝေ၏ ဖခင် ဦးသန်းရွှေ၏ အမည်မှန်မှာ ဦးသန်းဆွေ ၉/ရမသ(နိုင်)၁၅၁၈၀၇ ဖြစ်ပါကြောင်း။ **ဦးသန်းဆွေ**

**ဖခင်အမည်မှန်**
ရမည်းသင်းမြို့နယ် အထက(သိမ်ကုန်း)တက္ကသိုလ်ဝင်တန်းမှ မသူဇာ၏ ဖခင် ဦးလှဘော်၏အမည်မှန်မှာဦး ကျော်ဆန်း ၉/ရမသ(နိုင်)၁၃၁၈၄၁ ဖြစ်ပါကြောင်း။ **ဦးကျော်ဆန်း**

**ဖခင်အမည်မှန်**
ရမည်းသင်းမြို့နယ် အထက (မြို့လှ) တက္ကသိုလ်ဝင်တန်းမှ မပန်းဖြူအေး၏ ဖခင် ဦးသက်ဦးမောင်၏ အမည်မှန်မှာဦး ဗဒင် ၉/ရမသ(နိုင်) ၁၉၉၈၁၀ ဖြစ်ပါကြောင်း။ **ဦးဗဒင်**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကာဘိုးကျေးရွာ အင်အားမြင့် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံလင်းနှင့် ယင်းမာပင်မြို့နယ်၊ ဖြဟ္မဒါတ်ကျေးရွာ အမက တတိယတန်းမှ မဇင်ဝေမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးကံဟိန်း ၅/ကဘလ(နိုင်)၁၀၉၉၂၃ ဖြစ်ပါကြောင်း။ **ဦးကံဟိန်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ အထက(ခွဲ)ပန်းစွာ၊ ဆဌမတန်းမှ မမြတ်နိုးလွင်၏ဖခင် ဦးမောင်လူနှင့် ဦးကြည်သန်း ၈/မမန(နိုင်) ၁၈၅၁၄၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်လူ(ခ)ဦးကြည်သန်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ အထက(ခွဲ)ပန်းစွာ၊ စတုတ္ထတန်းမှ မောင်စည်သူမိုး၏ဖခင် ဦးတင်မော်နှင့် ဦးကျော်ရွှေ ၈/မမန(နိုင်)၁၆၁၁၇၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတင်မော်(ခ)ဦးကျော်ရွှေ**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
ကန့်ဘလူမြို့နယ် အထက(၂)ကန့်ဘလူ တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်မျိုးချစ်၏ဖခင် ဦးသန်းဆွေ ၅/ကလန(နိုင်) ၁၃၈၉၁၇နှင့် ဦးဖိုးဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသန်းဆွေ(ခ)ဦးဖိုးဆွေ**

**ကြော်ငြာစာ**
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက် အမှတ်(စစ-၆)၊ ဦးပိုင်အမှတ်(၇၇/-က)၊ ၅၄×၅၅၊ ဘုရင့်နောင်×အောင်ဇေယျရှိ ဦးချစ်တင် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးဇော်ဇော် ၉/မလန(နိုင်)၁၀၂၉၀ မှ မြေစလစ်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန် ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည် ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေး သွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**
မြင်းခြံမြို့ အထက(၁)တက္ကသိုလ် ဝင်တန်းမှ မနေနွယ်ဇင်မြင့်၏ ဖခင် အမည်မှန်မှာနိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးတက်မြင့် ၁၄/ကကထ(နိုင်)၁၆၉၆၅၂ ဖြစ်ပါသည်။ **ဦးတက်မြင့်**

**မိဘအမည်မှန်**
အမ်းမြို့၊ လေယာဉ်ကွင်းရပ်ကွက်၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(C)မှ မစုစုမွန်၏ မိဘအမည်မှန်မှာ ဦးသန်းဇော် ၁၁/အမန(နိုင်)၀၄၇၇၉၅ နှင့် ဒေါ်အငယ် ၁၁/အမန(နိုင်)၀၆၆၃၄၀ ဖြစ်ပါကြောင်း။**ဦးသန်းဇော်-ဒေါ်အငယ်**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်များ Lon Tit Co.,Ltd မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနတွင် လျှောက်ထားရယူခဲ့သော သွင်းကုန်လိုင်စင်အမှတ် Kyt B IL 3 17-18 (0003) ၉-၅-၂၀၁၇မှာ ကျိုင်းတုံမြို့၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၂၅၁၀၀၆**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ အထက(ခွဲ)ပန်းစွာ၊ ဆဌမတန်းမှ မမိုးမိုးသိမ့်၏ဖခင် ဦးတင်မော်နှင့် ဦးကျော်ရွှေ ၈/မမန(နိုင်)၁၆၁၁၇၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတင်မော်(ခ)ဦးကျော်ရွှေ**

**ဖခင်အမည်မှန်**
မှော်ဘီမြို့နယ် Top & Top Star ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မောင်သော်ဇင်မောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဦး [၁၂/လကန(နိုင်)၁၉၂၈၉၁] ဖြစ်ပါကြောင်း။ **ဦးသန်းဦး**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
ဦးညွန့်မောင်၏သမီး ကန့်ဘလူမြို့နယ်၊ ဇီးကုန်း (အထက)မှ ခုံအမှတ် စဇ-၁၁၅၅ ဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော မအိဖြူစံ ၅/ကဘလ(နိုင်)၁၅၃၁၄၉နှင့် မအိဖြူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မအိဖြူစံ(ခ)မအိဖြူ**

**ကန့်ကွက်နိုင်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၆၁/က)၊ တတောင်း(၃)လမ်း၊ အလျားပေ ၂၀×အနံပေ ၆၀မြေကွက်နှင့် မြေကွက်ပေါ်ရှိ ရေမီးစုံ သစ်သားအိမ်နှစ်လုံးအပါမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်စိန် ၁၂/ဥကတ(နိုင်)၀၀၂၉၂၄ အမည်ပေါက်မှတ်သားတည်ရှိလျက်ရှိပြီး ယင်းမြေကွက်အား အဆက်အစပ်စာချုပ်ဖြင့် ရယူပိုင်ဆိုင်ထားသော ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်)၀၇၃၄၂၂မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချရာ ကျွန်ုပ်တို့မိတ်ဆွေမှ ဝယ်ယူရန်သဘောတူသဖြင့် ရောင်းရန်ငွေတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေ အားပေးချေထားပြီး ဖြစ်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဥက္ကလာဟံသာ**
**အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း**
**ဖုန်း-၀၉-၄၄၈၀၅၃၁၁၆**
**ဒေါ်ယွန်းဒါဒါ**
**အထက်တန်းရှေ့နေ(စဉ်-၄၈၈၁၆)**
**ဖုန်း-၀၉-၉၆၂၅၈၅၃၄၇**

**ကန့်ကွက်နိုင်ပါကြောင်း**
ပုသိမ်မြို့၊ (၅)ရပ်ကွက်၊ ဘုတာရုံလမ်း၊ အကွက်အမှတ် (၆၈-က)၊ ထောင်ကြီး၊ ဦးပိုင်အမှတ် (၄၆-ဈ)၊ဧရိယာ ၀ဒသမ၀၆၇ ဧကရှိ မြေကို ဦးမောင်မောင်ဝင်း အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ချထားပေးပါရန် လျှောက်ထားလာသည့် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၈ဇ/၅၂၈၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 8K/9343 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ကန့်ကွက်နိုင်ပါသည်။**
ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉) ရပ်ကွက်၊ စိန့်ရှိင်းလမ်း၊ မြေကွက်အမှတ် (၄၄၂)၊ အကျယ်အဝန်း (၄၀×၆၀) ပေ၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား၏ အမည်ပေါက်မှာဗိုလ်မှူးသိန်းထွန်းဖြစ်ပြီး၊ ဗိုလ်မှူးသိန်းထွန်းထံမှ အရပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူမှ ၄င်းမြေကွက်နှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ရီရီသန့် (စဉ်-၉၉၃၉)
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၃၄၃/ခ)၊ ၂၆-လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၀၆၆၁၆၄၊ ၀၉ ၇၉၆၆၀၀၂၁၇




# ဆီးဂိမ်းမြားပစ်ပြိုင်ပွဲ မြန်မာအသင်း ငွေတံဆိပ်တစ်ခုရရှိ

**ကွာလာလမ်ပူ ဩဂုတ် ၁၈**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ မြားပစ် Compound ပြိုင်ပွဲ Mix-Team ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကွာလာလမ်ပူမြို့၌ ကျင်းပရာ မြန်မာမြားပစ်အသင်းက ငွေတံဆိပ်တစ်ခု စတင်ဆွတ်ခူးရရှိခဲ့သည်။

Compound Mix- Team ပြိုင်ပွဲတွင် မြန်မာမှ ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲသည် ကွာတားဖိုင်နယ်တွင် အင်ဒိုနီးရှားအတွဲ၊ ဆီမီးဖိုင်နယ်တွင် ဖိလစ်ပိုင်အတွဲကို အနိုင်ယူပြီး ဗိုလ်လုပွဲတွင် အိမ်ရှင်မလေးရှားအတွဲနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။ ဗိုလ်လုပွဲတွင် ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲသည် အိမ်ရှင်အတွဲကို ၁၅၂-၁၄၂ မှတ်ဖြင့် ရှုံးနိမ့်ပြီး ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။



မြားပစ် Compound ပြိုင်ပွဲပြီးဆုံးသွားပြီဖြစ်ပြီး မြန်မာမြားပစ်အဖွဲ့သည် ငွေတံဆိပ်တစ်ခုသာရခဲ့ပြီး တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ဆုတံဆိပ်မရခဲ့ပေ။ Recurve ပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**

**ဓာတ်ပုံ-စိုးညွန့်(ခေတ္တမလေးရှား)**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် အားကစားအသင်းများ ဆက်လက်ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၈**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပနေသည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာန စီမံ/ဘဏ္ဍာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေအေး၊ အုပ်ချုပ်မှုရုံးအဖွဲ့နှင့် ဆေးအဖွဲ့ဝင် စုစုပေါင်း ၁၇ ဦး၊ ဩဂုတ် ၂၀ ရက်မှ ၂၆ရက်အထိ ဘတ်စကက်ဘောပြိုင်ပွဲများ ယှဉ်ပြိုင်မည့်အမျိုးသားဘတ်စကက်ဘောအသင်းအုပ်ချုပ်သူ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်ဝင်း၊ လက်ထောက်အုပ်ချုပ်သူ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်၊ နည်းပြနှစ်ဦး၊ အားကစားသမား ၁၂ ဦးနှင့် အမျိုးသမီးဘတ်စကက်ဘော အသင်းအုပ်ချုပ်သူ အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဒေါ်ကြူကြူ၊ လက်ထောက်အုပ်ချုပ်သူ ဒေါ်မြနှင်းထွေး(အားကစားမှူး)၊ နည်းပြနှစ်ဦး၊ အားကစားသမား ၁၂ ဦးတို့နှင့်အတူ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှစ်ဦးတို့သည်လည်းကောင်း။

ဝူရှူးအားကစားပြိုင်ပွဲများကို ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိကျင်းပမည်ဖြစ်ရာ မြန်မာဝူရှူးအသင်းအုပ်ချုပ်သူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသီဟဇော်၊ မြန်မာနည်းပြတစ်ဦး၊ တရုတ်နည်းပြ Mr.Libing ၊ လက်ထောက်အုပ်ချုပ်သူ ဦးပြည့်ဝေဖြိုး၊ ဒိုင်တစ်ဦး၊ အားကစားသမား ၁၁ ဦးတို့သည်လည်းကောင်း၊ ကျွမ်းဘားပြိုင်ပွဲများကို ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်အထိကျင်းပမည်ဖြစ်ရာ ကျွမ်းဘားအသင်းအုပ်ချုပ်သူ ဒေါ်ကေသီလှိုင်၊ တရုတ်နည်းပြ Mr. Hetao၊ အားကစားသမားသုံးဦးတို့သည်လည်းကောင်း။

ရွက်လှေအားကစားပြိုင်ပွဲအတွက် Managar Meeting အစည်းအဝေးတက်ရောက်မည့် ဦးစိုင်းပြည့်စုံဟိန်း(လက်ထောက်နည်းပြချုပ်)နှင့် နည်းပြအဖွဲ့ဝင် နှစ်ဦး တို့သည်လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲများကို ဩဂုတ် ၂၀ ရက်မှ ၂၄ ရက်အထိကျင်းပမည်ဖြစ်ရာ လက်ဝှေ့အသင်းအဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ အုပ်ချုပ်သူ ဦးဇော်ထွန်းလှဘော၊နည်းပြတစ်ဦး၊ ဆရာဝန်တစ်ဦး၊ အားကစားသမားငါးဦးတို့သည်လည်းကောင်း ယနေ့နံနက် ၈ နာရီခွဲတွင် AK (505)လေကြောင်းလိုင်းနှင့် နံနက် ၁၁ နာရီတွင် MH (741)လေကြောင်း ခရီးစဉ်များ ဖြင့် အသီးသီးထွက်ခွာသွားကြသည်။ ယင်းအားကစားအဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနှင်းနိုင်၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်း - ကျော်ခိုင်(အား/ကာ)၊ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**




အမျိုးသားနှင့် အမျိုးသမီးဘတ်စကက်ဘောအသင်းကို တွေ့ရစဉ်

**✪ ကျော်ဖုံးမှ**

ဒုတိယပိုင်းတွင် မြန်မာအသင်းက ရှေ့ကို အစား အောင်ကောင်းမာန်ကို ထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ အောင်ကောင်းမာန်ဝင်လာပြီးနောက်ပိုင်းတွင် မြန်မာအသင်း တိုက်စစ်ပိုကောင်းလာပြီး ၇၂ မိနစ်တွင် မောင်မောင်လွင်ပေးသောဘောလုံးကို အောင်ကောင်းမာန်က ပိတ်သွင်းယူခဲ့သောကြောင့် တတိယဂိုးရခဲ့သည်။ တတိယဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ဘရူနိုင်းခံစစ်ပြိုဆင်းသွားခဲ့ပြီး ဂိုးများဆက်တိုက်ပေးခဲ့ရသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် မောင်မောင်လွင်၏ ညာခြမ်းမှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး မောင်မောင်လွင် ခြေစွမ်းပြနိုင်ခဲ့သောကြောင့် ဂိုးသွင်းခွင့်များ ပိုမိုရရှိခဲ့သည်။ မြန်မာယူ-၂၂ အသင်းအတွက် အနိုင်ဂိုးများကို ၈၄ မိနစ်တွင် အောင်ကောင်းမာန်၊ ၉၂ မိနစ်တွင် မောင်မောင်လွင်၊ ၉၄ မိနစ်တွင် သန်းပိုင်တို့က သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု(က)၌ မြန်မာအသင်းက ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်တက်သွားပြီး မလေးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားသည်။

## စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန လဟယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ လဟယ်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသည့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရိပ်သာ(၁)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်းအား အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာများ ရယူရမည့်ရက်** -၂၁-၈-၂၀၁၇ရက်မှ ၂၀-၉-၂၀၁၇ရက်အထိ

(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** -၂၁-၉-၂၀၁၇ရက် (၁၆:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** -၂၂-၉-၂၀၁၇ရက် (၁၆:၀၀)နာရီ

၂။ သတ်မှတ်ရက်/အချိန် အထိကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကိုထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက နာဂဒေသ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးဖုန်း-၀၉-၄၇၀၈၈၀၀၃၊၀၉-၂၅၈၉၄၀၂၂၇တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးလုပ်ငန်းကော်မတီ**
**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**
**လဟယ်မြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊စိုက်ပျိုးရေးဦးစီးဌာန၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်ဦးစီးမှူးရုံးတွင် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(၁) ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ(အလျားပေ ၉၀×အနံ ၃၄ပေ× အမြင့်၁၅၊½ပေ) သွပ်မိုး×အုတ်ကာ×ကွန်ကရစ်ခင်း(အတွင်း၊ အပြင်၊ ရေ၊ မီး၊ European Type W.C ကြွေပြားကပ်)အပါအဝင် အဆောက်အအုံတစ်လုံးအသစ်ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံအား ၂၁-၈-၂၀၁၇ရက် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး၅-၉-၂၀၁၇ရက်၁၆:၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဖုန်း-၀၅၉-၂၀၂၁၁၃၈၊ ၀၅၉-၂၀၂၂၆၂၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** ။ တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်စုံစမ်းဆောင်ရွက်ရန် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

THE GLOBAL NEW LIGHT OF MYANMAR
English Daily Newspaper

**The Global New Light of Myanmar သတင်းစာမှကြော်ငြာAgencyများကိုဖိတ်ခေါ်ခြင်း**

The Global New Light of Myanmarသတင်းစာတွင်ကြော်ငြာထည့်သွင်းခြင်းလုပ်ငန်းအားအကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့်Agency များအနေဖြင့်ကြော်ငြာလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ကြော်ငြာAgency များ၏ထည့်သွင်းနိုင်သည့်ကြော်ငြာပမာဏအပေါ် မူတည်၍ အကျိုးခံစားခွင့်များအားဆွေးနွေးဆောင်ရွက်ပေးသွားမည်ဖြစ်ရာစိတ်ပါဝင်စားသည့် ကြော်ငြာAgencyအောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၀၁-၈၆၀၄၅၃၀ ၊ ၀၉-၉၇၄၄၂၄၈၄၈ ၊ ၀၉-၂၅၁၀၂၂၉၅၅

### မိခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက ချောင်းဆုံ တက္ကသိုလ်ဝင်တန်း(ဃ)မှ ကျောင်းဝင်အမှတ်(၂၀၅/၂၀၁၄)မောင် သူရိန်ထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ထွေးမော် ၁၀/ခဆန(နိုင်)၀၉၁၁၅၄ ဖြစ်ပါသည်။ **ဒေါ်ခင်ထွေးမော်**

### မိခင်အမည်မှန်

ချောင်းဆုံမြို့နယ် (အထက) ချောင်းဆုံ တက္ကသိုလ်ဝင်တန်း(က)မှ ကျောင်းဝင်အမှတ် (၂၄၆/၂၀၁၅)မမေသဇင်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းမော် ၁၀/ခဆန(နိုင်)၀၆၅၀၀၀ ဖြစ်ပါသည်။ **ဒေါ်စန်းစန်းမော်**

### ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက၊ ချောင်းဆုံ၊ တက္ကသိုလ်ဝင်တန်း(ခ)မှ ကျောင်းဝင်အမှတ်(၂၆၂/၂၀၁၅) မောင်ဆန်းလင်းကျော်၏ ဖခင်အမည်မှန်မှာ ဦးမင်းထိုက်စိုး ၁၀/ခဆန(နိုင်) ၁၀၄၇၄၇ ဖြစ်ပါသည်။ **ဦးမင်းထိုက်စိုး**

### ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက ချောင်းဆုံ တက္ကသိုလ်ဝင်တန်း(က)မှ ကျောင်းဝင် အမှတ်(၂၃၈/၂၀၁၅) မင်းရာဇာဟိန်း၏ ဖခင်အမည် မှန်မှာ ဦးအေးလှိုင် ၁၀/ခဆန(နိုင်) ၀၇၁၇၂၄ ဖြစ်ပါသည်။ **ဦးအေးလှိုင်**

### မိခင်အမည်မှန်

ချောင်းဆုံမြို့နယ် (အထက) ချောင်းဆုံ တက္ကသိုလ်ဝင်တန်း(ခ)မှ ကျောင်းဝင်အမှတ် (၂၄၇/၂၀၁၅)မနှင်းနွယ်စိုး၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းမော် ၁၀/ခဆန(နိုင်)၁၂၉၁၄၀ ဖြစ်ပါသည်။ **ဒေါ်သင်းသင်းမော်**

### မိခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက ချောင်းဆုံ၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ ကျောင်းဝင်အမှတ်(၂၀၃/၂၀၁၄)မောင်ရဲထွဋ်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်အေးကြိုင် ၁၀/ခဆန(နိုင်) ၁၀၂၃၄၀ ဖြစ်ပါသည်။ **ဒေါ်အေးကြိုင်**

### ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက ချောင်းဆုံ၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ ကျောင်းဝင်အမှတ်(၂၃၅/၂၀၁၅)မရွှေရည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဟန်ကြည် ၁၀/ခဆန(နိုင်) ၀၀၆၁၆၉ ဖြစ်ပါသည်။ **ဦးဟန်ကြည်**

### ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ် (အထက) ချောင်းဆုံ တက္ကသိုလ်ဝင်တန်း(ဂ)မှ ကျောင်းဝင်အမှတ် (၂၄၈/၂၀၁၅)မခင်မာချို၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းလွင် ၁၀/ခဆန(နိုင်)၀၆၈၆၇၁ ဖြစ်ပါသည်။ **ဦးထွန်းထွန်းလွင်**

### မိခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက၊ ချောင်းဆုံ၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ ကျောင်းဝင်အမှတ် (၂၂၇/၂၀၁၄) မစိုးသန္တာအောင်၏ မိခင်အမည်မှန်မှာ မိခင်စန်းမြင့် ၃/ဘအန(နိုင်)၁၃၄၇၇၇ ဖြစ်ပါသည်။ **မိခင်စန်းမြင့်**




### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/ 9277 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# ဘာစီလိုနာတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၁၃ ဦးသေပြီး ၁၀၀ ကျော် ဒဏ်ရာရ ကန်ဘရီစ်တွင် နောက်ထပ်အကြမ်းဖက်ရန် စီစဉ်နေသူလေးဦးကို ရဲတပ်ဖွဲ့ကပစ်ခတ်ရှင်းလင်း




**ဘာစီလိုနာ ဩဂုတ် ၁၈**

ဘာစီလိုနာမြို့၏ အချက်အချာကျသောနေရာ၌ ယမန်နေ့က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုတွင် လူ ၁၃ ဦး သေဆုံးပြီး အခြားလူ ၁၀၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဘာစီလိုနာမြို့၏ ကမ္ဘာလှည့်ခရီးသွားအုပ်စုများရှိရာ လူအစည်ကားဆုံးနေရာ၌ ဩဂုတ် ၁၇ ရက်က ဗင်ကားတစ်စီးဖြင့် ဝင်တိုက်ခဲ့ရာ လူ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကာ တရားခံအား လိုက်လံရှင်းလင်းဖို့ကြိုးစားစဉ် ညပိုင်း၌ ရဲတပ်ဖွဲ့နှင့် အကြမ်းဖက်များကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါအကြမ်းဖက်မှုကို တုံ့ပြန်သောအားဖြင့် ရဲတပ်ဖွဲ့က အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲခဲ့ရာ ဘာစီလိုနာမြို့တောင်ပိုင်း ကန်ဘရီစ်မြို့၌ သံသယ ရှိသူလေးဦးကို ဩဂုတ် ၁၈ ရက်က ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာမြို့၌ အကြမ်းဖက်မှုဖြစ်ပွားပြီး ခုနစ်နာရီခန့်ကြာပြီးနောက် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများက ယင်းမြို့နှင့် တောင်ဘက် ၁၂၀ ကီလိုမီတာခန့်အကွာ ကန်ဘရီစ်မြို့၌ နောက်ထပ်အကြမ်းဖက် တိုက်ခိုက်မှုတစ်ခုပြုလုပ်ရန်စီစဉ်နေစဉ် ရဲတပ်ဖွဲ့က လူလေးငါးဦးခန့်ကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာရဲတပ်ဖွဲ့က ကန်ဘရီစ်မြို့ဒေသခံများအား မိမိတို့၏ နေအိမ်များ၌သာ နေထိုင်ရန် လူမှုကွန်ရက်များမှတစ်ဆင့် နှိုးဆော်ထားကြောင်း သိရသည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် မော်ရိုကိုနိုင်ငံသားတစ်ဦးနှင့် မြောက်အာဖရိကဖွား စပိန်နိုင်ငံသားတစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

လူအုပ်ကြားထဲသို့ ကားမောင်းဝင်ခဲ့သော တရားခံမှာ လွတ်မြောက်နေဆဲဖြစ်သောကြောင့် ဘာစီလိုနာမြို့လယ်ကောင်တွင် လုံခြုံရေးတင်းကျပ်ထားကြောင်း သိရသည်။ အဆိုပါအကြမ်းဖက်မှုကို အိုင်အက်စ်စစ်သွေးကြွအုပ်စုက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ဆင်မှုများ အရှိန်မြှင့်လုပ်ဆောင်

**မနီလာ ဩဂုတ် ၁၈**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ဆင်မှုများကြောင့် ဩဂုတ် ၁၈ ရက်အထိ အနည်းဆုံး လူ ၁၄ဦးအသတ်ခံခဲ့ရကြောင်း ပြည်တွင်းမီဒီယာက ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းမှုများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ရာ မြို့တော်မနီလာ၌ ဩဂုတ် ၁၇ ရက်က မူးယစ်ဆေးဝါးနှင့်ဆက်စပ်သည့် လူ ၂၅ ဦးကို သုတ်သင်ခဲ့ကြောင်း ပြည်တွင်း မီဒီယာက ဆက်လက်ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ နာမည်ကြီးသတင်းစာဖြစ်သော အင်ကွာရာက မနီလာမြို့ ကွီဇုန်မြို့နှင့် ကာလိုကန်မြို့တို့၏ ဆင်ခြေဖုံးဒေသများတွင် မူးယစ်နှိမ်နင်းရေးစစ်ဆင်မှုများကြောင့် လူများသေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သော်လည်း သေဆုံးသူအရေအတွက်ကို ရဲတပ်ဖွဲ့က ချက်ချင်းအတည်ပြုခြင်းမရှိခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် သုံးရက်အတွင်း မနီလာမြို့အတွင်းဘက်နှင့် အပြင်ဘက်များတွင် ပြုလုပ်ခဲ့သော မူးယစ်ဆေးဝါးနှိမ်နင်းမှုစစ်ဆင်ရေးများတွင်လည်း မူးယစ်တရားခံများစွာကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါမူးယစ်ဆေးဝါး နှိမ်နင်းမှုစစ်ဆင်ရေးများတွင် လူပေါင်း ၇၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ သေဆုံးသူများအနက် ၃၂ဦးမှာ မနီလာမြို့မြောက်ဘက် ဘူလာကန်ပြည်နယ်အတွင်း၌ ၂၄ နာရီအတွင်း အသတ်ခံရသူများဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## မဟာမိတ်နိုင်ငံ၏ လုံခြုံရေးအတွက် အမေရိကန်ကတိပြု

**ဝါရှင်တန် ဩဂုတ် ၁၈**

မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး ဒေသတွင်း တင်းမာမှုများမြင့်တက်နေချိန်တွင် အမေရိကန်ထိပ်တန်းစစ်ဖက်ဆိုင်ရာ အာဏာပိုင်တစ်ဦးသည် အမေရိကန်၏နီးကပ်သော မဟာမိတ်ဖြစ်သည့်ဂျပန်နိုင်ငံလုံခြုံမှုရှိရေးအတွက် ကတိကဝတ်ထားရှိခဲ့မှုကို သောကြာနေ့တွင် ထပ်မံ၍အလေးအနက်ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်က ဖော်ပြထားသည်။

တစ်နိုင်ငံကိုတိုက်ခိုက်ခြင်းက နှစ်နိုင်ငံလုံးကို တိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း အမေရိကန် စစ်ဖက်အကြီးအကဲက တိုကျိုရှိ ၎င်း၏ဆွေးနွေးဖက်အား ပြောကြားခဲ့ကြောင်း သိရသည်။ မြောက်ကိုရီးယား၏ နျူကလီးယားနှင့်ဒုံးကျည်အစီအစဉ်များအပေါ် စိုးရိမ်ပူပန်မှုများသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ပိုမိုကြီးထွားလာခဲ့သည်။

မြောက်ကိုရီးယားသည် ဂျပန်ကိုဖြတ်ကျော်လျက် အမေရိကန်ပစိဖိတ်နယ်နိမိတ်ဖြစ်သည့်ဂူအမ်ကျွန်းကို ဒုံးကျည်ပစ်ခတ်ရန်ကြံစည်နေကြောင်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကြွေးကြော်ခဲ့သည်။ **(ရိုက်တာ)**

# ဆီရာလီယွန်မြေပြိုမှု၌ သေဆုံးသူအရေအတွက်မြင့်တက်

**ဖရီးတောင်း ဩဂုတ် ၁၈**

ဆီရာလီယွန်နိုင်ငံ ဖရီးတောင်းမြို့၌ လတ်တလောဖြစ်ပွားခဲ့သော မြေပြိုမှုများကြောင့် သေဆုံးသူအရေအတွက်မှာ ၃၃၁ ဦး အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

သေဆုံးသူများကို ဖရီးတောင်းမြို့ဆင်ခြေဖုံးဒေသဖြစ်သော ဝါတာလူး၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း သိရသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပစ္စည်းများကိုလည်း မြေပြိုမှုဘေးခံစားနေရသူများကို ထောက်ပံ့ပေးနေကြောင်း သိရသည်။

ဆီရာလီယွန်တွင်ရှိသော တရုတ်ကုမ္ပဏီများက စုစုပေါင်းဒေါ်လာတစ်သိန်းအထက်နှင့် ဆန် ငါးတန်၊ ဆေးပစ္စည်း ၂၅ ဘူးနှင့် အခြားပစ္စည်းများကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

အိုင်ဗရီကို့စ်ကိုယ်စားလှယ်အဖွဲ့ကလည်း ဆေးပစ္စည်းတစ်တန်ခွဲလှူဒါန်းခဲ့ကြောင်း သိရသည်။ နောက်ထပ် လူမှုကူညီရေးပစ္စည်းများဆက်လက်ရောက်ရှိလာဦးမည်ဟု ယူဆရသည်။

ထို့အပြင် ဆီရာလီယွန်ရှိ တရုတ်သံရုံးကလည်း အမေရိကန်ဒေါ်လာ တစ်သန်းကူညီမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# တူရကူမြို့လယ်တွင် လူတစ်ဦး ဓားဖြင့်လိုက်လံထိုးခုတ်မှုကြောင့် အနည်းဆုံးတစ်ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိ

**ဟယ်လ်စင်ကီ ဩဂုတ် ၁၈**

ဖင်လန်နိုင်ငံ တူရကူမြို့လယ်တွင် ဓားဖြင့်လိုက်လံထိုးခုတ်တိုက်ခိုက်မှုတစ်ခု ယနေ့ဖြစ်ပွားခဲ့သောကြောင့် လူအများအပြား ဒဏ်ရာရရှိသွားကြောင်း၊ အဆိုပါ ဖြစ်ရပ်ဖြစ်ပွားရခြင်း အကြောင်းအရင်းကို ရှင်းလင်းစွာမသိရသေးကြောင်း ရိုက်တာသတင်းတစ်ပုဒ်က ဖော်ပြသည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လူတစ်ဦးကို ပစ်ခတ်ဖမ်းဆီးရမိထားကြောင်းနှင့် အခြားတိုက်ခိုက်သူများဟု မသင်္ကာသူများကို လိုက်လံရှာဖွေလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ နိုင်ငံတစ်ဝန်းလုံးတွင် လုံခြုံရေးအစီအမံများကို ထပ်မံအင်အားဖြည့်တင်းလိုက်ပြီး အခင်းဖြစ်ပွားရာဒေသကို ရှောင်ရှားရန်အတွက်လည်း ရဲတပ်ဖွဲ့က နှိုးဆော်ထားသည်။

ဓားဖြင့်တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူတစ်ဦးသေဆုံးခဲ့သည်ဟု ဖင်လန်သတင်းစာတစ်စောင်က ဖော်ပြခဲ့ပြီး လူရှစ်ဦးကို ဓားဒဏ်ရာများဖြင့် ဆေးရုံတင်ပို့ခဲ့သည့်အနက် အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်းလည်း ဖော်ပြခဲ့သည်။ **(ရိုက်တာ)**

# လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်ကို ပြန်လည်သုံးသပ်ရန် အမေရိကန်က တောင်ကိုရီးယားကို တွန်းအားပေး

**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်ကုန်သွယ်ရေး အာဏာပိုင်များသည် လာမည့်အင်္ဂါနေ့တွင် တောင်ကိုရီးယားနိုင်ငံနှင့်အတူ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်နှင့် ပတ်သက်၍ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ပူးတွဲဆွေးနွေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်က တောင်ကိုရီးယားကို ညှိနှိုင်းဆွေးနွေးမှုစတင်ရန် တိုက်တွန်းထားသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့်တွေ့ဆုံဆွေးနွေးပြီးနောက် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က နှစ်နိုင်ငံလက်ရှိကုန်သွယ်ရေးစာချုပ်အခြေအနေသည် သိပ်မကောင်းလှကြောင်း ပြောကြားခဲ့သည်။ တောင်ကိုးရီးယားနှင့် ညှိနှိုင်းဆွေးနွေးမှုထပ်မံပြုလုပ်ရန် ဆန္ဒရှိနေကြောင်း၊ ကုန်သွယ်ရေးဆိုင်ရာလိုငွေပြမှုများကို လျှော့ချရန်အတွက်စာချုပ်ကို ပြန်လည်စဉ်းစား သုံးသပ်လိုကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ် ရောဘတ်လိုက်တီဇာသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကုန်သွယ်ရေးစာချုပ်နှင့်ပတ်သက်၍ တောင်ကိုရီးယားနှင့် သဘောထားချင်းတူညီကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ ဦးစားပေးဆောင်ရွက်နေသည့် ကုန်သွယ်ရေးဆိုင်ရာ မညီမျှမှုများနှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုရှိကြောင်း ဖော်ပြခဲ့သည်။

တောင်ကိုရီးယားသည် အရေးကြီးသည့် မဟာမိတ်နိုင်ငံဖြစ်ပြီး ကုန်သွယ်ရေးဆိုင်ရာ အဓိက မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံးသည် လွတ်လပ်ပြီး မျှတသော သာတူညီမျှရှိသော ကုန်သွယ်ရေးရရှိရန်လိုအပ်ကြောင်း လိုက်တီဇာက ပြောကြားခဲ့သည်။
**(အင်န်အိတ်ချ်ကေ)**

## မာလာလာယူဆွတ်ဖိုင်း အောက်စဖို့ဒ်တက္ကသိုလ်သို့ တက်ရောက်ခွင့်ရ

**လန်ဒန် ဩဂုတ် ၁၈**

အသက် ၁၉နှစ် အရွယ် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် မာလာလာ ယူဆွတ်ဖိုင်းသည် အေအဆင့်နှင့် အောင်မြင်ပြီးနောက် အောက်စဖို့ဒ်တက္ကသိုလ်သို့တက်ရောက်ခွင့်ရခဲ့သည်။

မာလာလာသည် ယခုလက်ရှိတွင် ဘာမင်ဂမ်၌ နေထိုင်လျက်ရှိပြီး အောက်စဖို့ဒ်တက္ကသိုလ်သို့ တက်ရောက်ခွင့်ရခဲ့ကြောင်း ကြာသပတေးနေ့က သိရခြင်းဖြစ်သည်။ အောက်စဖို့ဒ်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့်ဒဿနိကဗေဒပညာဘာသာရပ်တို့ကို သင်ယူလေ့လာရမည်ဖြစ်သည်။ ၎င်းသည် ၂၀၁၂ ခုနှစ်က ပါကစ္စတန်၌ အမျိုးသမီးများပညာသင်ကြားခွင့်ရရေး ဆောင်ရွက်ရင်း တာလီဘန်များ၏ ပစ်ခတ်မှုကို ခံခဲ့ရသည်။

သို့သော် ကံကောင်းထောက်မ၍ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ ထို့နောက် မာလာလာကိုတစ်ကမ္ဘာလုံးကသိရှိခဲ့ပြီး အခြေချနေထိုင်နိုင်ရေး ဘာမင်ဂမ်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၎င်းသည် မတ်လအတွင်းက ယူကေရှိ တက္ကသိုလ်တစ်ခု၌ ဘာသာရပ်သုံးခုပညာသင်ကြားခွင့်ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ဘီဘီစီ**

## အငြင်းပွားရေပိုင်နက်အတွင်း ငါးဖမ်းခြင်းပိတ်ပင်ထားမှုကို တရုတ်နိုင်ငံဖယ်ရှား

**ပေကျင်း ဩဂုတ် ၁၈**

တရုတ်နိုင်ငံကချမှတ်ခဲ့သည့် နှစ်စဉ်ငါးမဖမ်းရရာသီကို ရုပ်သိမ်းလိုက်ပြီးနောက်တွင် တရုတ်ငါးဖမ်းလှေတစ်စုသည် ငါးဖမ်းလုပ်ငန်းဆောင်ရွက်ရန် တောင်တရုတ်ပင်လယ်ဆီသို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည်ငါးဖမ်းဆီးမှုပိတ်ပင်ထားခြင်းကို ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က ရုပ်သိမ်းလိုက်သည်။ ငါးသယံဇာတများကို ကာကွယ်ထိန်းသိမ်းရန်အတွက် တရုတ်နိုင်ငံသည် ပြီးခဲ့သည့်မေလမှစတင်ကာတောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်၏တစ်စိတ်တစ်ဒေသကို ငါးဖမ်းဆီးမှုပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

ငါးဖမ်းဆီးမှုကို ပိတ်ပင်ရာတွင် ပြည်ပငါးဖမ်းလှေများကိုပါ ပိတ်ပင်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ ငါးဖမ်းဆီးမှုပိတ်ပင်ထားခြင်းကို ဖယ်ရှားသည့် အထိမ်းအမှတ်အခမ်းအနားတစ်ရပ်ကို တောင်ပိုင်းဟိုင်နန်ကျွန်းနှင့် ဆန်ရာကျွန်းရှိဆိပ်ကမ်းများ၌ ကျင်းပသွားရန်ရှိကြောင်း သိရသည်။

လုံခြုံစိတ်ချရသည့်ငါးဖမ်းဆီးမှုနှင့် ကောင်းမွန်စွာဖမ်းဆီးရေးအတွက်တိုက်တွန်းတောင်းဆိုသည့် စစ်ရေးပြချီတက်မှုတစ်ခု လုပ်ဆောင်ခဲ့ပြီးနောက်တွင် ငါးဖမ်းလှေများသည် ဆိပ်ကမ်းမှထွက်ခွာလာခဲ့ကြကြောင်း တရုတ်နိုင်ငံသတင်းမီဒီယာကဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းရှိ ရေပိုင်နက်အချို့ကို ပိုင်ဆိုင်ကြောင်း အိမ်နီးချင်းနိုင်ငံများနှင့် အငြင်းပွားလျက်ရှိသည်။ ပါရာဆယ်ကျွန်းအပါအဝင် အဆိုပါနေရာတစ်ဝိုက်ကို ဗီယက်နမ်နှင့် ထိုင်ဝမ်ကလည်းပိုင်ဆိုင်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အငိုလွှယ်ပေမယ့် အရှိုက်ခက်နေတဲ့ သမ္မတထရန့်

**တင်လင်းအောင်**



**မကြာသေးမီကကျင်းပခဲ့တဲ့ ရုရှားရေတပ်နေ့ အခမ်းအနားမှာ ရုရှားဟာကြောက်စရာကောင်းတဲ့ မိတ်ဆွေသစ်တစ်ဦးကို ရရှိခဲ့ပါတယ်။ အဲဒီမိတ်ဆွေကတော့ တခြားမဟုတ်ပါဘူး။ တရုတ်ပဲဖြစ်ပါတယ်။ ရုရှားဟာ တရုတ်ကဲ့သို့ ကြောက်စရာကောင်းတဲ့ မိတ်ဆွေသစ်တစ်ဦး ရရှိလိုက်တာဟာ အမေရိကန်သမ္မတကြီးဒေါ်နယ်ထရန့်အတွက်တော့ ရတက်မအေးစရာပါပဲ။ စိန့်ပီတာစဘတ်ဂ်ရှိ ခရွန်စတက်ဆိပ်ကမ်းရဲ့ ကမ်းလွန်ပင်လယ်ပြင်တစ်နေရာမှာကျင်းပခဲ့တဲ့ ရုရှားရေတပ်နေ့အခမ်းအနားမှာ တရုတ်စစ်သင်္ဘောများဟာ ရုရှားရေတပ်သင်္ဘောများနဲ့ ပူးပေါင်းခဲ့တာကို ရုရှားသမ္မတ ဗလာဒီမာပူတင်အနေနဲ့ ပျော်တပြုံးပြုံး မော်မဆုံးရှိခဲ့ပါတယ်။**

ဒါဟာ ၂၀၁၇ ပူးတွဲစစ်ရေးလေ့ကျင့်မှုရဲ့ ကနဦးခြေလှမ်းများပဲဖြစ်ပါတယ်။ ဘောလ်တစ်ပင်လယ်ပြင်ရှိ ရုရှား-တရုတ် ရေတပ်ဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ လက်နက်ကြီးများပါဝင်တယ်လို့ တရုတ်မီဒီယာများကလည်း ခပ်ကြွားကြွားလေးသတင်းတွေမှာ ရေးသားဖော်ပြခဲ့ကြပါတယ်။ ဘောလ်တစ်ပင်လယ်ပြင်ဟာ အမေရိကန်ရဲ့ မဟာမိတ်မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)အဖွဲ့ဝင်ငါးနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ အဲဒီလိုနေရာမှာ စစ်ရေးပြသလိုက်တာဟာ အနည်းဆုံးတော့ နှစ်နိုင်ငံရေတပ်အင်အားစုရဲ့ လုပ်နိုင်စွမ်းကို ဖော်ပြလိုက်သလိုပါပဲ။

တစ်ချိန်တည်းမှာပဲ တရုတ်ဟာ ၎င်းရဲ့ စစ်ရေးပြမှုတွေကို ပေကျင်းမှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒါကို တရုတ်သမ္မတ ရှီကျင့်ဖျင်ဟာ တရုတ်လွတ်မြောက်ရေးတပ်ဖွဲ့ဝတ်စုံဖြစ်တဲ့ အစိမ်းရောင်ပြောက်ကျားဝတ်စုံကိုဝတ်ပြီး ဂုဏ်ယူစွာဖြင့် ကြည့်ရှုအားပေးခဲ့ပါတယ်။ အဲဒီစစ်ရေးပြပွဲမှာလည်း စစ်သည်တော် ၁၂၀၀၀ လောက်ဟာ တင့်ကားတွေ၊ တာဝေးပစ်ဒုံးကျည်တွေ၊ တိုက်ခိုက်ရေးဂျက်လေယာဉ်တွေနဲ့ အခြားနည်းပညာမြင့် စစ်လက်နက်ပစ္စည်းတွေနဲ့ အင်အားပြခဲ့ကြပါတယ်။

အဲဒီလို အလုံးစုံသော စစ်အင်အားပြမှုတွေမှသည် ဆီးရီးယားမှ မြောက်ကိုရီးယားအထိ ရှုပ်ထွေးလှတဲ့ကိစ္စရပ်များဟာ အမေရိကန်သမ္မတကြီးဒေါ်နယ်ထရန့်အတွက်တော့ ခေါင်းခဲစရာများဖြစ်ခဲ့ပါတယ်။

ဒီတစ်ချိန်မှာ တရုတ်ဟာ ရုရှားအပေါ် အလေးသာလိုက်တာဟာ ကောင်းမွန်တဲ့ ကိစ္စလားဆိုတာ အတတ်ပြောလို့တော့ မရနိုင်သေးပါဘူး။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ရဲ့ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ မဟာမိတ်ဖြစ်သွားတဲ့ အဲ့ဒီနိုင်ငံတွေက ဘာကိုအရိပ်အမြွက်ဖော်ပြခဲ့သလဲဆိုရင် သမ္မတဒေါ်နယ်ထရန့်ရဲ့ ခေါင်းခဲမှုတွေဟာ ဖြေရှင်းဖို့လွယ်ကူမှာ မဟုတ်ဘူးဆိုတာကို ဖော်ပြခဲ့ပါတယ်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုတွေဟာ အမေရိကန်ဆိုတဲ့ စိန်ခေါ်မှုကြီးရှိနေခဲ့တာတောင် တရုတ်နဲ့ ရုရှားအတွက်တော့ အတော်လေး ခရီးရောက်ခဲ့ပါတယ်။ ထို့အပြင် ဆီးရီးယားနဲ့ မြောက်ကိုရီးယားမှာရှိတဲ့ တရုတ်နဲ့ ရုရှားတို့ရဲ့မဟာမိတ်တွေဟာ သူတို့မှာ အခက်အခဲအကျပ်အတည်းတွေနဲ့ကြုံတွေ့လာရင် အားကိုးစရာတွေရှိလာပြီဆိုတာကို သိမြင်သဘောပေါက်လာကြပြီဖြစ်ပါတယ်။ မြောက်ကိုရီးယားနိုင်ငံဟာ အထူးသဖြင့် စီးပွားရေးဆိုင်ရာတွေမှာ တရုတ်နိုင်ငံရဲ့ အကူအညီကို ဆယ်စုနှစ်ပေါင်းများစွာ အားကိုးခဲ့တယ်လို့ဆိုရင် မှားမယ်မထင်ပါဘူး။ ထို့အတူ ရုရှားနိုင်ငံရဲ့ မြောက်ပိုင်းနယ်စပ်နဲ့ထိစပ်နေတဲ့ မြောက်ကိုရီးယားဟာ ရုရှားနိုင်ငံအပေါ်မှီခိုမှုကိုလည်း လက်မလွှတ်ခဲ့ဘူးလို့ ယူဆရပါတယ်။

တကယ်တမ်းဆိုရင်တော့ မြောက်ကိုရီးယားဟာ ဗလာဒီဗိုစတော့ခ်ဆိုတဲ့ ဆိုက်ဘေးရီးယားဆိပ်ကမ်းနဲ့ မိုင် ၁၀၀ အကွာလောက်မှာပဲရှိတာပါ။ အဲဒီနေရာမှာ ရုရှားဟာ ရေတပ်စစ်ရေးပြလေ့ကျင့်မှုများကို သိပ်မကြာသေးမီက ပြုလုပ်ခဲ့ပါတယ်။

ထို့အတူ ရုရှားရဲ့နောက်ထပ်ရေတပ်စစ်ရေးပြလေ့ကျင့်မှုတွေကို ကြီးမားတဲ့ ရုရှားရေတပ်နဲ့ လေတပ်အခြေစိုက်စခန်းရှိရာ မြေထဲပင်လယ်အရှေ့ပိုင်း၊ ဆီးရီးယားနိုင်ငံရှိ တာတပ်စ်မှာ ပြုလုပ်ခဲ့ပါသေးတယ်။ တာတပ်စ်မှာ ပြုလုပ်ခဲ့တဲ့ စစ်ရေးပြလေ့ကျင့်မှုမှာတော့ စစ်သင်္ဘောခြောက်စင်းတောင်ပါတယ်လို့ ရုရှားသတင်းမီဒီယာများက ဖော်ပြခဲ့ပါတယ်။

ဒါဟာ ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်လ်အာဆတ်အတွက်တော့ အားတက်စရာတစ်ခုဖြစ်ပါတယ်။ ရုရှားရဲ့ ထောက်ပံ့မှုတွေအများဆုံးရယူထားတဲ့ ဆီးရီးယားနိုင်ငံမှာ ရုရှားရဲ့အကြီးမားဆုံး ရေတပ်နဲ့ လေတပ်အခြေစိုက်စခန်းရှိနေတာကိုက ဆီးရီးယားသမ္မတဘတ်ရှာ အယ်လ်အာဆတ်အတွက်တော့ မင်္ဂလာတစ်ပါးပဲဖြစ်ပါတယ်။

အာဆတ်ရဲ့တိုက်ခိုက်မှုတွေကို အကူအညီပေးနေတဲ့ ရုရှားဟာ အမေရိကန်နိုင်ငံအတွက်တော့ ကောင်းတာတွေဆောင်ကြဉ်းမလာပါဘူး။ တရုတ်နဲ့ ရုရှားတို့ဟာ သံတမန်ရေးအရရော စီးပွားရေးအရပါ မြောက်ကိုရီးယားနဲ့ ဆီးရီးယားတို့ကို ထောက်ပံ့နေတာ နှစ်ပေါင်းအတော်များများကြာခဲ့ပါပြီ။ တရုတ်နဲ့ ရုရှားဟာ သူတို့မဟာမိတ်တွေရဲ့ လုပ်ရပ်တွေအတွက် အနောက်နိုင်ငံတွေရဲ့ စိန်ခေါ်မှုတွေကို ပြန်လည်တွန်းလှန်နိုင်ဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဗီတိုအာဏာကို မကြာခဏအသုံးပြုခဲ့ပါတယ်။

အခုလို အင်အားကြီးနှစ်နိုင်ငံရဲ့တပ်ဖွဲ့တွေ အတူတကွပူးပေါင်းမှုဟာလည်း မြောက်ကိုရီးယားနဲ့ ဆီးရီးယားကို နှစ်သိမ့်အားပေးမှုတွေလုပ်နေသလို တစ်ဖက်ကလည်း အမေရိကန်နိုင်ငံရဲ့လွှမ်းမိုးခြယ်လှယ်လိုမှုတွေ ပြုလုပ်ဖို့မလွယ်ကူကြောင်းလည်း ပြသလိုက်သလိုပါပဲ။

ယခုကဲ့သို့ အင်အားကြီးနှစ်နိုင်ငံ ပူးပေါင်းမှုဟာ တစ်နည်းအားဖြင့် ရုရှားအတွက် တရုတ်လိုကြောက်စရာကောင်းတဲ့ မိတ်ဆွေတစ်ဦးရရှိလိုက်တာဟာ သိပ်ပြီးတော့ အံ့သြစရာမကောင်းပါဘူး။ ဘာလို့လဲဆိုတော့ ယခင်ကလည်း ဒီလိုမျိုး ပူးပေါင်းမှုတွေ ရှိခဲ့ပါတယ်။

မှတ်မှတ်ရရဆိုရမယ်ဆိုရင် လွန်ခဲ့သောဇွန်လ ၇ ရက်နေ့မှာ တရုတ်ကာကွယ်ရေးဝန်ကြီး ချန်ဝမ်ကွမ်ဟာ ရုရှားကာကွယ်ရေးဝန်ကြီး ရှိုင်ဂူနဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့ကာဇက်စတန်မှာကျင်းပခဲ့တဲ့ အစည်းအဝေးမှာ တွေ့ဆုံမှုတွေပြုလုပ်ခဲ့ပါသေးတယ်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဟာ သက်တမ်း ၂၀ လောက်ပဲရှိသေးတဲ့ တရုတ်၊ ရုရှားနဲ့ ယခင်ဆိုဗီယက်အာရှနိုင်ငံများ ပေါင်းစည်းထားတဲ့ စစ်ရေးနဲ့ နိုင်ငံရေးဆိုင်ရာ အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ အဲဒီလိုတွေ့ဆုံမှုမှာ ရုရှားကာကွယ်ရေးဝန်ကြီး ရှိုင်ဂူဟာ တရုတ်နဲ့ ရုရှားနှစ်နိုင်ငံကြား အလုံးစုံသောစစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

ထို့အတူပဲ တရုတ်သမ္မတရှီကျင့်ဖျင်ဟာ ဂျာမနီမှာပြုလုပ်တဲ့ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့အသွားလမ်းမှာ ရုရှားနိုင်ငံကိုဝင်ခဲ့ပြီး ယခင်ကရေးထိုးခဲ့တဲ့ သဘောတူညီချက်များကို ထပ်မံအတည်ပြုခဲ့ရုံသာမက နောက်ထပ် ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိတဲ့ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ပါသေးတယ်။ အဲဒီလိုရေးထိုးပြီးနောက်မှာ နှစ်နိုင်ငံခေါင်းဆောင်များဟာ လက်ချင်းဆွဲပြီး အားပါးတရ နှုတ်ဆက်ခဲ့ကြပါသေးတယ်။

အခုတော့ ရုရှားနဲ့ တရုတ်နှစ်နိုင်ငံလုံးဟာ ဘေးကင်းလုံခြုံမှုတွေကို အပြန်အလှန်ထိန်းကျောင်းနေတာ ကိုတွေ့ရပါတယ်။ တရုတ်အနေနဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ကို ဘယ်လောက်အတိုင်းအတာအထိ ခုခံကာကွယ်မှုတွေလုပ်မှာလဲ။ ယခုလတ်တလော အသံကျယ်လောင်စွာဖြစ်နေတဲ့ မြောက်ကိုရီးယားရဲ့ နျူကလီးယားအရေးကိစ္စအပေါ် ဖိအားပေးလာမှုတွေကိုလည်း တရုတ်အနေနဲ့ ဘယ်လောက်အထိ တိတ်ဆိတ်နေမလဲ။ လတ်တလောမှာ တရုတ်ရန်ကို မြောက်ကိုရီးယားအနေနဲ့ ကြောက်စရာလုံးဝမလိုသေးပါဘူး။ အကယ်၍ လက်ရှိအစိုးရပြိုလဲခဲ့ရင်တောင်မှ၊ ဒါမှမဟုတ် မြောက်ကိုရီးယားနိုင်ငံသားတွေ မိုင် ၈၈၀ ရှိတဲ့ နှစ်နိုင်ငံနယ်နိမိတ်ကို ဖြတ်ကျော်လာရင်တောင်မှ၊ ဒါမှမဟုတ် အဏုမြူစစ်ပွဲကြီးဖြစ်လာခဲ့ရင်တောင်မှ မြောက်ကိုရီးယားအနေနဲ့ တရုတ်နဲ့ ပတ်သက်ပြီး စိုးရိမ်စရာ သိပ်ရှိမှာမဟုတ်ပါဘူး။

ရုရှားနဲ့ စစ်ရေးဆိုင်ရာ မဟာမိတ်ဖြစ်တဲ့ တရုတ်ဟာ ယခင်ကထက် ဘောင်ခတ်ထားမှုတွေ၊ ကန့်သတ်ချက်တွေ၊ တင်းကျပ်မှုတွေလျော့နည်းလာပြီး ပိုမိုလွတ်လပ်လာမှာဖြစ်ပါတယ်။

ဒီအခြေအနေမှာ သမ္မတဒေါ်နယ်ထရန့်သို့မဟုတ် အမေရိကန်ကွန်ဂရက်အနေနဲ့ တရုတ်အပေါ် ဘယ်လို တင်းကျပ်မှုတွေပြုလုပ်မလဲဆိုတာနဲ့ ပတ်သက်ပြီး ထည့်သွင်းစဉ်းစားရတော့မှာဖြစ်ပါတယ်။ ထို့အတူ ဒီကိစ္စနဲ့ပတ်သက်ပြီး ရုရှားအပေါ်မှာလည်း ဘယ်လိုကိုင်တွယ်သွားမလဲဆိုတာ အမေရိကန်နိုင်ငံအနေနဲ့ စဉ်းစားရမှာဖြစ်ပါတယ်။

မကြာသေးမီကမှ ဖြစ်ပွားခဲ့တဲ့ အမေရိကန်နဲ့ ရုရှားတို့ရဲ့ အရေးယူပိတ်ဆို့မှုတွေ၊ သံတမန်ရေးရာဝန်ထမ်းနှင်ထုတ်မှုတွေစတဲ့ ဇာတ်လမ်းတွေကြောင့် မြောက်ကိုရီးယားအရေး တရုတ်နိုင်ငံကို ဖိအားပေးဖို့ ရုရှားရဲ့ ထောက်ခံမှုရဖို့ဟာ အမေရိကန်အတွက် အငိုလွယ်ပေမယ့် အရှိုက်ခက်တဲ့ အခြေ အနေတစ်ရပ်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါတယ်။



# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

**၁၃၇၉ခုနှစ်၊ ရက်**

**( ၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်သည် အခွန်စီမံခန့်ခွဲမှုနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာဥပဒေ အာဏာတည်သည့်နေ့တွင် အကျိုးသက်ရောက်စေရမည်။

(ခ) ဤဥပဒေ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၁၆၊ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ ၊ပုဒ်မ ၁၉၊ ပုဒ်မ ၁၉-က၊ပုဒ်မ ၂၀၊ ပုဒ်မ ၂၁-က၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၈ တို့ကို ပယ်ဖျက်ရမည်။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင်ပါရှိသော -

(က) **"ကုမ္ပဏီများဆိုင်ရာအခွန်ရုံး"** ဆိုသည့် စကားရပ်ကို **"အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး"** ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) **"ဘဏ္ဍာရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ကို **"စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ(ဃ)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ဝန်ဆောင်မှု**ဆိုသည်မှာ ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်းနှင့်ကုန်စည်တင်သွင်းခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်းမှ အပဖြစ်သည့် အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားရယူသည့် လုပ်ငန်းဆောင်ရွက်မှုကို ဆိုသည်။"

(ခ) ပုဒ်မခွဲ(ည)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ည) ကုန်းပေါ်ရောက်တန်ဖိုးဆိုသည်မှာ ပြည်ပမှ တင်သွင်းသော ကုန်စည်အပေါ် အကောက်ခွန် ဥပဒေများအရ သတ်မှတ်သည့် စည်းကြပ်တန်ဖိုး၊ ယင်းကုန်စည်အပေါ်စည်းကြပ်သည့် အကောက်ခွန်၊ အထူးကုန်စည်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ရရှိသော တန်ဖိုးကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဍ) **စည်းကြပ်**ဆိုသည်မှာ ဤဥပဒေအရ မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ကိုတွက်ချက်စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှုဆောင်ရွက်ခြင်းအပြင် အခွန်ထမ်းကိုယ်တိုင်က ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြေညာလွှာများနှင့်အတူ ပေးဆောင်ရမည့်အခွန်ကို ပေးသွင်း၍ စည်းကြပ်မှုခံယူခြင်းလည်း ပါဝင်သည်။"

(ဃ) ပုဒ်မခွဲ(ဒ) ၏နောက်တွင် " ယင်းစကားရပ်တွင် ပြည်ပမှကုန်စည် တင်သွင်း၍ပြည်တွင်း၌ ပြန်လည်ရောင်းချမှု၊ပြည်ပသို့တင်ပို့ရောင်းချမှုလည်းပါဝင်သည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၄ တွင် ပါရှိသော "ဇယား၌ ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်" ဆိုသည့်စကားရပ်ကို "နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခွန်နှုန်းများအတိုင်း အခွန်ကျသင့်စေရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၅။ (က)ပုဒ်မ ၄ အရ ကျသင့်သောအခွန်ကို ရောင်းရငွေ သို့မဟုတ် ရငွေနှင့်အတူတစ်ပါတည်း ကောက်ခံပြီး အောက်ဖော်ပြပါ ဆောင်ရွက်သူက ပေးဆောင်ရမည်-

(၁) ပြည်တွင်း၌ကုန်စည် ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ကုန်စည်ထုတ်လုပ်ရောင်းချသူ၊

(၂) ကုန်စည်တင်သွင်းခြင်း ဖြစ်ပါက ကုန်စည်တင်သွင်းသူ ၊

(၃) ကုန်သွယ်မှုဆောင်ရွက်ခြင်းဖြစ်ပါက ကုန်သွယ်မှုဆောင်ရွက်သူ၊

(၄) ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက ဝန်ဆောင်မှုဆောင်ရွက်သူ။ "

(ခ) ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူက ကျသင့်အခွန်ကို ထည့်သွင်းပေးချေခြင်းမပြုသဖြင့်ဆိုသည့် အကြောင်းပြချက်ဖြင့် ဤပုဒ်မပါ အခွန်ပေးဆောင်ရန် တာဝန်ရှိစေခြင်းသည် ပျက်ပြယ်ခြင်း မရှိစေရ။"

၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့်အခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုနိုင်သည်။"

၉။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍-

(က)ကုန်စည်တစ်မျိုးမျိုးအတွက်ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်အတွက်ဖြစ်စေ၊အခွန်ထမ်းတစ်ဦးဦးအတွက်ဖြစ်စေ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ပမာဏကို သတ်မှတ်နိုင်သည်။

(ဂ) အသစ်ထူထောင်သောလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍-

(၁) အသစ်တည်ဆောက်ရာတွင် တပ်ဆင်အသုံးပြုရန်ပြည်ပမှ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် အခြားပစ္စည်းများအပေါ်တွင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(၂) ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းစီးပွားဖြစ် စတင်သောနေ့မှတစ်ဆက်တည်း ၃၆ လ အထိ နှစ်ကန့်သတ်ချက်ဖြင့် အခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ဃ)နိုင်ငံတော်အတွင်းထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချသော ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။"

၁၀။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၉ တွင်ပါရှိသော "ကုန်စည်ထုတ်လုပ်မှု"ဆိုသည့် စကားရပ်ကို "ကုန်စည်ထုတ်လုပ်မှု သို့မဟုတ် ကုန်သွယ်မှု" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ)တွင်ပါရှိသော"ကုန်စည်ထုတ်လုပ်မှု လုပ်ငန်း" ဆိုသည့်စကားရပ်ကို"ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (င) တွင်ပါရှိသော "ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) "ဆိုသည့် စကားရပ်ကို "ပုဒ်မ၄၊ ပုဒ်မခွဲ (ခ)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၁။(က) မည်သူမဆို လုံလောက်သော အ ကြောင်းမရှိဘဲ အောက်ပါပျက်ကွက်မှု တစ်ရပ်ရပ်ရှိလျှင် ထိုသူအား မြို့နယ်အခွန်ဦးစီး ဌာနမှူးသည် သက်ဆိုင်ရာပျက်ကွက်မှု တစ်မျိုးစီအတွက် အောက်ဖော်ပြပါ သတ်မှတ်ရာခိုင်နှုန်း သို့မဟုတ် သက်မှတ်ငွေပမာဏအတိုင်းဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။ ထိုသို့ ဒဏ်ငွေပေးဆောင်ရာတွင် ပုဒ်မခွဲငယ်(၈) ပါဒဏ်ငွေကိုဘဏ္ဍာနှစ်ကုန်အထိ စောင့်ဆိုင်းရန်မလိုဘဲ သီးခြားစည်းကြပ်ကောက်ခံရမည်-

(၁) မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း၊ လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာပေးပို့ရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(၂) သတ်မှတ်ထားသော အချိန်အတွင်း လစဉ်ပေးသွင်းရမည့်အခွန်ကို ပေးဆောင်ရန်ပျက်ကွက်မှုအကြိမ် တစ်ကြိမ်တိုင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ရာခိုင်နှုန်း၊

(၃) သတ်မှတ်ထားသောအချိန်အတွင်း သုံးလတစ်ကြိမ်ကြေညာလွှာတင်သွင်းရန်ပျက်ကွက်မှုအကြိမ် တစ်ကြိမ်တိုင်းအတွက်စည်းကြပ်မှု အရ ကျသင့် အခွန် ၏ငါးရာခိုင်နှုန်း၊

(၄) သတ်မှတ်ထားသောအချိန်အတွင်းနှစ်ချုပ်ကြေညာလွှာတင်သွင်းရန် ပျက်ကွက်မှုအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(၅) နှစ်ချုပ်ကြေညာလွှာအရကျသင့်သော အခွန်ကို ပေးသွင်းရန်ပျက်ကွက်ခြင်း၊ စည်းကြပ်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးရန် အကြောင်းကြား ခေါ်ယူခြင်းကို လိုက်နာရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှု တစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း။

*(ဆက်လက်ဖော်ပြမည်)*

# မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှ အဆက်***

၅၈။ ပုဒ်မ-၃၀အရ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားသူမည်သူမျှ မမှန်မကန်လိမ်လည်လျှောက်ထားခြင်းမပြုရ။

၅၉။ ပုဒ်မ-၃၄အရ ဘွဲ့၊ ဒီဂရီ အသိအမှတ်ပြုရန် လျှောက်ထားသူမည်သူမျှ မမှန်မကန်လိမ်လည် လျှောက်ထားခြင်းမပြုရ။

၆၀။ ပုဒ်မ-၃၆၊ ပုဒ်မ-၃၈၊ ပုဒ်မ- ၄၀နှင့် ပုဒ်မ-၄၂ အရ ဆေးကုသခွင့်လိုင်စင် ရရှိရန်နှင့် ပုဒ်မ-၄၄အရ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသူမည်သူမျှ မမှန်မကန်လိမ်လည်လျှောက်ထားခြင်းမပြုရ။

၆၁။ ပုဒ်မ-၅၅ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁)နှစ်မှ အများဆုံး ထောင်ဒဏ်(၃)နှစ်နှင့် ငွေကျပ်ငါးသိန်းအောက်မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

၆၂။ ပုဒ်မ-၅၆ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁)နှစ်မှအများဆုံးထောင်ဒဏ်(၃)နှစ်နှင့် ငွေကျပ်ငါးသိန်းအောက်မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

၆၃။ ပုဒ်မ-၅၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁)နှစ်မှ အများဆုံးထောင်ဒဏ်(၃)နှစ်နှင့် ငွေကျပ်ငါးသိန်းအောက်မလျော့သော ငွေဒဏ်ကို ချမှတ်နိုင် သည်။

၆၄။ ပုဒ်မ-၅၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁)နှစ်မှ အများဆုံး ထောင်ဒဏ်(၃)နှစ်နှင့် ငွေကျပ်ငါးသိန်းအောက်မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

၆၅။ ပုဒ်မ-၅၉ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁)နှစ်မှ အများဆုံးထောင်ဒဏ်(၃)နှစ်နှင့် ငွေကျပ်ဆယ်သိန်းအောက်မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

၆၆။ ပုဒ်မ-၆၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်(၁)နှစ်မှ အများဆုံးထောင်ဒဏ်(၃)နှစ်နှင့် ငွေကျပ်ငါးသိန်းအောက်မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

**အခန်း(၁၈)**

**အထွေထွေ**

၆၇။ ဆေးကုသခွင့်လိုင်စင်ရသူကိုယ်တိုင်လက်မှတ်ရေးထိုးထားခြင်းမရှိသောဆေးလက်မှတ်နှင့် ဆေးဘက်ဆိုင်ရာ အထောက်အထားများသည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။

၆၈။ ဆေးကုသခွင့်လိုင်စင်ရရှိသူတစ်ဦးဦးသည် လူနာအကျိုးအတွက် ၎င်း၏သဘောတူညီချက်ဖြင့် ဆေးပညာရပ်ဆိုင်ရာ ထိုက်သင့်သော သတိပြုခြင်းဖြင့် ဆုံးဖြတ်၍ တိုင်းရင်းဆေးဆရာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်လျှင် ယင်းဆောင်ရွက်ချက်ကို ပေါ့လျော့စွာ ဆောင်ရွက်သည်ဟု မမှတ်ယူရ။

၆၉။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုခြင်းနှင့် စပ်လျဉ်း၍ တရားစွဲဆိုခံရသူသည် မှတ်ပုံတင်တိုင်းရင်းဆေးဆရာဖြစ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများသည် ကောင်စီသို့ အသိပေးအကြောင်းကြားရမည်။

၇၀။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်-၂/ ၂၀၀၀) အရ ထုတ်ပြန်ခဲ့သောနည်းဥပဒေများ၊အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၇၁။ ကောင်စီသည် တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ်-၂/ ၂၀၀၀)အရဖွဲ့စည်းထားသောကောင်စီပိုင်ရန်ပုံငွေများကိုလည်းကောင်း ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း အသီးသီးဆက်ခံရမည်။

၇၂။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်-၂/ ၂၀၀၀) အရဖွဲ့စည်းထားသော တိုင်းရင်းဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီ ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုဆက်လက်ဆောင်ရွက်ရမည်။

၇၃။ ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဖော်ပြထားစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သောပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၇၆။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ်-၂/ ၂၀၀၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# မြေပုံအချက်အလက်ဆိုင်ရာ Myanmar Open Street Map အစီအစဉ်စတင်မည်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ၏ မြေပုံအချက်အလက်များ ပိုမိုတိုးတက်လာအောင် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖန်တီးရာ Myanmar Innovation Lab နှင့် One Map Myanmar တို့ ပူးပေါင်းကာ Myanmar Open Street Map အစီအစဉ်ကို စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ မြေပုံများကို လူတိုင်းပူးပေါင်းပါဝင်ရေးဆွဲနိုင်ပြီး မြေပုံအချက်အလက်များကိုလည်း လွတ်လပ်စွာ ပြန်လည်အသုံးချနိုင်သည့် Open Street Map တွင် မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်းများသာမက တစ်ဦးတစ်ယောက်ချင်းစီလည်း ပိုမိုပူးပေါင်းပါဝင်လာနိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

One Map Myanmar နှင့် ဖန်တီးရာတို့ ပူးပေါင်းအကောင်အထည်ဖော်မည့် ဤအစီအစဉ်တွင် "Open Street Map နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ Open Street Map ပေါ်တွင် မြေပုံနှင့်ပတ်သက်သည့် စံသတ်မှတ်ချက်များ၊ မြန်မာဘာသာဖြင့် ဖော်ပြထားသည့် အချက်အလက်များ ပိုမိုတိုးတက်လာစေရန် ကူညီပေးခြင်းတို့အပြင် Mapathon ကဲ့သို့ မြေပုံများရေးဆွဲယှဉ်ပြိုင်သည့်ပွဲများ၊ မြေပုံများကို တစ်ပြိုင်နက် ဝိုင်းဝန်းရေးဆွဲကြသည့် Mapping Party ကဲ့သို့သော ပွဲများကိုပါ ပုံမှန်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Open Street Map ဆိုသည်မှာ တစ်ကမ္ဘာလုံးတွင်ရှိသော မြေပုံများကို စိတ်ဝင်စားသည့် မည်သူမဆို အခမဲ့ ပူးပေါင်းပါဝင်ရေးဆွဲနိုင်သလို ရေးဆွဲထားပြီးသည့် အချက်အလက်များကိုလည်း ပြန်လည်ထုတ်ယူ အသုံးချနိုင်သည့် မြေပုံအချက်အလက် စနစ်တစ်ခုဖြစ်သည်။ အဆိုပါ Open Street Map တွင်ရှိသော မြေပုံများကို လွတ်လပ်စွာ သုံးစွဲနိုင်ရုံသာမက မြေပုံများ၏ နောက်ကွယ်မှ အချက်အလက်များကိုလည်း လွတ်လပ်စွာ အသုံးပြုနိုင်သည်။




Open Street Map တွင်တွေ့ရသော ရန်ကုန်မြို့လယ်မြေပုံ

တစ်ကမ္ဘာလုံးတွင် Open Street Map ပေါ်ရှိ မြေပုံအချက်အလက်များကို ပါဝင်ဖြည့်သွင်းရေးဆွဲနေသူ သုံးသန်းကျော်ရှိနေကာ မြန်မာနိုင်ငံမှ Open Street Map ဖြည့်သွင်းရေးဆွဲနေသူ အသိုင်းအဝန်းနှင့်ပတ်သက်၍လည်း ဖန်တီးရာမှ Data Program Manager ဦးသက်အောင်က "မြန်မာနိုင်ငံမှာ Open Steet Map ကို အင်တိုက်အားတိုက်နဲ့ပါဝင်ဖြည့်သွင်းရေးဆွဲနေသူတွေ အများကြီးရှိနှင့်ပြီးသား ဖြစ်ပါတယ်။ ဒီအစီအစဉ်ဟာ သူတို့ရဲ့အတွေ့အကြုံတွေနဲ့ ဖန်တီးရာရဲ့တခြားအစီအစဉ်တွေကနေတစ်ဆင့် ရလာတဲ့ အတွေ့အကြုံကောင်းတွေကို အခြေခံပြီး Open Street Map အသိုက်အဝန်းကို မြန်မာနိုင်ငံမှာ ပိုမိုတိုးတက်ကြီးထွားလာအောင် ကြိုးစားပံ့ပိုးသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဖန်တီးရာနှင့် အကျိုးတူပူးပေါင်းပါဝင်မှုနှင့်ပက်သက်ပြီး One Map Myanmar မှ နည်းပညာအကြံပေး Dr.Joan Bastide က "ဒီဂျစ်တယ်မြေပုံနဲ့ပတ်သက်တဲ့ နည်းပညာရပ်တွေကို လွတ်လပ်စွာ အသုံးချနိုင်ခွင့် ရရှိလာခြင်းနဲ့အတူ နိုင်ငံသူနိုင်ငံသားတိုင်း ဒီနည်းပညာရပ်မှာ ပူးပေါင်းပါဝင်လာနိုင်ပြီး နိုင်ငံအတွက် ပိုမိုတိကျမှန်ကန်တဲ့ သတင်းအချက်အလက်များ ရရှိလာနိုင်မယ့် အရွေ့တစ်ခုကို အကောင်အထည်ဖော်နိုင်မှာပါ။ တစ်နိုင်ငံလုံးမှာ မြေပုံနဲ့ပတ်သက်တဲ့ပွဲတွေ ကျင်းပမယ်။ အဲဒီပွဲတွေမှာ စိတ်ဝင်စားပါဝင်လာမယ့် မြေပုံတွေကိုစိတ်ဝင်စားတဲ့လူတွေကို ခိုင်ခိုင်မာမာ စုစည်းပြီး ကူညီပံ့ပိုးပေးမယ်။ ဒီအစီအစဉ်မှာ ဖန်တီးရာနဲ့အတူ ပူးပေါင်းပါဝင်ခွင့် ရရှိတဲ့အတွက် အားရကျေနပ်မိပါတယ်"ဟု ပြောသည်။

အစီအစဉ်၏ ပထမနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့ပြမြေပုံများနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ မြို့များ၏ မြေပုံများ ပိုမိုတိုးတက်လာရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**One Map Myanmar**

မြန်မာနိုင်ငံတော် အစိုးရသည် မြေယာနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အများပြည်သူသုံးစွဲနိုင်ရေးအတွက် အွန်လိုင်းပေါ်တွင် သတင်းအချက်အလက် သိုမှီးစုဆောင်းသည့် စနစ်တစ်ခုကိုတည်ထောင်ရန် ရည်ရွယ်ချက်ဖြင့် One Map Myanmar အစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။ ရှိနှင့်ပြီးဖြစ်သည့် မြေယာသတင်းအချက်အလက်များကို ပိုမိုတိကျစေရန် အရည်အသွေးမြှင့်တင်ခြင်း၊ အရည်အသွေးမြှင့်တင်ပြီးသော သတင်းအချက်အလက်များကို အများပြည်သူထံမျှဝေခြင်းနှင့် ယင်းအချက်အလက်များကို အခြေခံပြီး မြေပုံများထုတ်လုပ်ရေးဆွဲခြင်းတို့ ဆောင်ရွက်ရန်အတွက် One Map Myanmar သည် အစိုးရအဖွဲ့အစည်း ၂၅ ခု ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကိုယ်ပိုင်လုပ်ငန်းရှင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်လျက်ရှိသည်။ One Map Myanmar အစီအစဉ်ကို ၂၀၁၅ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အထက်ပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရှစ်နှစ်စာရန်ပုံငွေကို Swiss Agency for Development and Cooperation (SDC) က ထောက်ပံ့ပေးထားကာ လက်ရှိတွင် ပြည်တွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် Land Core Group နှင့် လုပ်ငန်းများ ပူးတွဲလုပ်ဆောင်လျက်ရှိသည်။

မြေပုံများသည် တည်နေရာများ၊ သွားလာလှုပ်ရှားမှု လမ်းကြောင်းများစသည့် အရေးပါသည့် အချက်အလက်များကို ဖော်ပြနိုင်သည့် အရင်းအမြစ်များဖြစ်ရာ Open Street Map အစီအစဉ်သည် မည်သူမဆို၊ မည်သည့်အဖွဲ့အစည်းမဆို မြေပုံအချက်အလက်များကို ဖြည့်သွင်းရေးဆွဲခြင်း၊ ပြင်ဆင်တည်းဖြတ်ခြင်းများ ပြုလုပ်နိုင်ရုံသာမက ထိုအပေါ်တွင်ရှိသော မြေပုံအချက်အလက်အားလုံးကို မည်သည့်ကိစ္စမျိုးအတွက်မဆို အခကြေးငွေပေးဆောင်ရန် မလိုအပ်ဘဲ တရားဝင် ပြန်လည်အသုံးပြုနိုင်သည့် မြေပုံပေါ်တွင် အခြေခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဖန်တီးရာ Myanmar Innovation Lab ၏ CEO ဖြစ်သူ Jes Kaliebe Petersen က "ဆိုင်တွေရဲ့ တည်နေရာကို လမ်းညွှန်ပြသပေးတဲ့ လုပ်ငန်းတွေ၊ အွန်လိုင်းပေါ်မှာ မိမိဆိုင်လိပ်စာကို ကြော်ငြာပေးတဲ့လုပ်ငန်းတွေ၊ ကုန်ပစ္စည်းတွေကို အိမ်တိုင်ရာရောက်ပို့ဆောင်ပေးတဲ့ လုပ်ငန်းတွေ၊ အင်တာနက်ကနေတစ်ဆင့် အငှားယာဉ်ခေါ်ယူတဲ့ လုပ်ငန်းတွေစတဲ့ မြေပုံသတင်းအချက်အလက်တွေကို အခြေခံထားတဲ့ နည်းပညာအသုံးပြု စီးပွားရေးလုပ်ငန်းတွေဟာ ရှိနှင့်ပြီးသားဖြစ်ပါတယ်။ ဒီလောက်နဲ့တင်မကဘဲ အနာဂတ်မှာ ဒီထက်ပိုမိုကောင်းမွန်တဲ့ အလားအလာကောင်းတွေလည်း ရှိနေပါသေးတယ်။ မြေပုံတွေပေါ်မှာရှိတဲ့ သတင်းအချက်အလက်တွေ တိုးတက်လာတာနဲ့အမျှ မြန်မာနိုင်ငံသားတွေရဲ့ လူနေမှုဘဝ အဆင့်အတန်းတွေလည်း တိုးတက်ပြောင်းလဲလာမှာပါ။ ဖန်တီးရာက မြန်မာနိုင်ငံမှာ ပွင့်လင်းမြင်သာတဲ့ ဒေတာတွေကို ပိုမိုလက်လှမ်းမီဖို့နဲ့ အသုံးချနိုင်အောင် ပံ့ပိုးဖို့ ရည်ရွယ်ထားရာမှာ အရေအသွေးမြင့်မားတဲ့ မြေပုံတွေရရှိလာဖို့ကလည်း အရေးပါတဲ့ အချက်တစ်ချက်အနေနဲ့ ပါပါတယ်"ဟု မြန်မာနိုင်ငံ၏ မြေပုံများရေးဆွဲခြင်းနှင့်ပတ်သက်သည့် အလားအလာများကို ပြောကြားသည်။

American Red Cross မှ တာဝန်ရှိသူတစ်ဦးကလည်း ဤအစီအစဉ်ကို ကြိုဆိုပြီး သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့် တုံ့ပြန်မှုတို့တွင် မြေပုံများ၏ အရေးပါမှုနှင့်ပတ်သက်၍ "အချက်အလက်ပြည့်စုံတဲ့ မြေပုံတွေကို အချိန်နဲ့တစ်ပြေးညီ အသုံးပြုနိုင်ခြင်းက လူသားချင်းစာနာထောက်ထားမှုနဲ့ ကူညီကယ်ဆယ်ရေး လုပ်ငန်းစဉ်တွေမှာ များစွာ အထောက်အကူပြုပေးနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အသိုင်းအဝန်းအနေနဲ့ Open Street Map ကို ပိုမိုစိတ်ပါဝင်စားလာပြီး ပူးပေါင်းဝင်လာဖို့ကိုလည်း အလွန်ကိုမျှော်လင့်မိပါတယ်"ဟု ပြောသည်။

Myanmar Open Street Map အစီအစဉ်ကို စိတ်ပါဝင်စားသူများအနေဖြင့် ဖေ့စ်ဘုတ်တွင် #OpenStreetMapMM ဟုရိုက်နှိပ်ရှာဖွေပြီးဖြစ်စေ၊ ဖန်တီးရာ၏ ဖေ့စ်ဘုတ်စာမျက်နှာ Facebook.com/Phandeeyar မှတစ်ဆင့်ဖြစ်စေ၊ Open Street Map ၏ Facebook.com/groups/osmmm တွင် ဝင်ရောက်ထားခြင်းဖြင့်ဖြစ်စေ အစီအစဉ်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် သတင်းအချက်အလက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဝက်ဘ်ဆိုက်မှ ရာသီတုပ်ကွေးသတင်းများ နေ့စဉ်ထုတ်ပြန်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၁၈**

တစ်နိုင်ငံလုံးမှ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm2009)ဆိုင်ရာ သတင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် http://mohs.gov.mm မှ နေ့စဉ်သတင်းထုတ်ပြန်ချက်များထုတ်၍ ပြည်သူလူထုသို့ အသိပေးကြေညာလျက်ရှိကြောင်း သိရသည်။

ရာသီတုပ်ကွေးရောဂါ သတင်းထုတ်ပြန်ချက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဇူလိုင် ၂၇ ရက်မှ စတင်၍ ထုတ်ပြန်အသိပေးခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၁၇ ရက်အထိ ထုတ်ပြန်ချက် ၂၄ စောင်ကို ထုတ်ပြန်ထားပြီးဖြစ်သည်။ ထုတ်ပြန်ချက်များတွင် တစ်နိုင်ငံလုံးမှ ရောဂါဖြစ်ပွားမှုနှင့် လူသေဆုံးမှု အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ကုသမှု၊ ရာသီတုပ်ကွေး ဓာတ်ခွဲအတည်ပြုမှုနှင့် ဓာတ်ခွဲအတည်ပြုသည့် သေဆုံးသူအရေအတွက်၊ ဆေးဝါးကုသမှု ခံယူနေသူအရေအတွက်နှင့် သက်သာပျောက်ကင်းမှု အရေအတွက်၊ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဆောင်ရွက်မှု အခြေအနေများ၊ ပြည်သူများအနေဖြင့် သတိပြုဖွယ်ရာများနှင့် သိရှိလိုက်နာရမည့် အချက်များကို ဖော်ပြလျက်ရှိသည်။




ရာသီတုပ်ကွေးရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ ပြည်သူများ စိုးရိမ်ပူပန်နေကြပြီး လူမှုကွန်ရက်များပေါ်မှ ကောလာဟလသတင်းများကြောင့် ထိတ်လန့်နေရချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခုလို တရားဝင်သတင်းများကို နေ့စဉ် အတည်ပြုထုတ်ပြန်ပေးနေခြင်းကြောင့် ပြည်သူများ စိုးရိမ်ထိတ်လန့်မှု လျော့ပါးစေကြောင်း သိရသည်။

**သူရဖြိုး**

# ဆမ်ဆောင်းမှ myME သို့ သင်ထောက်ကူပစ္စည်းများနှင့် သင်ကြားရေးကားတစ်စီးလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံအတွင်းရှိ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသော လူငယ်များအား ပညာသင်ကြားပေးနေသည့် NGO တစ်ခုဖြစ်သည့် Myanmar Mobile Education Project(myME)သို့ သုံးကြိမ်မြောက် သင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့် တတိယမြောက် သင်ကြားရေးဘတ်စ်ကားကို ဆမ်ဆောင်းမြန်မာက ဩဂုတ်လ ဒုတိယပတ်အတွင်းက လှူဒါန်းခဲ့သည်။

myME နှင့် ဆမ်ဆောင်းမြန်မာတို့သည် ပညာသင်ကြားရေးလုပ်ငန်းများအတွက် လက်တွဲခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်ပြီး ယခင်ကလည်း ကျောင်းပြင်ပရောက်လူငယ်များ ပညာသင်ကြားရေးအတွက် ရွေ့လျားစာသင်ခန်းကားများနှင့် သင်ထောက်ကူပစ္စည်းများကို ဆမ်ဆောင်းမြန်မာက နှစ်နှစ်ဆက်တိုက် ပံ့ပိုးပေးခဲ့ပြီးဖြစ်ကာ ယခု တတိယအကြိမ်မြောက် လှူဒါန်းခြင်းဖြစ်သည်။

myME အနေဖြင့် ဆမ်ဆောင်းမှ ပထမနှစ်က လှူဒါန်းခဲ့သည့် သင်ကြားရေးကားကို ရန်ကုန်မြို့တွင်း ကျောင်းပြင်ပရောက် သင်ခန်းစာများ သင်ကြားရာတွင် အသုံးပြုခဲ့ပြီး ဒုတိယမြောက်ကားကို မန္တလေးမြို့ရှိ လူငယ်များအား စာသင်ကြားရန် အသုံးပြုခဲ့ကာ ယခုထပ်မံလှူဒါန်းသည့်ကားကို ကျောင်းပြင်ပရောက်လူငယ်များအား သင်ကြားရန်သာမက အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ သင်ကြားပို့ချပေးအပ်ရန်အတွက်လည်း အသုံးပြုသွားမည်ဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများအဖြစ် ဘေးကင်းသော အစားအသောက်များ၊ သန့်ရှင်းသော အစားအသောက်များနှင့် အာဟာရပြည့်ဝသော အစားအသောက်များအကြောင်းတို့ကို သင်ကြားပြသသွားမည်ဖြစ်ကာ သင်တန်းများကို ရန်ကုန်မြို့ဆင်ခြေဖုံးမြို့နယ်များဖြစ်သော လှိုင်သာယာ၊ ရွှေပြည်သာ၊ အရှေ့ဒဂုံ၊ ဒဂုံဆိပ်ကမ်း အစရှိသည့် မြို့နယ်များတွင် သွားရောက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# MCPA Quiz 2017 ရန်ကုန်တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံအဆင့်ကျင်းပသည့် IT ဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဖြစ်သော MCPA Quiz ၂၀၁၇ ပြိုင်ပွဲ၏ ရန်ကုန်တိုင်းဒေသကြီးအဆင့် ရေးဖြေပြိုင်ပွဲကို ရန်ကုန် လှိုင်မြို့နယ် MICT Park, Conference Hall ၌ ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**




# “ရွှေယမင်းဖောင်ဒေးရှင်း” ၏ ပဲ့ကိုင်ရှင် ယမင်း (ခ) ယမင်းသီရိဇော်

ကိုလင်း

၂၀၀၅ ခုနှစ်အတွင်းက ရေဗလွန်အလှကုန်ပစ္စည်းကုမ္ပဏီ (Revlon Cosmetics Company) အလှမယ်အဖြစ် ရွေးချယ်ခံရခြင်းနှင့်အတူ အနုပညာလောကသို့ ရောက်ရှိလာသူ၊ ယင်းနောက် BEC Tero ကုမ္ပဏီမှ မစ္စတာ ဘရိုင်ယန်မာကာက ထပ်မံရွေးချယ်မှုကြောင့် အဆိုတော်ချမ်းချမ်းနှင့်အတူ Wedding Dress Photo များ ရိုက်ကူးခဲ့သူ၊ ယင်းနောက် ဝါသနာပါရာ အနုပညာအလုပ်နှင့် အနုပညာရပ်ဝန်းကိုစွန့်ခွာကာ ရှိရင်းစွဲ ပရဟိတအခြေခံစိတ်ဖြင့် တိုင်းရင်းသား မိဘမဲ့ကလေးငယ်များ၏ ဘဝကို ကိုယ်ချင်းစာစိတ်ဖြင့် “ရွှေယမင်းဖောင်ဒေးရှင်း”ကို တည်ထောင်ကာ ပရဟိတလုပ်ငန်းများ လုပ်ဆောင်ခဲ့သူ မော်ဒယ်ယမင်း (ခေါ်) ယမင်းသီရိဇော်အား တွေ့ဆုံခဲ့ရာတွင် -

**ပရဟိတ၏ အစ**

အနုပညာအလုပ်တွေလုပ်မယ်ဆိုပြီးတော့ ၂၀၀၅ ခုနှစ်မှာ ခြေလှမ်းစခဲ့တာပေါ့။ နောက်ပိုင်းမှာတော့ ကိုယ်လျှောက်မယ့်လမ်းက ကိုယ့်အတွက်ပဲ အကျိုးရှိတယ်။ အများသူငါအကျိုးရှိဖို့လည်း အလုပ်လုပ်သင့်တယ်ဆိုတဲ့အတွေးက အစ်မခေါင်းထဲကိုရောက်လာတယ်။ ဒါနဲ့ ဘာကိုစဉ်းစားလိုက်မိလဲဆိုတော့ အစ်မတို့တိုင်းပြည်မှာ ဆင်းရဲနွမ်းပါးပြီး ပညာရေးကိုဆုံးခန်းတိုင်အောင်မသင်နိုင်တဲ့ကလေးတွေ၊ မိဘမဲ့ကလေးတွေ၊ လမ်းဘေးရောက်နေတဲ့ လေလွင့်ကလေးငယ်တွေရှိနေတာကို ကိုယ်တိုင်သိလာတဲ့အခါ ငါအချိန်ရှိတုန်း၊ ငွေကြေးပြည့်စုံနေတုန်း၊ တတ်နိုင်သမျှ သူတို့ရဲ့ပညာရေး၊ ကျန်းမာရေးတွေကို ကြည့်သင့်တယ်လို့ အတွေးပေါ်လာတယ်။

**ဖောင်ဒေးရှင်းတည်ထောင်ဖြစ်ပုံ**

“ရွှေယမင်းဖောင်ဒေးရှင်း”ကို တည်ထောင်တဲ့အခါကျတော့ အစ်မအမျိုးသားက နိုင်ငံတကာအတွေ့အကြုံများတဲ့သူဖြစ်တယ်။ နောက်သူက ဟောင်ကောင်သတ္တုတွင်း ကုမ္ပဏီမှာလုပ်တဲ့သူဆိုတော့ သူကတစ်ဆင့် အဆက်အသွယ်တွေလည်းရနိုင်တယ်။ ဒ့ါအပြင် သူကိုယ်တိုင်ကလည်း ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်တဲ့အတွက် အစ်မရဲ့စိတ်ကူးကို နားလည်တယ်။ ဒါနဲ့နှစ်ယောက်ပူးပေါင်းပြီး ဒီဖောင်ဒေးရှင်းကို ထူထောင်ဖြစ်သွားတာပါ။

**လက်တွဲဖော်ပါရမီဖြည့်ဖက်**

အစ်မရဲ့အမျိုးသားကတော့ ၂၀၀၄ ခုနှစ်လောက်ကတည်းကစပြီး ထိုင်းနဲ့ ဟောင်ကောင်မှာ လမ်းပေါ်လေလွင့်နေတဲ့ကလေးငယ်တွေ၊ ရထားဘူတာတွေမှာ နေနေရတဲ့ မိဘမဲ့ကလေးတွေကို စောင့်ရှောက်တဲ့ဂေဟာတွေဆောက်ထားတယ်။ ထိုင်းမှာဆို ကလေးအယောက် ၁၀၀ ကျော်ရှိတယ်။ ဟောင်ကောင်မှာ ငါးရာ ကျော်လောက်ရှိတယ်။ သူတို့ရဲ့ပညာရေး၊ စားဝတ်နေရေး အစစအရာရာကို အစ်မရဲ့အမျိုးသားက တာဝန်ယူစောင့်ရှောက်ခဲ့တယ်။

**ကလေးများအတွက် အဓိက**

အိမ်ထောင်ကျသွားပြီးတဲ့အချိန်မှာတော့ အမျိုးသားရဲ့ထောက်ပံ့မှုတွေ အများကြီးရခဲ့ပါတယ်။ သူ့အကူညီနဲ့ ကိုယ့်နိုင်ငံအတွက် အကျိုးရှိမယ့်အလုပ်တွေကို အစ်မလုပ်ဖြစ်ခဲ့တယ်။ ဆင်းရဲချို့တဲ့ကလေးတွေ ကျန်းမာရေးအတွက် အဓိကထားပြီးလုပ်ဖို့ စီစဉ်ခဲ့ပေမယ့်လည်း အဲဒီတုန်းက လွယ်လွယ်ကူကူနဲ့ လုပ်ခွင့်မရခဲ့ပါဘူး။ ဒါနဲ့ ပထမဆုံး အခမဲ့ဆေးခန်းကို သန်လျင်မြို့နာရီစင်အနီး မဟာဝိသုတာရုံကျောင်းတိုက်မှာ စပြီးဖွင့်ခဲ့ပါတယ်။ အဓိကကတော့ ကလေးတွေ ကျန်းမာရေးစောင့်ရှောက်ဖို့အတွက်ပါ။ ဒါပေမယ့် နောက်ပိုင်း ဘဝမျိုးစုံကို တွေ့လာရတဲ့အခါမှာတော့ သူတို့ကို ပိုပြီးစောင့်ရှောက်နိုင်အောင်လို့ ၂၀၁၆ ခုနှစ်မှာ အစ်မနာမည်နဲ့ “ရွှေယမင်းဖောင်ဒေးရှင်း”ကို တည်ထောင်ပြီး မိဘမဲ့ ကလေးများဂေဟာ ဖွင့်လှစ်စောင့်ရှောက်ခဲ့ပါတယ်။

**ကူညီထောက်ပံ့မှုများ**

လက်ရှိအခြေအနေတွင် ရွှေယမင်းဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ တိုင်းရင်းသား မိဘမဲ့ကလေးငယ်များနှင့် လမ်းဘေးလေလွင့်ဘဝရောက် ကလေးငယ်များ စုစုပေါင်း ၁၀၀ ကျော်ကို စောင့်ရှောက်လျက်ရှိသည်။ ကလေးများ၏ ကျန်းမာရေးအတွက် ထိုင်းနိုင်ငံ ဗန်မွန်ဂရက် ဆေးရုံမှ ဒေါက်တာ ညို (ကလင်တန်ဖောင်ဒေးရှင်း) ၏ အကူအညီဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ ပညာရေးတွင် မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားနေသူများရှိရာ တက္ကသိုလ်ဝင်တန်းကလေးများအတွက် ဆရာများခေါ်ယူကာ အနီးကပ်သင်ကြားမှုများ ပြုလုပ်ပေးလျက်ရှိသည်။ ပညာရေးတွင် ထူးချွန်လျှင် ထူးချွန်သလို ပြည်ပနိုင်ငံများအထိ စေလွှတ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ကလေးများ၏ တစ်ဦးချင်းခံစားချက်များနှင့် ဆန္ဒများအပေါ် မူတည်၍ ကူညီထောက်ပံ့မှုများလည်း ပြုလုပ်ပေးနေကြောင်း၊ ကလေးများအတွက် တစ်လလျှင် ကုန်ကျစရိတ် ငွေကျပ် သိန်း ၈၀ ကုန်ကျလျက်ရှိကြောင်း သိရသည်။

အနာဂတ်အစီအစဉ်များအနေဖြင့် “ရွှေယမင်းမိဘမဲ့ဂေဟာ”ကို ထပ်မံဖွင့်လှစ်တည်ထောင်သွားရန် စီစဉ်လျက်ရှိသည်။ လာမည့် အောက်တိုဘာလတွင် Mobile Clinic ပုံစံဖြင့် နယ်လှည့်ဆေးကုသပေးနိုင်ရန်အတွက် ကနေဒါနိုင်ငံမှ လှူဒါန်းထားသော ဆေးကုသယာဉ်တစ်စီးကို လက်ခံထားပြီး ရောက်ရှိလာပါက အခမဲ့နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ရန်ရှိကြောင်း သိရသည်။

“ရွှေယမင်းဖောင်ဒေးရှင်း” ကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၁၀) ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် (၁၀၉/A) တွင် ဖွင့်လှစ်ထားပြီး ပရဟိတလုပ်ငန်းများအတွက် လှူဒါန်းလိုပါက ဖုန်း - ၀၁-၅၃၂၀၉၆၊ ၀၉-၄၂၀၁၂၅၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

# ခရီးသည်တွေ ပြောပြတဲ့လိုအပ်ချက်တွေကို ပြန်ပြောပြပြီး Live လွှင့်တဲ့ ဆုမြတ်နိုးဦး

ကိုလင်း



ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အပြောင်းအလဲတစ်ခုဖြစ်သော ရန်ကုန်ဘတ်စ်ကားစနစ်အတွက် YBS (20) ယာဉ်လိုင်းတွင် အသုံးပြုမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် Foton ဘတ်စ်ကား ကြော်ငြာရိုက်ကူးရင်း ဘတ်စ်ကားစီးပြည်သူများကို သရုပ်ဆောင် ဆုမြတ်နိုးဦးက အင်တာဗျူးလုပ်ကာ ဖေ့ဘုတ်လူမှုကွန်ရက်တွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

“ Foton ကားကြော်ငြာစတင်ရိုက်ကူးခဲ့တာက တရုတ်နိုင်ငံမှာရှိတဲ့ ကားထုတ်လုပ်ရေးစက်ရုံမှာပါ။ ကားထုတ်လုပ်မှုအဆင့် တစ်ဆင့်ချင်းစီကို လိုက်ကြည့်ခဲ့ပြီး ရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ ဘတ်စ်ကားထုတ်လုပ်ရေးစနစ်က တကယ်ကို လိုအပ်ချက်တွေ ပြည့်စုံအောင် စနစ်တကျထုတ်လုပ်တာ ဖြစ်ပါတယ်။ ကားထုတ်လုပ်သူတွေရဲ့ဆန္ဒကတော့ ကြော်ငြာခေါ်ရိုက်လို့ သူတို့ကိုအကောင်း ပြောရမယ်ဆိုတာမျိုး မလိုချင်ပါဘူးလို့ ပြောတယ်။ မြတ်နိုးတို့ကလည်း အဲ့ဒါကိုပိုပြီး သဘောကျတယ်။ ဒါနဲ့ ဒီပြန်ရောက်တော့ ကိုယ်တိုင် YBS (20) မှာ လိုက်စီးကြည့်တယ်။ မြတ်နိုးတင်မကပါဘူး ကြော်ငြာကိုရိုက်တဲ့ ကိုညဏတို့ မိသားစုနဲ့ ခဏခဏ လိုက်စီးကြည့်ပြီး ဘတ်စ်ကားစီးခရီးသည်တွေ ပြောပြတဲ့ လိုအပ်ချက်တွေကို ပြန်ပြောပြပြီး Live လွှင့်တာဖြစ်ပါတယ်။ ကြော်ငြာရိုက်ပေးရုံမဟုတ်ဘဲ ကိုယ်တိုင်လေ့လာတာဖြစ်ပါတယ်” ဟု ဆုမြတ်နိုးဦးက ရိုက်ကူးမှုအတွေ့အကြုံများကို ပြောပြသည်။

သရုပ်ဆောင် ဆုမြတ်နိုးဦးသည် ၂၀၁၁ ခုနှစ်က မိုးယံရွှေလမင်းနှင့်မြတ်ဆုကုဋေထီဆိုင်က ကမကထပြု ကျင်းပခဲ့သည့် Miss Moe Yan Myanmar 2011 တွင် Winner အဖြစ် ရွေးချယ်ခံရပြီး အနုပညာလောကသို့ ဝင်ရောက်လာခဲ့သူဖြစ်သည်။ လတ်တလော အနုပညာလှုပ်ရှားမှုများအနေဖြင့် အဆိုတော် မာရဇ္ဇ၏ MTV အတွက် ရိုက်ကူးထားပြီး mntv Channel တွင် ထုတ်လွှင့်ပြသနေသော “ဂျော်နီငပိနဲ့ တော်ကီချက်ကြီး”၊ MWD Channel တွင် ထုတ်လွှင့်ပြသနေသော “နေမဝင်နှလုံးသားများ” ဇာတ်လမ်းတွဲတို့တွင် ပါဝင်သရုပ်ဆောင်ထားသူ ဖြစ်သည်။

# ရခိုင်ပြည်နယ် ပရဟိတရန်ပုံငွေ အလှူခံထွက်ခဲ့သည့် စိန်လင်း

ကိုလင်း



“ပေါက်နေပြီ” တေးစီးရီးခွေနှင့် ပရိသတ် အချစ်တော်ဖြစ်ခဲ့သူ အဆိုတော် စိန်လင်း (Aroma) သည် သြဂုတ် ၁၀ ရက်မှစတင်ကာ အမေရိကန်နိုင်ငံရှိ မြို့ရှစ်မြို့သို့ ရခိုင်ပြည်နယ်ပရဟိတ ရန်ပုံငွေအတွက် ၂၉ ရက်ကြာ ဖျော်ဖြေရေးသွားရောက်နေရာ ၎င်းနှင့်အတူ အဆိုတော် ရတနာမိုင်လည်း ပါဝင်ကြောင်း သိရသည်။

“ကျွန်တော်တို့ ရန်ကုန်ကနေ သြဂုတ် ၁၀ ရက်က စတင်ထွက်ခွာပြီး စက်တင်ဘာ ၇ ရက်နေ့ မြန်မာပြည်ကို ပြန်လာမယ်၊ အမေရိကားခရီးစဉ်က ၂၉ ရက်ကြာမှာပေါ့နော်၊ ဒီခရီးစဉ်လေးကတော့ ရခိုင်ပြည်နယ်အတွက် ပရဟိတရန်ပုံငွေလှူဒါန်းဖို့ အမေရိကန်ရောက်မြန်မာနိုင်ငံသားတွေကျင်းပတဲ့ ပွဲတွေပါ၊ ဒီပွဲမှာပါတဲ့သူတွေကတော့ရခိုင်အဆိုတော်ကြီး ဦးသန်းမောင်၊ မိုင်၊ ရတနာမိုင်နဲ့ ကျွန်တော် (စိန်လင်း Aroma) တို့ ဖြစ်ပါတယ်။ ဖိတ်ကြားလို့သွားရောက် သီဆိုပေးရမယ့် မြို့တွေကတော့ အမေရိကန် မီချီဂန်၊ မေရီလန်း၊ ဖို့တ်ဝိန်း၊ ဘတ်ဖလို၊ နယူးယောက်၊ လော့စ်အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကို၊ ကင်တပ်ကီမြို့တွေမှာ သီဆိုပေးကြရမှာ ဖြစ်ပါတယ်။ ဖျော်ဖြေရေးခရီးစဉ်လေးမှာ သီချင်းသီဆိုဖျော်ဖြေရင်း၊ ရတနာမိုင်နဲ့ ကျွန်တော် သီဆိုထားတဲ့ ရေမြေခြားသီချင်း mtv ရယ်၊ နောက်ကျွန်တော့်ရဲ့ဒုတိယတစ်ကိုယ်တော်ခွေထဲက သီချင်းတချို့ကိုပါ mtv ရိုက်ကူးခဲ့မှာပါ။

ပြန်ရောက်တဲ့အခါ ရခိုင်ပြည်နယ်အတွက် ရရှိလာတဲ့လှူဒါန်းငွေတွေကို အနုပညာရှင်များ ကိုယ်တိုင်သွားရောက်လှူဒါန်းမှာပါ၊ အခု နှစ်မြို့ပဲဆိုရပါသေးတယ်။ နောက်တစ်ခုက “Aroma Fashion Show 2018” ပွဲကို အနုပညာရှင် ၂၀၀ ကျော်တို့နဲ့ စက်တင်ဘာလ ၁၀ ရက်မှာ ရန်ကုန် Gandamar Grand Ballroom မှာ ကျင်းပသွားမှာပါ၊ Wedding Package အတွက် အထူးပရိုမိုးရှင်းတွေလည်း ပါဝင်မယ်၊ Aroma Fashion Show 2018 ကို ထူးထူးခြားခြားလေးတွေနဲ့တင်ဆက်မှာပါ”ဟု ဆိုသည်။

# အွန်လိုင်းအသုံးပြုသူများအတွက် “စဉ်းစားဆင်ခြင်စာနာချစ်ခင်” အသိပညာပေးဗီဒီယိုဇာတ်လမ်းတွဲကြည့်ရှုနိုင်

သွန်းဝဿန်



“ကမ္ဘာပေါ်မှာရှိတဲ့ နေရာဒေသအားလုံးမှာ အင်တာနက်ဟာ အလွန်အရေးပါတဲ့ အရာတစ်ခု ဖြစ်လာနေပြီး မြန်မာနိုင်ငံက အသုံးပြုသူတွေ၊ အထူးသဖြင့် ကျေးလက်ဒေသတွေက အင်တာနက်သုံးစွဲသူတွေအနေနဲ့ အင်တာနက်ရဲ့အရေးပါမှုတွေ၊ အင်တာနက်ကို လုံခြုံစိတ်ချရအောင် ဘယ်လိုသုံးစွဲရမလဲဆိုတာနဲ့ အွန်လိုင်းကနေတစ်ဆင့် ရရှိနိုင်တဲ့ အခွင့်အလမ်းများစွာကို ပြည့်ပြည့်ဝဝ အသုံးချနိုင်စေဖို့ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာတွေကို သိရှိဖို့လိုအပ်ပါတယ်။ “ကလေးသူငယ်တွေနဲ့ လူငယ်တွေအပါအဝင် သုံးစွဲသူတွေကို အင်တာနက်အသုံးပြုခြင်းရဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေအကြောင်း နားလည်သဘောပေါက်လာအောင် “စဉ်းစားဆင်ခြင် စာနာချစ်ခင်” ဗီဒီယိုဇာတ်လမ်းတွဲတွေနဲ့ အသိပညာ ဖြန့်ဖြူးပေးနိုင်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်” ဟု တယ်လီနော‌မြန်မာ၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍ တာဝန်ခံ ဦးမင်းသူက ပြောကြားသည်။

တယ်လီနော‌မြန်မာက “စဉ်းစားဆင်ခြင် စာနာချစ်ခင်” ခေါင်းစဉ်ဖြင့် အသိပညာပေး ဗီဒီယိုဇာတ်လမ်းတွဲများအား ယခင်သီတင်းပတ်အတွင်း၌ စတင်မိတ်ဆက်ခဲ့ပြီး အဆိုပါ ဇာတ်လမ်းတွဲများကို လေ့လာကြည့်ရှုခြင်းဖြင့် အင်တာနက်ကို ဘေးကင်းလုံခြုံစိတ်ချစွာ အသုံးပြုတတ်စေရန်နှင့် အွန်လိုင်းမှတစ်ဆင့်ရရှိနိုင်သော အခွင့်အလမ်းများစွာအား ပြည့်ပြည့်ဝဝအသုံးချနိုင်စေရန် အသိပညာဗဟုသုတများ ရရှိကြမည်ဖြစ်သည်ဟု သိရသည်။

အဆိုပါ ပညာပေးဗီဒီယိုဇာတ်လမ်းတွဲတွင် အပိုင်းခြောက်ပိုင်း ပါဝင်မည်ဖြစ်ပြီး အပိုင်းသစ် တစ်ခုစီအား တယ်လီနော‌မြန်မာ၏ Facebook စာမျက်နှာနှင့် Youtube တွင် အပတ်စဉ် မိတ်ဆက်သွားမည် ဖြစ်သည်။ ဗီဒီယိုများအား ကဏ္ဍသုံးမျိုး ခွဲခြားထားပြီး ပထမကဏ္ဍမှာ အင်တာနက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ (ဇာတ်လမ်းတွဲအပိုင်း ၁)၊ ဒုတိယကဏ္ဍမှာ အွန်လိုင်းအား လုံခြုံစိတ်ချစွာ အသုံးပြုခြင်း၊ တာဝန်သိစွာ အင်တာနက်အသုံးပြုခြင်း (ဇာတ်လမ်းတွဲ အပိုင်း ၂၊ ၃၊ ၄ နှင့် ၅)၊ နှင့် တတိယ ကဏ္ဍမှာ သုံးစွဲသူများ ဘေးကင်းလုံခြုံစွာ အင်တာနက်အသုံးပြုတတ်စေရန် အသိပညာပေးမှုများ (ဇာတ်လမ်းတွဲ အပိုင်း ၆) တို့ဖြစ်သည်။

တယ်လီနော၏ “ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု” အသိပညာပေးလုပ်ငန်းများမှတစ်ဆင့် ကျေးလက်ဒေသများရှိ ကလေးသူငယ်များနှင့် လူငယ်များ အပါအဝင် မြန်မာနိုင်ငံရှိ လူဦးရေပေါင်း ၅၀၀၀၀ ခန့် (၂၀၁၆ ခုနှစ် အတွင်းတွင် ၂၄၀၀၀ ခန့်နှင့် ၂၀၁၇ ခုနှစ်အတွင်း လက်ရှိအချိန်ထိ ၂၆၀၀၀ ခန့်) အား အသိပညာပေးနိုင်ခဲ့ပြီး ဖြစ်သည်ဟု သိရသည်။

## နိုင်ငံတကာအနုပညာမှတ်စုသတင်းပဒေသာ

### တွမ်ခရုဒဏ်ရာရ၍ MI6 ရိုက်ကူးမှု ရပ်တန့်



Mission: Impossible 6 ဇာတ်ကားဟာ ဟောလိဝုဒ်မင်းသားချော တွမ်ခရုရဲ့အောင်မြင် တဲ့ရုပ်ရှင်ဖြစ်ပြီး ပရိသတ်အားပေးမှုများတာကြောင့် နောက်ဆက်တွဲ ဇာတ်ကားတွေ ထပ်မံရိုက်ကူးရတဲ့ ဇာတ်ကားပဲ ဖြစ်ပါတယ်။ တောက်လျှောက် ရိုက်ကူးလာရာ အခုဆိုရင် ခြောက်ကားမြောက် ရိုက်ကူးနေပြီပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း Mission: Impos-sible 6 ရိုက်ကွင်းမှာ အဓိကသရုပ်ဆောင် မင်းသားတွမ်ခရုဟာ စတန့်ဇာတ်ကွက်တစ်ခုမှာ သရုပ်ဆောင်ရင်း ခြေကျင်းဝတ်မှာ ဒဏ်ရာရရှိခဲ့တဲ့အတွက်ကြောင့် ရိုက်ကွင်းကို ခေတ္တရပ်နားထားရတယ်လို့ သိရပါတယ်။ ဒါပေမယ့်လည်း ပါရာမောင့် ရုပ်ရှင်ထုတ်လုပ်ရေးကတော့ Mission: Impossible 6 ဇာတ်ကားရုံတင်ပြမယ့်နေ့ကို ယခင်က သတ်မှတ်ထားတဲ့အတိုင်း နောက်နှစ် ဇူလိုင်လမှာ ရုံတင်ပြသမယ်လို့ပဲ ပြောပါတယ်။ တွမ်ခရုဟာ လွန်ခဲ့တဲ့ သီတင်းပတ်က လန်ဒန်မြို့မှာ အထပ်မြင့်အဆောက်အအုံနှစ်ခုအကြား ခုန်ကူးတဲ့ဇာတ်ကွက်ကို ရိုက်ကူးစဉ် ဒဏ်ရာရရှိခဲ့တာပဲ ဖြစ်ပါတယ်။ အခုအချိန်မှာ အသက် ၅၅ နှစ်ရှိလာပြီဖြစ်တဲ့ မင်းသားတွမ်ခရုဟာ ကိုယ်ပိုင်စတန့်တွေနဲ့ ကျော်ကြားသူလည်း ဖြစ်ပါတယ်။

ပါရာမောင့်ရုပ်ရှင်ထုတ်လုပ်ရေးက တွမ်ခရု ကျန်းမာရေးပြန်ကောင်းလာတဲ့အချိန်မှာ ရုပ်ရှင်ရိုက်ကူးမှုကို ပြန်လည်စတင်မှာဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၂၇ ရက်မှာ ရုံတင်ပြသနိုင်အောင် ကြိုးပမ်းသွားမယ်လို့ဆိုပါတယ်။ တွမ်ခရု ကိုယ်တိုင် ကလည်း ဒီရုပ်ရှင်ဇာတ်ကားကို နောက်နှစ်နွေရာသီမှာသာ ပြသဖို့ ဆန္ဒရှိပါတယ်။ တွမ်ခရုမှာ ဇနီးဖြစ်သူ ကေတီဟုမ်းနဲ့ရထားတဲ့ ဆူရီဆိုတဲ့ သမီးချောလေးလည်း ရှိပါတယ်။ လက်ရှိမှာတော့ တွမ်ခရုဟာ ကေတီဟုမ်းနဲ့ ကွာရှင်းထားပါတယ်။ **(ဘီဘီစီ)**

### ဘွန်းအဖြစ် ဒန်နီရယ်ခရေ့ဂ် ဆက်သရုပ်ဆောင်မည်



ဂျိမ်းစ်ဘွန်းဇာတ်ကားမှာ မင်းသား ဒန်နီရယ်ခရေ့ဂ်ဟာ ဂျိမ်းစ်ဘွန်းအဖြစ် ဆက်လက်ပါဝင်သရုပ်ဆောင်မှာပဲ ဖြစ်ပါတယ်။ အသစ်ရိုက်ကူးမယ့်ဂျိမ်းစ်ဘွန်း ဇာတ်ကားကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၈ ရက်မှာ ရုံတင်ပြသမှာဖြစ်ပြီး ဇာတ်ကားရဲ့နာမည်အတိအကျကိုတော့ အခုချိန်ထိ မသိရသေးပါဘူး။ မင်းသား ဒန်နီရယ်ခရေ့ဂ် ဂျိန်းစ်ဘွန်းအဖြစ် ဆက်လက်သရုပ်ဆောင်သွားဖို့နဲ့ပတ်သက်ပြီး သူ့ရဲ့ပရိသတ်တွေဟာ အတော်လေးရင်ခုန်စိတ်လှုပ်ရှားနေကြပါတယ်။ ဒါပေမယ့်လည်း ပရိသတ်အချို့ကတော့ အခုအချိန်မှာ ဂျိမ်းစ်ဘွန်းမင်းသားကို နောက်ထပ်တစ်ယောက် ပြောင်းသင့်ပြီလို့ ပြောကြပါတယ်။ ဒန်နီရယ်ခရေ့ဂ်ဟာ ဂျိမ်းစ်ဘွန်းအဖြစ် ဇာတ်ကားလေးကား ပါဝင်သရုပ်ဆောင်ပြီးပြီပဲ ဖြစ်ပါတယ်။ ဒီတော့ တချို့သော ပရိသတ်တွေဟာ ဂျိမ်းစ်ဘွန်းမင်းသားအဖြစ် နောက်ထပ်တစ်ယောက်ကို တွေ့မြင်လိုကြတာပါ။ မင်းသား ဒန်နီရယ်ခရေ့ဂ်ကတော့ ဒီဇာတ်ကားဟာ သူ့ရဲ့ ဂျိမ်းစ်ဘွန်းအဖြစ် နောက်ဆုံးသရုပ်ဆောင်တဲ့ ဇာတ်ကားဖြစ်လိမ့်မယ်လို့ ဆိုပါတယ်။ ဇာတ်ကား ငါးကားမြောက်မှာ စာချုပ်သက်တမ်းလည်း ပြည့်သွားပြီဖြစ်ပါတယ်။ သူဟာ ဂျိမ်းစ်ဘွန်းမင်းသားအဖြစ် သရုပ်ဆောင်လာတာဆိုရင် ၁၃ နှစ်ကျော်လာပြီပဲ ဖြစ်ပါတယ်။ ဝေဖန်မှုတွေ ဘယ်လိုပဲရှိရှိ ဒန်နီရယ်ရဲ့ပရိတ်သတ်တွေကတော့ သူတို့ရဲ့ဆန္ဒ ပြည့်ဝသွားလို့ ပျော်ရွှင်နေကြပါတယ်။ ဒန်နီရယ်ကိုယ်တိုင်ကတော့ သူဟာ ဇာတ်ကားသစ်မှာ ဂျိမ်းစ်ဘွန်းအဖြစ် ပါဝင်သရုပ်ဆောင်ဖို့ စိတ်အားထက်သန်တယ်လို့ ပြောခဲ့ပါတယ်။ ဂျိမ်းစ်ဘွန်းဇာတ်ကားတိုင်းဟာ အောင်မြင်ပြီး ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ အလွန်နှစ်ခြိုက်ကြတဲ့ ဇာတ်ကားပါ။ ၁၉၆၂ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ ဂျိမ်းစ်ဘွန်းဇာတ်ကားပေါင်း ၂၆ ကား ရိုက်ကူးပြီးဖြစ်ပါတယ်။ **(ဘီဘီစီ)**

## တန်းစီစနစ်ဖျက်သိမ်းပြီး ရုံရှင်၊ ကားရှင် ညှိနှိုင်းပြသသည့်စနစ်သို့ ပြောင်းလဲမည်

**ကိုလင်း**

လက်ရှိကျင့်သုံးနေသည့် တန်းစီစနစ်ကို ဖျက်သိမ်း၍ ရုံရှင်၊ ကားရှင် (ရုပ်ရှင်ရုံပိုင်ရှင်နှင့် ထုတ်လုပ်သူ)ချင်းညှိနှိုင်း၍ ပြသသည့်စနစ်သို့ ပြောင်းလဲမည်ဖြစ်ကြောင်း သိရသည်။

"A နဲ့ B က ရုံရှင်၊ ကားရှင် အကြိုက်၊ C ကတော့ A၊ B မှာ မဝင်နိုင်တဲ့ကားတွေ၊ တန်းစီစနစ်ကတော့ မရှိတော့ဘူး၊ ကျွန်တော်တို့အနေနဲ့ ဒီစနစ်ကို မကြာမီ အကောင်အထည်ဖော်တော့မှာပါ၊ ဘာလို့လဲဆို တကယ်ဇာတ်ကားကောင်းတွေ ထွက်ပေါ်လာစေချင်တာကြောင့်ရယ်၊ ရုပ်ရှင်နဲ့ပတ်သက်ပြီး ပိုမိုတိုးတက်လာစေချင်တဲ့ စိတ်ကြောင့်ပါ၊ လက်ရှိဇာတ်ကား (၅) ကျန်ပါသေးတယ် အဲ့ကားတွေ ပြသပြီးတာနဲ့ ဒီစနစ်ကို အကောင်အထည်ဖော်မှာပါ၊ ကျွန်တော်တို့ လက်ရှိမှာ ရုပ်ရှင်ပိတ်ကားပေါင်း (၉၇) ခုရှိတယ်၊ ဇာတ်ကားတွေက ဒီဩဂုတ်လထဲမှာကို (၁၅၈)ကားရှိတယ် လုံးဝအဆင်မပြေကြဘူး၊ ဇာတ်ကားအရေအတွက်နဲ့ ပိတ်ကားအရေအတွက်ကမမျှတာဘူး၊ ဒါ့ကြောင့်ဒီစနစ်ကို ပြောင်းလိုက်တာပါ၊ တစ်ချက်စိုးရိမ်တာကတော့ မြို့တစ်မြို့မှာ ရုံများများရှိတဲ့ မြို့တွေကတော့ ပြဿနာသိပ်မရှိနိုင်ဘူး။ တစ်မြို့မှာ တစ်ရုံပဲရှိတဲ့ မြို့ဆိုရင်တော့ ကားကောင်းတွေကို အပတ်စဉ် တင်ပေးနေရင် ကြည့်တဲ့သူတွေ ကြည့်နိုင်ပါ့မလားဆိုတာလည်း စဉ်းစားစရာပါ"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ လူမင်းက ပြောသည် ။

အဆိုပါ စနစ်ကြောင့် ကြည့်ရှုသူ ပရိသတ်များအနေနှင့် ဇာတ်ကားကောင်းများကို ရွေးချယ်ကာ စိတ်ကြိုက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့ရုပ်ရှင်လောကတွင် နာမည်ကြီးမင်းသားသည် လက်ငါးချောင်းပင်မပြည့်သောကြောင့် ပရိသတ်များ ငြီးငွေ့သွားနိုင်မလားဆိုသည့်အချက်ကို စဉ်းစားသင့်ကြောင်း ရုပ်ရှင်အဖွဲ့သားများက သုံးသပ်ပြောဆိုနေမှုများလည်းရှိနေကြောင်း သိရှိရသည်။

## ကဆုန့်ဒေသ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်



**မိုးကောင်း ဩဂုတ် ၁၈**

ကချင်ပြည်နယ် နမ္မတီးမြို့တွင် ယာယီဖွင့်လှစ်ထားသော ကဆုန့်ဒေသတိုက်ပွဲရှောင်စခန်းများ ရောက်ရှိနေသော ပြည်သူများအား ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ရေးပစ္စည်းများ ဩဂုတ် ၁၆ ရက်က သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ရှေ့နေချုပ်တို့နှင့်အတူ ယာယီတိုက်ပွဲရှောင်စခန်းများသို့သွားရောက်၍ ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော ဆန်အိတ် ၁၀၀ ၊ ဆီငါးပုံး၊ ကုလားပဲနှစ်အိတ်၊ ကျောင်းဝတ်စုံ အထည် ၆၀၊ အနွေးထည် ၂၄၂ ထည်၊ ဗလာစာအုပ် ဒါဇင် ၆၀၊ ခဲတံဒါဇင် ၅၀၊ ဆေးသေတ္တာနှစ်ဖာနှင့် ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကာ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(ကချင်ပြည်နယ်)က ဆန်အိတ် ၁၀၀ ၊ ဆီပုံး ၁၀၀ ၊ ခေါက်ဆွဲ ဖာ ၃၀ ၊ ဖိနပ်အရံ ၄၀၊ စက္ကူလိပ် အထုပ် ၂၀ တို့ကိုလည်းကောင်း၊ ပြည်နယ်ကြက်ခြေနီအဖွဲ့က လည်း မီးဖိုချောင်သုံးပစ္စည်းပုံး ၃၀၊ သောက်ရေထည့်ဘူး ၃၀၊ အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းဘူး ၃၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ အမှာစကားကို အမှတ်(၃)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးကျော်ခိုင်ထွန်းက ပြောကြားရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အမိန့်အရ ကဆုန့်ကျေးရွာဒေသတစ်ဝိုက်တွင် မိမိတို့တပ်မတော်စစ်ကြောင်းများအားလုံး ဆုတ်ခွာခဲ့ပြီဖြစ်ကြောင်း၊ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို အဆိုပါဒေသတွင် ဆက်လက်လုပ်ကိုင်ခြင်းမရှိတော့သဖြင့် ကဆုန့်ကျေးရွာမှပြည်သူအားလုံး မိမိတို့နေရပ်ကိုပြန်၍ လယ်ယာလုပ်ငန်းနှင့် လုပ်လက်စ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း တိုင်းမှူးကိုယ်စား ကတိပေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းနှစ်ခုသို့ သွားရောက်ကာ တိုက်ပွဲရှောင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့သည်။ အဆိုပါ ယာယီတိုက်ပွဲရှောင်စခန်းနှစ်ခုတွင် တိုက်ပွဲရှောင် ဒေသခံပြည်သူဦးရေ ၁၀၇၄ ဦး ရောက်ရှိနေကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## ဆိုင်ကယ်စီးသည့်အမျိုးသမီးထံမှ ပိုက်ဆံအိတ်လုသူနှစ်ဦးအား ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်များချမှတ်

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်း ဆိုင်ကယ်စီးလာသည့် အမျိုးသမီးတစ်ဦး၏ ပိုက်ဆံအိတ်ကို နောက်မှ ဆိုင်ကယ်ဖြင့် လိုက်လံလုယက်သူနှစ်ဦးအား ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်မှုအဖြစ် အောင်မြေသာစံမြို့နယ် တရားရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခုနစ်နှစ်စီ ပြစ်ဒဏ်ကို ဩဂုတ် ၁၄ ရက်က ချမှတ်ခဲ့ကြောင်း သိရသည်။

မေလအတွင်းက သီရိမာလာအရှေ့ရပ်ကွက်နေ အမျိုးသမီးတစ်ဦးသည် နံနက် ၁၀ နာရီခွဲခန့်တွင် (၈၉)လမ်းအတိုင်း ဆိုင်ကယ်ကို မောင်းနှင်လာစဉ် နောက်မှ အမည်မသိ အမျိုးသားနှစ်ဦးက ဆိုင်ကယ်ဖြင့် လိုက်လာပြီး အမျိုးသမီးထံမှ ပိုက်ဆံအိတ်ကို လုယက်ထွက်ပြေးသွားရာ ပိုက်ဆံအိတ်အတွင်း ကျပ် ၁၀၀၀ တန် ၇၀ ရွက်၊ တစ်သောင်းတန် သုံးရွက်၊ မှတ်ပုံတင်ကတ်တစ်ခု၊ ဝိန်နိဝန်ဆောင်မှုကတ်တစ်ခုတို့ ပါသွားသဖြင့် အောင်မြေသာစံမြို့မရဲစခန်းသို့ တိုင်ကြားခဲ့သည်။

အောင်မြေသာစံမြို့မရဲစခန်းမှ ဆိုင်ကယ်ဖြင့် ပိုက်ဆံအိတ်လုယူသွားသူ ဝင်းကိုနိုင်နှင့် ဇင်မျိုးလင်း(ခ) ဖိုးကောက်(ခ)ဖိုးတေတို့အား ဖော်ထုတ်ဖမ်းဆီးနိုင်သဖြင့် ဇွန် ၈ ရက်တွင် ရာဇသတ်ကြီးဥပဒေပုဒ်မ(၃၈၂)အရ အောင်မြေသာစံမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ အောင်မြေသာစံမြို့နယ်တရားရုံးက လက်ခံစစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်ကာ ကျူးလွန်သူနှစ်ဦးလုံးက အပြစ်ရှိကြောင်း ဝန်ခံကြသဖြင့် ဝင်းကိုနိုင်နှင့် ဇင်မျိုးလင်း(ခ)ဖိုးကောက်(ခ)ဖိုးတေတို့နှစ်ဦးအား ရာဇသတ်ကြီးဥပဒေပုဒ်မ(၃၈၂)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခုနစ်နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ လူထုတွေ့ဆုံပွဲကျင်းပ

**မိုင်းကိုင် ဩဂုတ် ၁၈**

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S) (ရှမ်း)၏ လူထုတွေ့ဆုံပွဲကို ဩဂုတ် ၁၆ ရက်က ရှမ်းပြည်နယ် မိုင်းကိုင်မြို့နယ် ဝမ်ဖွီးကျေးရွာအုပ်စု မဟာသုခမင်္ဂလာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

လူထုတွေ့ဆုံပွဲတွင် JMC-S(ရှမ်း)ဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်တို့က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ပတ်သက်၍ နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး JMC-S(ရှမ်း)အဖွဲ့ဝင် ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က JMC ၏ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရဲမှူးချုပ် အောင်အောင်က ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ပါ အချက်များနှင့် တိုင်ကြားမှုဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း ချပြဆွေးနွေးသည်။

ထို့နောက် JMC-S(ရှမ်း) မှ တာဝန်ရှိသူများက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ နှစ်ဖက်တပ်များ လေးစားလိုက်နာရမည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် အရပ်သားပြည်သူတို့၏ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို ချပြဆွေးနွေးပြီး ဆွေးနွေးပွဲတက်ရောက်လာကြသည့် မိုင်းကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုများမှ ပြည်သူများက သိရှိလိုသည့် အချက်အလက်များ၊ တိုင်ကြားမှုဆိုင်ရာအချက်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကာ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာလုပ်ငန်းစဉ်များ အောင်မြင်ရေးပူးပေါင်းဆောင်ရွက်သွားကြရန်လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **နန်းလှိုင်လှိုင်ဦး (ပြန်/ဆက်)**

## လိင်အကြမ်းဖက်မှုနှင့်ပတ်သက်၍ မည်သည့်ပြစ်ဒဏ်ပေးလျှင်သင့်တော်မည်ကို အရပ်ဘက်အဖွဲ့အစည်းများနှင့် အများပြည်သူများအကြားလွန်ဆွဲနေ

**မုံရွာ ဩဂုတ် ၁၈**

လိင်အကြမ်းဖက်မှုနှင့်ပတ်သက်၍ ပြစ်ဒဏ်ပေးရာတွင် သေဒဏ်ပေးသင့်ကြောင်းနှင့် နှစ်ရှည်ပြစ်ဒဏ်ပေးသင့်ကြောင်းများကို အရပ်ဘက်အဖွဲ့အစည်းများအတွင်း သဘောထားမတူညီမှုများရှိနေရာ အများပြည်သူများ၏ အသံကိုနားထောင်၍ ဖြစ်သင့်သည်ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုအဆင့်သို့ တွန်းအားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကလေးမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်ထံမှ သိရသည်။

အမျိုးသမီးများနှင့်သက်ငယ်များတွင် ဖြစ်နေသည့် မုဒိမ်းမှုများသည် ယခုမှ ထူးထူးခြားခြားဖြစ်လာခြင်း မဟုတ်ဘဲ ယခင်ကာလအတော်ကြာကတည်းက ဖြစ်နေသော်လည်း ယခုအချိန်ကဲ့သို့ ဆိုရှယ်မီဒီယာများ မပြန့်သေးသောကြောင့် ထင်ပေါ်လာခြင်းမရှိသေးသည်သာဖြစ်ကြောင်း ကလေးမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်က ပြောပြသည်။ သက်ငယ်မုဒိမ်းမှု၊ လိင်အကြမ်းဖက်မှုအတွက် ဥပဒေအနေဖြင့်ရှိသော်လည်း ခေတ်ကာလနှင့် ကိုက်ညီမှုမရှိတော့သည်ကိုတွေ့ရသလို ခေတ်ကာလကလည်း အလွန်ပွင့်လင်းလာနေပြီဖြစ်သည့်အတွက် ဥပဒေကို ပြင်ဆင်သင့်ပြီး သက်ငယ်မုဒိမ်းမှု ဆိုရာတွင် သက်ငယ်အမျိုးသမီးများတင်မကဘဲ သက်ငယ်အမျိုးသားကလေးငယ်များ၏ ဘေးအန္တရာယ်ကိုပါ မည်သို့ ထိန်းသိမ်းမည်ကို ထည့်သွင်းဆောင်ရွက်ကာကွယ်ရမည်ဖြစ်ကြောင်း ဒေါ်သန့်ဝေကျော်က အကြံပြုထားသည်။

အများပြည်သူက စိတ်ဝင်စားပြီး အထူးကြပ်မတ်ကာကွယ်မှုကို မည်သို့ဆောင်ရွက်ရမည်ကို နည်းလမ်းအမျိုးမျိုးရှာနေချိန်တွင် လက်ရှိအစိုးရအနေဖြင့် အာရုံစိုက်ကာ အထူးဂရုစိုက်ဆောင်ရွက်ပေးမှသာလျှင် ပြည်သူတင်ထားသော အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒကို လေးစားလိုက်နာဆောင်ရွက်ပေးသည့် ပြည်သူ့အစိုးရပီသမည်ဖြစ်ကြောင်း ဒေါ်သန့်ဝေကျော်က တွန်းအားပေးပြောကြားသည်။ ယခင်က ကလေးသူငယ်အမျိုးသမီးများ လိင်အကြမ်းဖက်ခံရလျှင် အသိမခံချင်၊ ရှောင်ကွင်းချင်သည်များရှိခဲ့ရာမှ လက်ရှိအချိန်တွင်ထိုအရေးကိစ္စကျူးလွန်သူကို မည်သို့ဖော်ထုတ်ပြီး မည်သို့သော ကြီးလေးသည့်ပြစ်ဒဏ်ကိုပေးရမည်ကို လူမှုအဖွဲ့အစည်းအချင်းချင်းချိတ်ဆက်ကာပွင့်ပွင့်လင်းလင်းဆောင်ရွက်လာခြင်းသည် အဆိုပါအမှုကိစ္စလျော့နည်းလာစေရေး၏ လမ်းစပင်ဖြစ်ကြောင်း ဒေါ်သန့်ဝေကျော်က ထပ်လောင်းပြောကြားသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်
## ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အမြဲတမ်းဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ပါရဂူဘွဲ့(ခန္ဓာဗေဒ) | ၃ နှစ် |
| (၂) | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ) | ။ |
| (၃) | ပါရဂူဘွဲ့(ဇီဝဓာတုဗေဒ) | ။ |
| (၄) | ပါရဂူဘွဲ့(အဏုဇီဝဗေဒ) | ။ |
| (၅) | ပါရဂူဘွဲ့(ဆေးဝါးဗေဒ) | ။ |
| (၆) | ပါရဂူဘွဲ့(ရောဂါဗေဒ) | ။ |
| (၇) | ပါရဂူဘွဲ့(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) | ။ |

**ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ) | ၃နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေခွဲစိတ်ကုပညာ) | ။ |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ) | ။ |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ) | ။ |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(အရိုးရောဂါပညာ) | ။ |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးရောဂါပညာ) | ။ |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) | ။ |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အဆုတ်နှင့်အသက်ရှူလမ်းကြောင်း ဆိုင်ရာဆေးပညာ) | ။ |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ) | ။ |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောဆေးပညာ) | ၃နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | ။ |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ) | ။ |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါ ခွဲစိတ်ကုပညာ) | ။ |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) | ။ |
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းရောဂါပညာ) | ။ |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) | ။ |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးခွဲစိတ်ကုပညာ) | ။ |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မွေးကင်းစကလေးဆေးပညာ) | ။ |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) | ။ |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ) | ။ |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(မျိုးပွားမှုဆိုင်ရာဆေးပညာ) | ။ |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ) | ။ |
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဓာတ်မှန်ပညာ) | ။ |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(မျက်စိရောဂါပညာ) | ။ |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ) | ။ |
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဥပဒေရေးရာဆေးပညာ) | ။ |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုး၊ အကြောအဆစ်ဆေးပညာ) | ။ |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | ။ |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) | ။ |
| (၃၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) | ။ |
| (၃၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ) | ။ |
| (၃၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုပညာ) | ။ |
| (၃၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) | ။ |
| (၃၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(စိတ်ကျန်းမာပညာ) | ။ |
| (၃၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) | ။ |

**လိုအပ်သောအရည်အချင်း**

၂။ (က) ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ သင်တန်းများအတွက် သက်ဆိုင်ရာ ဘာသာရပ်တွင် ဆေးပညာမဟာသိပ္ပံဘွဲ့(သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့ (ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ်များတွင် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံးခွင့်ရက်မပါ လုပ်သက်တစ်နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(**မှတ်ချက်** ။ ပါရဂူဘွဲ့ (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ)ဘွဲ့လွန်သင်တန်းများအတွက် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။)

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူ ဖြစ်ရမည်။

(င) ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၉-၂၀၁၇ ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၆-၁၀-၂၀၁၇ ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး-၁၀၀၀ဝ/-(ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်** ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှ တစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၊ ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် website-http://www.um1ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်
## ဆေးပညာဒီပလိုမာနှင့်ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အမြဲတမ်းဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

**ဆေးပညာဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | တီဘီနှင့်ရင်ခေါင်းရောဂါကုပညာဒီပလိုမာ | ၁ နှစ် |
| (ခ) | ကာလသားရောဂါပညာဒီပလိုမာ | ။ |
| (ဂ) | ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာ | ။ |
| (ဃ) | သွေးသွင်းကုသခြင်းဆိုင်ရာဆေးပညာဒီပလိုမာ | ။ |

**ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ) | ၂ နှစ် |
| (ခ) | ဆေးပညာမဟာသိပ္ပံ(ဇီဝကမ္မဗေဒ) | ။ |
| (ဂ) | ဆေးပညာမဟာသိပ္ပံ(ဇီဝဓာတုဗေဒ) | ။ |
| (ဃ) | ဆေးပညာမဟာသိပ္ပံ(အဏုဇီဝဗေဒ) | ။ |
| (င) | ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ) | ။ |
| (စ) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) | ။ |
| (ဆ) | ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) | ။ |
| (ဇ) | ဆေးပညာမဟာသိပ္ပံ(ဥပဒေရေးရာဆေးပညာ) | ၃နှစ် |
| (ဈ) | ဆေးပညာမဟာသိပ္ပံ(ကင်ဆာရောဂါဆေးပညာ) | ။ |
| (ည) | ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ) | ။ |
| (ဋ) | ဆေးပညာမဟာသိပ္ပံ(အဏုမြူရောင်ခြည်ဆေးပညာ) | ။ |
| (ဌ) | ဆေးပညာမဟာသိပ္ပံ(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ) | ။ |
| (ဍ) | ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ) | ။ |
| (ဎ) | ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | ။ |
| (ဏ) | ဆေးပညာမဟာသိပ္ပံ(အရေပြားရောဂါပညာ) | ။ |
| (တ) | ဆေးပညာမဟာသိပ္ပံ(မျက်စိရောဂါပညာ) | ။ |
| (ထ) | ဆေးပညာမဟာသိပ္ပံ(ဓာတ်မှန်ပညာ) | ။ |
| (ဒ) | ဆေးပညာမဟာသိပ္ပံ(စိတ်ကျန်းမာပညာ) | ။ |
| (ဓ) | ဆေးပညာမဟာသိပ္ပံ(အရေးပေါ်ကုသမှုဆေးပညာ) | ။ |
| (န) | ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) | ။ |
| (ပ) | ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) | ။ |
| (ဖ) | ဆေးပညာမဟာသိပ္ပံ(သားဖွားနှင့်မီးယပ်ပညာ) | ။ |
| (ဗ) | ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ) | ။ |
| (ဘ) | ဆေးပညာမဟာသိပ္ပံ(ရင်ခေါင်းခွဲစိတ်ကုပညာ) | |
| (မ) | ဆေးပညာမဟာသိပ္ပံ(ကလေးခွဲစိတ်ကုပညာ) | ။ |
| (ယ) | ဆေးပညာမဟာသိပ္ပံ(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) | ။ |
| (ရ) | ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | ။ |
| (လ) | ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါ ခွဲစိတ်ကုပညာ) | ။ |
| (ဝ) | ဆေးပညာမဟာသိပ္ပံ(အရိုးရောဂါပညာ) | ၄ နှစ် |
| (သ) | ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) | ။ |

**လိုအပ်သောအရည်အချင်း**

၂။ (က) အနိမ့်ဆုံးအမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်၊

(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်၊

(**မှတ်ချက်** ။ (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာနှင့် ဥပဒေရေးရာ ဆေးပညာဘာသာရပ်) ဘွဲ့လွန်သင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်၊)

(ဂ) **ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာသင်တန်း**အတွက် ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ)ဘွဲ့ရရှိထားသူဖြစ်ရမည်၊

(ဃ) **သွေးသွင်းကုသခြင်းဆိုင်ရာ ဆေးပညာဒီပလိုမာသင်တန်း** အတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)ဘွဲ့ရရှိထားသူ ဖြစ်ရမည်၊

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၉-၂၀၁၇ ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်သို့ပေးပို့ လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၇-၁၀-၂၀၁၇ ရက် (သောကြာနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်း ဝင်ခွင့် စာမေးပွဲကြေး - ၁၀၀၀ဝ/- (ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်** ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၊ ငွေစာရင်းအမှတ် MD-၀၁၀၀၃၅သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် website-http://www.um1ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ပြင်ပဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ Dip.Med.Sc(Family Medicine) | ၁နှစ် |
| (ခ) | အခြေခံအရေးပေါ်ကုသမှုဆေးပညာဒီပလိုမာ | ၁နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) အမ်ဘီဘီအက်စ်ဘွဲ့ရရှိပြီးသူ(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ခ) လက်ရှိတရားဝင်ဆရာဝန် မှတ်ပုံတင်(ဆမ) သက်တမ်း(၂)နှစ်ပြည့်ပြီး (ဆမ)သက်တမ်းတိုးကိုင်ဆောင်ထားသူဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသောသင်တန်းကြေးများပေးသွင်းရမည်။

(ဃ) အခြေခံအရေးပေါ်ကုသမှုဆေးပညာ ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူဖြစ်ရမည်။

(င) အခြေခံအရေးပေါ်ကုသမှုဆေးပညာဒီပလိုမာသင်တန်းအတွက် သင်တန်းတက်ရောက်ခွင့်ရရှိပါက ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်မှ သတ်မှတ်ပေးသော အောက်ပါဆေးရုံကြီးများတွင် တက်ရောက်နိုင်သူဖြစ်ရမည်။

(က) ရန်ကုန်ပြည်သူ့ဆေးရုံကြီး။
(ခ) မြောက်ဥက္ကလာပသင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး။
(ဂ) ခုတင်-၁၀၀၀ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်။
(ဃ) မန္တလေးပြည်သူ့ဆေးရုံကြီး။

**(မိမိနှစ်သက်ရာ ဦးစားပေးအစီအစဉ်ဖြင့် ဆန္ဒပြုရွေးချယ်နိုင်ပါသည်။)**

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၉-၂၀၁၇ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သို့လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၇-၁၀-၂၀၁၇ရက် (သောကြာနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ၁၀၀၀ဝ/-(ကျပ်တစ်သောင်း) တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅သို့ပေးသွင်းရမည်။

(မှတ်ချက် ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် website-http://www.um1ygn.edu.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

### ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ ပွင့်ဖြူအထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝင်းမျိုးသက်၏ ဖခင်အမည်မှန်မှာ ဦးမြအေး ၈/ပဖန(နိုင်)၀၃၉၉၂၄ ဖြစ်ပါကြောင်း။ **ဦးမြအေး**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ အမှတ် ၂၅ မူလွန်ဆင့်မတန်းမှ မဖြိုးဖြိုးသွယ်၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဝင်း ၉/လဝန(နိုင်)၁၁၀၀၉၅ ဖြစ်ပါကြောင်း။ **ဦးဗိုလ်ဝင်း**

### အမည်ဖြည့်စွက်ခေါ်ပါရန်

မိုင်းယောင်းမြို့၊ ရပ်ကွက်(၇)မှ ဦးမြင့်စိုး၏သမီး အီရှဲန်အွန် ၁၃/မယတ(နိုင်)၀၀၈၃၈၂ အား အီရှဲန်အွန်(ခ)မချိုချိုဦးဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **အီရှဲန်အွန်(ခ)မချိုချိုဦး**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၇၇၀၇ Honda Dream ND 125 M ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလှ(ခ)မောင်ရွှေအောင် ၁၃/တယန(နိုင်)၀၁၃၃၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4C/7220 Toyota Hilux Vigo ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ခန် ၁၃/တခလ(နိုင်)၀၆၄၂၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

### ဖခင်အမည်မှန်

တနိုင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မနူးနူးရွှယ်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်းအောင် ဖြစ်ပါသည်။

### ဖခင်အမည်မှန်

တနိုင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(E)မှ မနိုင်းမီမီသွင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးသိုက် ဖြစ်ပါသည်။

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

## ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်မည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက်ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

